# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သောသူ၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော်နေ့ ၂၀၂၁ ခုနှစ်၊ ဇွန် ၂၄ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၀)၊ အမှတ် (၂၆၄)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် "ကမ္ဘာ့နိုင်ငံရေးအခြေအနေတွင် အာရှ- ပစိဖိတ်ဒေသအရေးအား ဆွေးနွေးခြင်း (The Asia–Pacific Region in the Context of Global Politics)" ခေါင်းစဉ်ဖြင့် ဆွေးနွေးစဉ်။

## (၉) ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးဆိုင်ရာညီလာခံ (MCIS-2021) ဖွင့်ပွဲအခမ်းအနားကျင်းပ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်

**နေပြည်တော် ဇွန် ၂၃**

(၉) ကြိမ်မြောက် နိုင်ငံတကာ လုံခြုံရေးဆိုင်ရာ ညီလာခံ (Moscow Conference on International Security–2021(MCIS–2021)) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့ရှိ RADISSON Hotel ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပါဝင်တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီး Army General Sergey Kuzhugetovich Shoigu၊ စစ်ဘက်၊ အရပ်ဘက်မှ အကြီးအကဲများ၊ နိုင်ငံပေါင်း ၆၇ နိုင်ငံမှ အကြီးအကဲများ၊ ကာကွယ်ရေးဝန်ကြီးများ၊ ဒုတိယကာကွယ်ရေးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ညီလာခံသို့ တက်ရောက်လာကြသူများက Rosoboronexport


*စာမျက်နှာ ၃ ကော်လံ ၁* ☀





မြန်မာ့အလင်း



# ငြိမ်းချမ်းခြင်းတို့ ပြည့်စုံသည့်အခါသမယ

နယုန်လပြည့်နေ့ကို မဟာသမယအခါတော်နေ့အဖြစ် ဗုဒ္ဓဘာသာဝင်တို့က အလေးအမြတ်ထားကြသည်။ ငါးရာသော ရဟန္တာမထေရ်မြတ်တို့နှင့်တကွ မြတ်စွာဘုရားကို ဖူးမြော်ကန်တော့ရန် လာရောက်ကြသော နတ်အပေါင်းတို့၏ အစည်းအဝေး၌ ထိုသို့လာရောက်သော နတ်ဗြဟ္မာအပေါင်းတို့၏ အမည်ကို ဖော်ပြရာဖြစ်သော မဟာသမယသုတ္တန်တရားတော်ကို မြတ်စွာဘုရားသည် သက္ကတိုင်းကပ္ပိလဝတ်ပြည်အနီး မဟာဝုန်တောအရပ်၌ ဟောကြားတော်မူခဲ့သည်။ မဟာသမယဟူသည် ကြီးကျယ်မြင့်မြတ်သည့် အချိန်အခါဟု အနက်အဓိပ္ပာယ်ရသည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်နှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူပြီးကုန်သော ရဟန္တာငါးရာတို့၏ ထူးခြားကြည်ညိုဖွယ်ရာ သံဃာအစည်းအဝေးကို ဖူးမြင်ရန် လာရောက်ကြကုန်သော နတ်၊ ဗြဟ္မာများ၊ အသူရာ၊ ဂဠုန်၊ နဂါးတို့ မဟာဝုန်တောသို့ စုရုံးရောက်ရှိနေခဲ့သည့် ထိုအချိန်အခါသည် မဟာသမယပင်ဖြစ်သည်။

ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမဖြင့် ဣန္ဒြေရလျက်ငြိမ်သက်တည်ကြည်ကာ လွန်စွာကြည်ညိုဖွယ်ဆောင်သည့် ရဟန်းငါးရာတို့သည် ဒေဝဒဟနှင့် ကောလိယ နှစ်ပြည်ထောင်မှ မင်းပျိုမင်းလွင်လူငယ် လူရွယ်များ ဖြစ်ကြသည်။ သူတို့သည် နှစ်ပြည်ထောင်ကြားတွင် ဖြတ်သန်းစီးဆင်းနေသည့် ရောဟိဏီမြစ်ရေ ခွဲဝေသုံးစွဲရေးနှင့်စပ်လျဉ်း၍ အငြင်းအခုံမှစကာ လက်နက်စွဲကိုင် တိုက်ခိုက်ရန် ပြင်ဆင်ကာ နှစ်ဖက်တပ်များ မျက်နှာချင်းဆိုင်ထားသည့် အခြေအနေအထိ ရောက်ခဲ့ကြသည်။ စိုက်ရေးပျိုးရေးအတွက် မရှိမဖြစ်သည့် မြစ်ရေကို အသက်တမျှထင်ကာ စစ်ခင်းရန် ပြင်ဆင်နေကြသည့် နှစ်ဖက်တပ်များအကြား မြတ်စွာဘုရားရှင် ကြွရောက်လာကာ “အဖိုးမတန်သည့် ရေအတွက်နှင့် အဖိုးတန်သည့် လူတို့၏ အသက်များကို အဆုံးရှုံးခံတော့မည်လော”ဟု မေးမြန်းရာမှ အသိတရားဝင်လာကြသည်။ ဘုရားရှင်က “တစ်ဦးနှင့်တစ်ဦး ရန်ငြိုးဖွဲ့၍ နှစ်ဦးလုံး ပျက်စီးရပုံ” ၊ “ကောလာဟလစကားကို မဆင်မခြင်ယုံမှား၍ ဆင်းရဲဒုက္ခရောက်ကြရပုံ”၊ “ရန်သူကို အထင်မသေးသင့်ပုံ”၊ “ စိတ်ဝမ်းကွဲ၍ မညီမညွတ်သောကြောင့် အားလုံးပျက်စီးရပုံ”၊ “စုစည်းညီညွတ်ခြင်းဖြင့် ပျက်စီးခြင်းဘေးမှ ကင်းဝေးပုံ” ၊ “မိမိကိုယ်ကို ထိန်းသိမ်းဆုံးမသင့်ပုံ” ဇာတ်တော်များကို ငြိမ်းချမ်းရေးအတွက် ရှေးရှုကာ ဟောကြားတော်မူသည့်အခါ လက်နက်တို့ကိုစွန့်၍ နှစ်ဖက်ကျေအေး သွားခဲ့ကြသည်။ နှစ်နိုင်ငံပျက်စီးမည့်ဘေးမှ ကင်းဝေးကာ ငြိမ်းချမ်းရေးကို ရရှိကြသည်။ တစ်ဖက်လျှင် ၂၅၀ စီဖြင့် နှစ်ပြည်ထောင်မှ မင်းသား ငါးရာတို့ ဗုဒ္ဓဘုရားရှင်၏ သာသနာတော်သို့ ဝင်ရောက်ကာ ရဟန်းပြုခဲ့ကြသည်။

နယုန်လပြည့်နေ့သည်-(၁) ရေလုပွဲဆင်နွှဲသည့် နှစ်ပြည်ထောင်တို့ ငြင်းခုံခိုက်ရန် ဘေးကင်းဝေးခဲ့ရခြင်း။ (၂) နှစ်ပြည်ထောင်စစ်ခင်းမည့် အန္တရာယ်မှ ရှောင်လွှဲနိုင်ပြီး ငြိမ်းချမ်းရေးရရှိခဲ့ခြင်း။ (၃) ရဟန်းငါးရာလုံး အရဟတ္တဖိုလ်ဆိုက်ကာ ရဟန္တာဖြစ်တော်မူခြင်း။ (၄) နတ်ဗြဟ္မာ၊ အသူရာ၊ ဂဠုန်၊ နဂါးနှင့် ရဟန်းတော်များ ဤတစ်ကြိမ်သာလျှင် စုရုံးမိခြင်း။ (၅) မဟာသမယကို အကြောင်းပြု၍ ရန်ဘက်ဖြစ်သော ဂဠုန်နှင့် နဂါးတို့ မေတ္တာသက်ဝင်သောနေ့ဖြစ်ခြင်း။ (၆) မဟာသမယသုတ္တန် ခုနစ်မျိုးကို ဗုဒ္ဓဘုရားရှင်က ဟောတော်မူခြင်းဟူသည့် ထူးခြားမှုများနှင့် ပြည့်စုံလျက်ရှိသည်။

နယုန်လပြည့် မဟာသမယအခါတော်နေ့သည် ခိုက်ရန်ဖြစ်ပွားအခြင်းများရာမှစသည့်စစ်ပွဲကို ရှောင်လွှဲ၍ ငြိမ်းချမ်းစေခဲ့သလိုသံသရာစက်ရဟတ်ကို အပြီးတိုင်ဖြတ်ကာ အငြိမ်းဓာတ်ကို ရယူသွားခဲ့ကြသည့် လောကီ လောကုတ္တရာ နှစ်ဖြာသော ငြိမ်းချမ်းမှုတို့ဖြင့် ပြည့်စုံသည့်နေ့အဖြစ် အမှတ်ရကြည်ညိုနိုင်ကြပါစေကြောင်း။ ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID–19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID–19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ



နေပြည်တော် ဇွန် ၂၃

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ တွေ့ဆုံပွဲကို ယနေ့နံနက် ၁၁ နာရီတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိက ဆေးရုံများအနေဖြင့်လည်း ပူးပေါင်းပါဝင်ရန် လိုအပ်လျက်ရှိပါကြောင်း၊ ပြည်သူများ ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် ပုဂ္ဂလိက ကဏ္ဍ၏ စွမ်းအား အရင်းအမြစ်များကို ထိရောက်စွာ အသုံးပြုနိုင်စေရန်၊ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများက ပြည်သူများအတွက် မျှတသော စရိတ်ဖြင့် အရည်အသွေးမြင့်မားသည့် ဝန်ဆောင်မှုပေးနိုင်စေရန်နှင့် တာဝန်ခံမှုရှိစေရန် လိုအပ်မည် ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင်လည်း နိုင်ငံ့ဝန်ထမ်း ကျန်းမာရေးဝန်ထမ်းများနည်းတူ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေသူများကို ဦးစားပေးအုပ်စုအဖြစ် ထိုးနှံပေးရန် စီစဉ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပုဂ္ဂလိက ကျန်းမာရေးဝန်ထမ်းအချို့သာ ထိုးနှံခဲ့ရကြောင်း၊ ကာကွယ်ဆေးများ မူလအစီအစဉ်အတိုင်း ရောက်ရှိလာပါက မိမိတို့၏ လက်တွဲဖော်ဖြစ်သည့် ပုဂ္ဂလိက ကျန်းမာရေးဝန်ထမ်းများကို ဦးစားပေး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းလိုင်စင် ရရှိသူများအနေဖြင့်လည်း ကိုဗစ်-၁၉ ကုသရေးဌာနများတွင် ကိုဗစ်-၁၉ ရောဂါလူနာများ အဆင်ပြေစွာ လက်ခံကုသနိုင်ရေးနှင့် ထိရောက်အကျိုးရှိသော ကုသမှုပေးအပ်နိုင်ရေးအတွက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်၊ ဆေးဝါးနှင့် စက်ပစ္စည်းကိရိယာများ ဖြည့်ဆည်းခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ပေးရန် မှာကြားလိုပါကြောင်း။

ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီ အဆင့်ဆင့်အနေဖြင့်လည်း အခါအားလျော်စွာ ကွင်းဆင်း စစ်ဆေးခြင်းများ ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ လုပ်ငန်းရှင်များအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ဓာတ်ခွဲခန်းများတွင် COVID–19 Antigen (RDT) test, RT–PCR နည်းပညာ အသုံးပြု၍ testing and care ဆောင်ရွက်ခွင့်ပြုလျက် ရှိပါကြောင်း၊ ခွင့်ပြုထားရှိသည့် လုပ်ငန်းများသည် လုပ်ငန်းလမ်းညွှန်နှင့်အညီ စစ်ဆေးမှု၊ ရောဂါပိုးတွေ့မှုတို့ကို အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ရန် လိုအပ်ပါကြောင်း၊ ပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတကာ/အာရှဒေသတွင်း ထိုးနှံဆောင်ရွက်နေသော အရည်အသွေး အာနိသင်ရှိပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို မိမိတို့အစီအစဉ်ဖြင့် တင်သွင်းဖြန့်ဖြူးခြင်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ခွင့်ပြုပြီးဖြစ်ပါကြောင်း၊ ပုဂ္ဂလိက ဆေးရုံများတွင် ကိုဗစ်- ၁၉ ကာကွယ်ဆေး ထိုးနှံခြင်းနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်း ဆိုင်ရာ လုပ်ငန်း လမ်းညွှန်များနှင့်အညီ လိုက်နာ ဆောင်ရွက်သွားရန် လိုအပ်မည် ဖြစ်ပါကြောင်း၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နိုင်မှု အားကောင်းလာသည်နှင့် အမျိုးသားကျန်းမာရေး စောင့်ရှောက်မှုစနစ်တွင် အထောက်အကူ ဖြစ်စေကာ ပြည်သူလူထုအတွက် အရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်ကို ယုံကြည်ပါကြောင်း မှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများ အသင်းဥက္ကဋ္ဌ ဒေါက်တာထင်ပေါ်က အသင်းအနေဖြင့် လက်ရှိဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ အလုပ်အမှုဆောင် အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြန်လည်ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **သတင်းစဉ်**




(၉) ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးဆိုင်ရာ ညီလာခံ (Moscow Conference on International Security-2021(MCIS-2021)) ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ညီလာခံသို့ တက်ရောက်လာကြသူများ Rosoboronexport ကုမ္ပဏီနှင့် အခြားကုမ္ပဏီများက ခင်းကျင်းပြသထားသည့် ကာကွယ်ရေးဆိုင်ရာ စစ်လက်နက်ပစ္စည်းများကို လေ့လာကြည့်ရှုစဉ်။

※ *ရှေ့ဖုံးမှ*

ကုမ္ပဏီနှင့် အခြားကုမ္ပဏီများက ခင်းကျင်းပြသထားသည့် ကာကွယ်ရေးဆိုင်ရာ စစ်လက်နက်ပစ္စည်းများအား လေ့လာကြည့်ရှုကြသည်။

**အဖွင့်အမှာစကားပြောကြား**

ယင်းနောက် ညီလာခံအား စတင်ကျင်းပပြုလုပ်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ Vladimir Putin ပြောကြားသည့် (၉) ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးဆိုင်ရာ ညီလာခံ (Moscow Conference on International Security- 2021(MCIS- 2021)) အမှာစကား video ကို ဖွင့်လှစ်ပြသသည်။ ယင်းနောက် ကာကွယ်ရေးဝန်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။

**ပါဝင်ဆွေးနွေး**

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander V.Fomin က ဦးဆောင်ဆွေးနွေးပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ညှိနှိုင်းကွပ်ကဲရေးမှူး Army General Valery GERASIMOV၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Colonel General WEI FENGHE၊ ကာတာနိုင်ငံမှ Deputy Prime Minister and Minister of Denfece ဖြစ်သူ Dr.Khalid Bin Mohammad AL- ATTIYAH၊ ဘီလာရုစ်နိုင်ငံမှ ကာကွယ်ရေးဝန်ကြီး Viktor KHRENIN၊ President of the international Committee of the Red Cross ဖြစ်သူ Peter MAURER၊ အာဖဂန်နစ္စတန်နိုင်ငံမှ သမ္မတဟောင်း Khamid KARZAI တို့က သက်ဆိုင်ရာ ခေါင်းစဉ်များအလိုက်၊ ကဏ္ဍအလိုက် ဆွေးနွေးကြပြီး ညီလာခံမတက်ရောက်နိုင်သူများက Online မှတစ်ဆင့် ပါဝင်ဆွေးနွေးကြသည်။

ယင်းနောက် ညီလာခံအား အစီအစဉ်အတိုင်း ဆက်လက်ပြုလုပ်ရာ ဒုတိယပိုင်း မျက်နှာစုံညီအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က "ကမ္ဘာ့နိုင်ငံရေးအခြေအနေတွင် အာရှ- ပစိဖိတ်ဒေသအရေးအား ဆွေးနွေးခြင်း (The Asia-Pacific Region in the Context of Global Politics)" ခေါင်းစဉ်ဖြင့် ဆွေးနွေးသည်။

**ခေါင်းစဉ်များအလိုက် ဆွေးနွေး**

ဆက်လက်ပြီး မော်လဒိုက်နိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယကာကွယ်ရေးဝန်ကြီး Mr. Hassan ZAMEEL၊ ဗီယက်နမ်နိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီး Senior Lieutenant General PHAN VAN GIANG၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဖြစ်သူ H.E. Sheikh AASINA၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံမှ ကာကွယ်ရေးဝန်ကြီး Mr. Halbi YUSSOF တို့က သက်ဆိုင်ရာ ခေါင်းစဉ်များအလိုက် ဆွေးနွေးခဲ့ကြသည်။ **(နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဆွေးနွေးမှုနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တို့အား သီးခြားဖော်ပြသွားမည်ဖြစ်သည်။)**

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇွန် ၂၃**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဟိုင်းကြီးကျွန်းမြို့တွင် ၃ ဒသမ ၆၂ လက်မ၊ မြိတ်မြို့တွင် ၂ ဒသမ ၉၅ လက်မ၊ ပူတာအိုမြို့တွင် ၂ ဒသမ ၈၃ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၂ ဒသမ ၅၂ လက်မ၊ မြောက်ဦးမြို့တွင် ၂ ဒသမ ၂၀ လက်မ၊ ကော့ကရိတ်မြို့တွင် ၁ ဒသမ ၉၇ လက်မ၊ လောင်းလုံမြို့တွင် ၁ ဒသမ ၉၃ လက်မ၊ ပိုင်ကျုံမြို့တွင် ၁ ဒသမ ၉၀ လက်မ၊ လပွတ္တာမြို့နှင့် ထားဝယ်မြို့တို့တွင် ၁ ဒသမ ၈၁ လက်မစီ၊ တမူးမြို့တွင် ၁ ဒသမ ၇၇ လက်မနှင့် မာန်အောင်မြို့နှင့် ရွှေကျင်မြို့တို့တွင် ၁ ဒသမ ၇၃ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# (၉)ကြိမ်မြောက် မော်စကိုနိုင်ငံတကာလုံခြုံရေးညီလာခံ(9th Moscow Conference on International Security) ၌ " The Asia– Pacific Region in the Context of Global Politics" ခေါင်းစဉ်ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဆွေးနွေးမှု (ကောက်နုတ်ချက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပသည့် (၉)ကြိမ်မြောက် မော်စကိုနိုင်ငံတကာလုံခြုံရေး ညီလာခံ (9th Moscow Conference on International Security) ၌ " The Asia– Pacific Region in the Context of Global Politics"ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့သည်။ အဆိုပါဆွေးနွေးမှု ကောက်နုတ်ချက်မှာ–




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၉)ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးဆိုင်ရာ ညီလာခံ (MCIS– 2021) ၌ "ကမ္ဘာ့နိုင်ငံရေး အခြေအနေတွင် အာရှ– ပစိဖိတ်ဒေသအရေးအား ဆွေးနွေးခြင်း"ခေါင်းစဉ်ဖြင့် ဆွေးနွေးစဉ်။

- ❒ အာရှ– ပစိဖိတ်ဒေသဟာ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် အခွင့်အလမ်းများအတွက် အဓိက အချက်အချာဒေသတစ်ခုဖြစ်သော်လည်း မဟာဗျူဟာမြောက် ပြိုင်ဆိုင်မှုများကြောင့် ဒေသတွင်း နိုင်ငံရေးနှင့် လုံခြုံရေးက များစွာသက်ရောက်မှု ရှိလာကြောင်း တွေ့ရှိရ
- ❒ အာရှ– ပစိဖိတ်ဒေသအတွင်း မဟာဗျူဟာမြောက် ဖြစ်ပေါ်ပြောင်းလဲလာသည့် လုံခြုံရေးဆိုင်ရာ အခြေအနေများဟာလည်း ဒေသတွင်းနိုင်ငံများ၏ နိုင်ငံရေးအခြေအနေများနှင့် များစွာဆက်စပ်မှုရှိနေတာကို တွေ့ရှိရ
- ❒ COVID– 19 ကပ်ရောဂါကြောင့် စီးပွားရေးနှင့် လူသားကျန်းမာရေး (Human Health) အပေါ် သက်ရောက်မှု၊ ဆိုက်ဘာနယ်ပယ်နှင့် အဆင့်မြင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှု အန္တရာယ်များဟာလည်း နိုင်ငံတိုင်း ရင်ဆိုင်ကြုံတွေ့နေရတဲ့ ကိစ္စရပ်များပဲဖြစ်

- ■ (၉)ကြိမ်မြောက် မော်စကိုနိုင်ငံတကာလုံခြုံရေးညီလာခံသို့ တက်ရောက်လာကြသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်။
- ■ အာရှ– ပစိဖိတ်ဒေသဟာ ပထဝီနိုင်ငံရေးအနေအထားအရ ကမ္ဘာပေါ်တွင် လွန်စွာအရေးပါသော ဒေသတစ်ခုဖြစ်၊ အာရှ– ပစိဖိတ်ဒေသဟာ ကမ္ဘာ့စီးပွားရေးဈေးကွက်၏ သုံးပုံတစ်ပုံခန့်ကိုလည်း ပိုင်ဆိုင်ထားပြီး အရေးပါတဲ့ အဓိကပင်လယ်ရေလမ်းကြောင်းများတည်ရှိရာဒေသတစ်ခုလည်းဖြစ်။
- ■ အိန္ဒိယသမုဒ္ဒရာအတွင်း၌ နှစ်စဉ်ရေယာဉ်အစီးပေါင်း ၁၀၀၀၀၀ ကျော် ဖြတ်သန်းသွားလာလျက်ရှိပြီး မလက္ကာရေလက်ကြားတွင် နှစ်စဉ်ရေယာဉ်ပေါင်း ၇၀၀၀၀ ကျော် ဖြတ်သန်းသွားလာလျက်ရှိကာ နှစ်စဉ်အမေရိကန်ဒေါ်လာ ၁ ထရီလီယံတန်ဖိုး ကုန်စည်စီးဆင်းမှုရှိနေသောကြောင့် ပို့ဆောင်ဆက်သွယ်ရေးတွင် များစွာအရေးပါလျက်ရှိကြောင်း တွေ့ရှိရ။
- ■ ကမ္ဘာ့ရေနံထွက်ကုန် ၈၀ ရာခိုင်နှုန်းခန့်မှာ အိန္ဒိယသမုဒ္ဒရာမှတစ်ဆင့် သယ်ယူပို့ဆောင်လျက်ရှိပြီး ကမ္ဘာ့ကုန်သွယ်မှု၏ ၄၀ ရာခိုင်နှုန်းခန့်သည်လည်း မလက္ကာရေလက်ကြားကို ဖြတ်သန်းသွားလာလျက်ရှိ။
- ■ သို့ဖြစ်၍ အာရှ– ပစိဖိတ်ဒေသဟာ ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေးအရ များစွာအရေးပါလာပြီး ကမ္ဘာ့စီးပွားရေးဗဟိုချက် ( World's Economic Centre of Gravity) တစ်ခု ဖြစ်လာသည့်အပြင် ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းသစ် (New World Political Order )တွင်လည်း မဟာဗျူဟာမြောက်အရေးပါတဲ့ ဒေသတစ်ခုအဖြစ် သတ်မှတ်လာကြ။
- ■ အာရှ– ပစိဖိတ်ဒေသဟာ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့်အခွင့်အလမ်းများအတွက် အဓိကအချက်အချာဒေသတစ်ခုဖြစ်သော်လည်း မဟာဗျူဟာမြောက်ပြိုင်ဆိုင်မှုများကြောင့် ဒေသတွင်းနိုင်ငံရေးနှင့် လုံခြုံရေးကို များစွာသက်ရောက်မှုရှိလာကြောင်း တွေ့ရှိရ။
- ■ အာရှ–ပစိဖိတ်ဒေသအတွင်း မဟာဗျူဟာမြောက်ဖြစ်ပေါ်ပြောင်းလဲလာသည့် လုံခြုံရေးဆိုင်ရာ အခြေအနေများဟာလည်း ဒေသတွင်းနိုင်ငံများ၏ နိုင်ငံရေးအခြေအနေများနှင့် များစွာဆက်စပ်မှုရှိနေတာကို တွေ့ရှိရ။
- ■ COVID– 19 ကပ်ရောဂါကြောင့် စီးပွားရေးနှင့်လူသားကျန်းမာရေး (Human Health) အပေါ်သက်ရောက်မှု၊ ဆိုက်ဘာနယ်ပယ်နှင့် အဆင့်မြင့်နည်းပညာဖွံ့ဖြိုးတိုးတက်မှုအန္တရာယ်များဟာလည်း နိုင်ငံတိုင်း ရင်ဆိုင်ကြုံတွေ့နေရတဲ့ ကိစ္စရပ်များပဲဖြစ်။
- ■ ဒေသတွင်းအုပ်စုဖွဲ့မှုများနှင့် အဆိုပါအုပ်စုများအကြား ပြိုင်ဆိုင်မှုမြင့်တက်လာခြင်းဟာ သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများအဖြစ် ဖြစ်ပေါ်လျက်ရှိသည့်အပြင် အဆိုပါကိစ္စရပ်များမှာ အာရှ– ပစိဖိတ်ဒေသရဲ့ဖွံ့ဖြိုးတိုးတက်မှုများအတွက် စိန်ခေါ်မှုများအဖြစ်လည်း ဖြစ်ပေါ်လျက်ရှိ။
- ■ ကမ္ဘာ့အင်အားကြီးနိုင်ငံများအကြား မဟာဗျူဟာမြောက် အားပြိုင်မှုများတွင် စီးပွားရေးအရ ပေါင်းစည်းမှုရှိရေး ကြိုးပမ်းအားထုတ်မှုဟာလည်း အာရှ–ပစိဖိတ်ဒေသ၏ ကောင်းမွန်သည့် အနာဂတ်ကို ပုံဖော်ပေးမည့် အချက်တစ်ချက်ဖြစ်။

*စာမျက်နှာ ၅ သို့*

- **ကမ္ဘာပေါ်ရှိနိုင်ငံအားလုံးအနေဖြင့် မိမိတို့နိုင်ငံရဲ့အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ထိန်းသိမ်း စောင့်ရှောက်နိုင်ရေးအတွက် လိုအပ်သလို ကြိုးပမ်းဆောင်ရွက်နိုင်တဲ့ အခွင့်အရေးများ ရရှိ ပိုင်ဆိုင်ထားကြသော်လည်း အဆိုပါ အခွင့်အရေးများကို တလွဲယူဆပြီး အင်အားပြခြိမ်းခြောက်မှုများနဲ့ အခြားနိုင်ငံများရဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ထိပါးသည့် အပြုအမူများကို ရှောင်ရှားသင့်**
- **နိုင်ငံများအနေဖြင့် တစ်နိုင်ငံနဲ့ တစ်နိုင်ငံ၊ တစ်ဒေသနဲ့ တစ်ဒေသ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်**
- **တရုတ်နိုင်ငံအနေဖြင့် ရပ်ဝန်းနှင့် လမ်းကြောင်းစီမံကိန်းကို ဖော်ဆောင်ကာ အာရှ- ပစိဖိတ်ဒေသတွင်း နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ဆောင်ရွက်လျက်ရှိ**

- ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အကြောင်းပြပြီး အချုပ်အခြာအာဏာပိုင်နိုင်ငံများ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက် ခြယ်လှယ်လိုမှုများကိုလည်း တွင်ကျယ်စွာ တွေ့ရှိရမှာဖြစ်
- နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် တရားမျှတခြင်း၊ တန်းတူတန်ဖိုးထားခြင်းနှင့် ညီညွတ်မျှတသော နိုင်ငံတကာ ဥပဒေများကိုအခြေခံ၍ ကမ္ဘာကြီး၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်
- လက်ရှိကာလမှာ မိမိတို့ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေး အရ တည်ငြိမ်အေးချမ်းမှုရရှိစေရန် ကြိုးပမ်းဆောင်ရွက် လျက်ရှိ
- လက်ရှိ မိမိတို့အစိုးရအနေဖြင့် ဒီမိုကရေစီစနစ်အပေါ် ရိုးသားမှုများ ပြန်လည်ဖြစ်ပေါ်စေရန် အကောင်အထည် ဖော် ဆောင်ရွက်ခဲ့ခြင်းသာဖြစ်

*စာမျက်နှာ ၄ မှ*

- အာရှ- ပစိဖိတ်ဒေသအတွင်း စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ခြင်းအားဖြင့် နိုင်ငံများအကြားမတူကွဲပြားမှုများကို လျှော့ချပေးနိုင်မှာဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာဖြစ်စဉ် ( Globalization Process) အား ပြန်လည်ပုံဖော်နိုင်မှာဖြစ်တဲ့အပြင် ကုလသမဂ္ဂ၏စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် ( UN Sustainable Development Goal) အတွက်လည်း များစွာအထောက်အကူရရှိနိုင်မှာဖြစ်။
- လက်ရှိကာလ၌ အာဆီယံဒေသကြီးအပါအဝင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအများအပြားဟာ နိုင်ငံ့စီးပွားရေးများကျဆင်း၍ အကျပ်အတည်းများနဲ့ရင်ဆိုင်နေကြရလျက်ရှိ။
- သက်ဆိုင်ရာနိုင်ငံများအလိုက် ပြည်သူလူထုအနေဖြင့် စားဝတ်နေရေးအခက်အခဲများနဲ့ ရင်ဆိုင်ကြုံတွေ့နေကြရတဲ့အတွက် ပြည်သူများရဲ့ စားဝတ်နေရေးအဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သလို ကူညီထောက်ပံ့မှုများကိုဦးစားပေးဆောင်ရွက်ပေးသင့်တဲ့ အချိန်အခါလည်းဖြစ်။
- ပြည်သူများ စားနပ်ရိက္ခာဖူလုံမှုရှိစေရန်နဲ့ ဝဝလင်လင် စားသုံးနိုင်ကြစေရန်အတွက် စိုက်ပျိုးရေးကဏ္ဍတွင် အများပြည်သူတို့ အဓိကစားသုံးသည့်ဆန်နှင့်ဂျုံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး ဦးစားပေး ဆောင်ရွက်သင့်သည့်အပြင် လူသားများရဲ့အခြားသောဖြည့်စွက်စာများကိုလည်း တစ်ဖက်တစ်လမ်းမှ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရန် ကြိုးစားဆောင်ရွက်သင့်။
- စွမ်းအင်အရင်းအမြစ်များကိုသုံးစွဲရာတွင် ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သည့် ရေအားလျှပ်စစ်၊ လေအားလျှပ်စစ်နဲ့ နေရောင်ခြည်စွမ်းအင်များကိုလည်း အစားထိုးမျှဝေသုံးစွဲနိုင်ရန် လိုအပ်လျက်ရှိနေ။
- ဒေသတွင်းအုပ်စုဖွဲ့လာမှုများ၊ စစ်ရေးချဲ့ထွင်မှုများ၊ အင်အားကြီးနိုင်ငံများ၏ မဟာဗျူဟာနှင့် စီးပွားရေးဆိုင်ရာ ပြိုင်ဆိုင်မှုများအပြင် အမျိုးသားအကျိုးစီးပွားအပြိုင်အဆိုင်ဖော်ဆောင်မှုများ၊ လက်နက်အပြိုင်တပ်ဆင်မှုများသည် အာရှ-ပစိဖိတ်ဒေသအတွင်း ပဋိပက္ခများကြီးထွားလာမည့်အခြေအနေများကို တွေ့မြင်နေရ။
- **လွတ်လပ်တဲ့နိုင်ငံတိုင်းဟာ အချုပ်အခြာအာဏာကိုယ်စီရှိကြပါတယ်။ နိုင်ငံငယ်တာ၊ ကြီးတာ၊ အင်အားကြီးတာ၊ အင်အားနည်းတာနဲ့မဆိုင်ပါဘူး။ တူညီတဲ့အခွင့်အရေးရှိကြ။**
- ကမ္ဘာပေါ်ရှိနိုင်ငံအားလုံးအနေဖြင့် မိမိတို့နိုင်ငံရဲ့အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် လိုအပ်သလိုကြိုးပမ်းဆောင်ရွက်နိုင်တဲ့ အခွင့်အရေးများ ရရှိပိုင်ဆိုင်ထားကြသော်လည်း အဆိုပါအခွင့်အရေးများကို တလွဲယူဆပြီး အင်အားပြခြိမ်းခြောက်မှုများနဲ့အခြားနိုင်ငံများရဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ထိပါးသည့် အပြုအမူများကိုရှောင်ရှားသင့်။
- နိုင်ငံများအနေဖြင့် တစ်နိုင်ငံနဲ့တစ်နိုင်ငံ၊ တစ်ဒေသနဲ့တစ်ဒေသ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်။
- တရုတ်နိုင်ငံအနေဖြင့် ရပ်ဝန်းနှင့်လမ်းကြောင်းစီမံကိန်းကို ဖော်ဆောင်ကာ အာရှ-ပစိဖိတ်ဒေသတွင်း နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ဆောင်ရွက်လျက်ရှိ။
- အာဆီယံဒေသဟာ အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာ ၂ ခုကို ပေါင်းကူးပေးသည့်နေရာတွင်ရှိပြီး အင်ဒိုပစိဖိတ်ဒေသ၏ ဗဟိုချက်အဖြစ် တည်ရှိလျက်ရှိ။
- ဒေသတွင်းနိုင်ငံများအနေဖြင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် သာယာဝပြောရေးတို့ကို အခြေခံရန်လိုအပ်။
- ထို့အပြင် နိုင်ငံများအနေဖြင့် အချုပ်အခြာအာဏာကို အပြန်အလှန်လေးစားမှု၊ နားလည်ယုံကြည်မှုနှင့် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်မစွက်ဖက်ရေးတို့အား လေးစားလိုက်နာဆောင်ရွက်သွားရန်လိုအပ်။
- အာရှ-ပစိဖိတ်ဒေသတည်ငြိမ်အေးချမ်းရေး၊ ညီမျှမှုရှိရေး၊ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းအားထုတ်မှုများအားဆောင်ရွက်ရာတွင် ပဋိပက္ခ သို့မဟုတ်၊ ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်ပေါ်နိုင်သည့်အခြေအနေများကို ရှောင်ရှား၍ ယုံကြည်မှုတည်ဆောက်ရေးဆိုင်ရာလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ COVID– 19 ကပ်ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ကာကွယ်ဆေးထိုးပေးခြင်းကိစ္စရပ်များအပါအဝင် စစ်ရေးမဟုတ်သောပူးပေါင်းဆောင်ရွက်မှုများကို အခိုင်အမာမြှင့်တင်ဆောင်ရွက်သွားရမှာဖြစ်။
- နိုင်ငံအချို့အနေဖြင့် တစ်ဖက်သတ်ဝါဒစွဲဖြင့် မတူညီသောနိုင်ငံရေးစနစ်နှင့် အတွေးအခေါ်များအပေါ် လွှမ်းမိုးရန်နည်းလမ်းမျိုးစုံဖြင့် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိ။
- ဒီမိုကရေစီနှင့်လူ့အခွင့်အရေးကိုအကြောင်းပြပြီး အချုပ်အခြာအာဏာပိုင်နိုင်ငံများ၏ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြယ်လှယ်လိုမှုများကိုလည်း တွင်ကျယ်စွာတွေ့ရှိရမှာဖြစ်။
- နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် တရားမျှတခြင်း၊ တန်းတူတန်ဖိုးထားခြင်းနှင့် ညီညွတ်မျှတသော နိုင်ငံတကာဥပဒေများကိုအခြေခံ၍ ကမ္ဘာကြီး၏ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်။
- လက်ရှိကာလမှာ မိမိတို့မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုရရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ။
- လက်ရှိ မိမိတို့အစိုးရအနေဖြင့် ဒီမိုကရေစီစနစ်အပေါ် ရိုးသားမှုများပြန်လည်ဖြစ်ပေါ်စေရန် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းသာဖြစ်။
- မိမိတို့မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့် အားလျော်စွာ အာဆီယံ၏သဘောထားရပ်တည်ချက်များအတိုင်း ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အပြည့်အဝပါဝင်ဆောင်ရွက်လျက်ရှိ။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီး Army General Sergey Kuzhugetovich Shoigu တို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးက ဂုဏ်ပြုကြိုဆို၊ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇွန် ၂၃**

(၉) ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးဆိုင်ရာ ညီလာခံ (Moscow Conference on International Security–2021(MCIS–2021))သို့ တက်ရောက်ရန်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီး Army General Sergey Kuzhugetovich Shoigu က ဇွန် ၂၂ ရက် ညနေပိုင်းတွင် ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

**အပြန်အလှန်မိတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူ၍ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံတပ်မတော်အရာရှိကြီးများအား အပြန်အလှန် မိတ်ဆက်ပေးကြသည်။

အဆိုပါဂုဏ်ပြုကြိုဆိုပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ရုရှားနိုင်ငံဆိုင်ရာ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ကျော်စိုးမိုးတို့တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးနှင့်အတူ ရုရှားတပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

**တွေ့ဆုံဆွေးနွေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးနှင့် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် စစ်ဘက်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့်အခြေအနေ၊ ရုရှားနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသည့် ကာကွယ်ရေးစွမ်းရည်တိုးမြှင့်ရေးဆိုင်ရာ ပြိုင်ပွဲများနှင့် လေ့ကျင့်ရေးဆောင်ရွက်မှုများတွင် မြန်မာ့တပ်မတော်မှ ပါဝင်ယှဉ်ပြိုင်ဆောင်ရွက်လျက်ရှိပြီး ဆက်လက်ပါဝင်ဆောင်ရွက်သွားမည့်အခြေအနေ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲမှုအခြေအနေများနှင့် နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ကဏ္ဍပေါင်းစုံတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများအား ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**အပြန်အလှန်ပေးအပ်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးတို့သည် အထိမ်းအမှတ်တံဆိပ်နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီး Army General Sergey Kuzhugetovich Shoigu တို့ တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီး Army General Sergey Kuzhugetovich Shoigu အား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

# (၉)ကြိမ်မြောက် မော်စကိုအပြည်ပြည်ဆိုင်ရာ လုံခြုံရေးညီလာခံ (MCIS) ၏ သတင်းထုတ်ပြန်ချက်

ရုရှားနိုင်ငံ မော်စကိုမြို့၌ ဇွန်လ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင်ကျင်းပသော (၉) ကြိမ်မြောက် မော်စကိုအပြည်ပြည်ဆိုင်ရာလုံခြုံရေးညီလာခံ၏ အဓိကခေါင်းစဉ်မှာ တစ်ကမ္ဘာလုံးနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေး ပြဿနာများကို ရည်ညွှန်းပါသည်။

အဆိုပါညီလာခံသို့ ကာကွယ်ရေးဝန်ကြီးများ၊ တပ်မတော်ကိုယ်စားလှယ်အဖွဲ့များ၊ ပြည်ပနိုင်ငံများမှ ကျွမ်းကျင်ပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သော CIS၊ CSTO၊ UN၊ OSCE၊ ICRC၊ LAS တို့မှခေါင်းဆောင်များ အပါအဝင် လူအင်အား ၆၀၀ ကျော် တက်ရောက်ပါသည်။

ညီလာခံကို ဇွန်လ ၂၃ ရက်တွင် စတင်ဖွင့်လှစ်ပါသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ ဗလာဒီမာပူတင်က တက်ရောက်လာကြသူများအား ဗီဒီယိုမှတစ်ဆင့် ညီလာခံအဖွင့်မိန့်ခွန်းပြောပါသည်။ အလားတူ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတားရက်(စ်)ကလည်း ဗီဒီယိုမှတစ်ဆင့် မိန့်ခွန်းပြောပါသည်။ ယင်းနောက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံကာကွယ်ရေးဝန်ကြီး ဆာဂျီရှိုင်ဂူနှင့် ဗဟိုလုံခြုံရေးဌာနညွှန်ကြားရေးမှူး အလက်ဇန်းဒါးဘော့နီကော့တို့က အဓိကကျသော ကိစ္စရပ်များနှင့်ပတ်သက်၍ ရုရှားနိုင်ငံ၏ ရပ်တည်မှုများကို မိတ်ဆက်ရှင်းလင်းပါသည်။

ထို့နောက် မျက်နှာစုံညီအစည်းအဝေးကို အပိုင်း ၄ ပိုင်းဖြင့် ကျင်းပသည်။

အစည်းအဝေးပထမပိုင်းကို "မဟာဗျူဟာမြောက် တည်ငြိမ်အေးချမ်းရေးအပေါ် ပြုပြင်ပြောင်းလဲမှုနှင့် ရှေ့ရေးအလားအလာ" ဟု အမည်ပေးထားပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ တပ်မတော်စစ်ဦးစီးအရာရှိချုပ်နှင့် ဒုတိယကာကွယ်ရေးဝန်ကြီး ကြည်းတပ်ဗိုလ်ချုပ်ကြီး ဗာလီရီဂျီရာဆီမော့၊ တရုတ်နိုင်ငံကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ဝေဖန်း၊ ကာတာနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး မိုဟာမ်မတ်အယ်အတီယာ၊ ဘယ်လာရုသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဗစ်တာခရီနင်၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီဥက္ကဋ္ဌ ပီတာမော်ရာ၊ အာဖဂန်နစ္စတန်သမ္မတဟောင်း ဟာမစ်ကာဇိုင်းတို့က ပါဝင်ဆွေးနွေးကြပါသည်။

အစည်းအဝေးဒုတိယပိုင်းကို "ကမ္ဘာ့နိုင်ငံရေးမူဘောင်အတွင်းက အာရှ-ပစိဖိတ်ဒေသ" ဟု အမည်ပေးထားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်ဦးစီးညွှန်ကြားရေးမှူးရုံးအကြီးအကဲနှင့် ဒုတိယစစ်ဦးစီးအရာရှိချုပ် ရေတပ်ဗိုလ်ချုပ်ကြီး အီဂေါကော့စယူကော့၊ ဗီယက်နမ်နိုင်ငံ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ဖန်ဗန်ဇန်း၊ မော်ဒိုက်သမ္မတနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး ဟက်ဆန်ဇာမီး၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ရှိတ်ဟာဆီနာ၊ ဘရူနိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး မိုဟာမ်မတ်ယူဆွတ်တို့က ပါဝင်ဆွေးနွေးကြပါသည်။

အစည်းအဝေးတတိယပိုင်းကို "နိုဗယ်ကိုရိုနာဗိုင်းရပ်ကူးစက်မှုကိုဗစ်-၁၉ ကို တိုက်ဖျက်ရာတွင် တပ်မတော်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ" ဟု အမည်ပေးထားပြီး ကာဇက်စတန်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး နာလန်အာမက်ဘာယက်၊ မွန်ဂိုလီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဗိုလ်မှူးချုပ် ဂါဆီဒင်ဆိုက်ဟန်ဘာယာ၊ ဇင်ဘာဘွေနိုင်ငံ ကာကွယ်ရေးဝန်ကြီး အိုဖားမူချင်ဂူရီကာရှီနီ၊ ဆူဒန်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး ယက်ဆင်အီဘရာဟင်၊ ငြိမ်းချမ်းရေးလုပ်ငန်းများဆိုင်ရာ ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ် ယွန်းပီယက်လက်ခွာ၊ ယူဂန်ဒါနိုင်ငံ တပ်မတော်ဆေးဘက်ဆိုင်ရာညွှန်ကြားရေးမှူး ဗိုလ်ချုပ် အေဘာရမ်မူဆင်ဂူဇီတို့က ပါဝင်ဆွေးနွေးကြပါသည်။

ညီလာခံပထမနေ့၏နောက်ဆုံးဖြစ်သော အစည်းအဝေး စတုတ္ထပိုင်းကို "သတင်းအချက်အလက်လုံခြုံရေးဆိုင်ရာ ပြဿနာများနှင့် အဖြေများ"ဟု အမည်ပေးထားပြီး ကုလသမဂ္ဂဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမြဲတမ်းကိုယ်စားလှယ် ဗာဆီလီညီဘန်ဇီယာ၊ ပါကစ္စတန်နိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး မိုဟာမ်မတ်ဟီလယ်ဟူစိန်၊ Alternative for Germany Party ပူးတွဲဥက္ကဋ္ဌ တီနိုခရူပါလာ၊ ဗင်နီဇွဲလားတပ်မတော်စီမံခန့်ခွဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဒုတိယကာကွယ်ရေးဝန်ကြီး ရေတပ်ဗိုလ်ချုပ်ကြီး အလက်ဇန်းဒါးဗာလက်စကူဘာတ်စတီဒက်၊ ရုရှားအထက်လွှတ်တော်အမတ်နှင့် လူထုမီဒီယာနှင့် ပူးပေါင်းဆောင်ရွက်ရေးနှင့် ပြန်ကြားရေးမူဝါဒဆိုင်ရာ ဖက်ဒရေးရှင်းကောင်စီကော်မတီဥက္ကဋ္ဌ အလက်ဇန်းဒါးပုရှကော့၊ ပြင်သစ်နိုင်ငံတကာလုံခြုံရေးဆိုင်ရာ လေ့လာဆန်းစစ်မှုဌာန ညွှန်ကြားရေးမှူး အလက်ဆန်ဒရိုဇာနာဆီ၊ ကာလက်တန်တက္ကသိုလ် ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှုနှင့် ပြည်သူ့ရေးရာမူဝါဒဌာန ညွှန်ကြားရေးမှူး ပီယော့တာဒူကီဝစ်၊ ဆားဘီးယားနိုင်ငံ တစ်မျိုးသားလုံး လွတ်မြောက်ရေးစစ်ပွဲများမှ စစ်ပြန်များသမဂ္ဂဥက္ကဋ္ဌ အငြိမ်းစား ဒုတိယဗိုလ်ချုပ်ကြီး ဗလာဒီမာကိုဗာဆီဗစ်၊ ဘီလာရုနိုင်ငံ မဟာဗျူဟာသုတေသနဌာန ညွှန်ကြားရေးမှူး အိုလက်မာကာရော့၊ ရုရှား-ဆလိုဗက်ကီးယားအသိုင်းအဝိုင်းသမဂ္ဂဥက္ကဋ္ဌ ချာနိုဂါစကီ၊ (The Hague) မဟာဗျူဟာလေ့လာရေးဌာနမှူး ရော့ဒီဝစ်တို့က ပါဝင်ဆွေးနွေးကြပါသည်။

ညီလာခံဒုတိယနေ့ဖြစ်သော ဇွန်လ ၂၄ ရက်တွင် ရုရှားနိုင်ငံလုံခြုံရေးကောင်စီအတွင်းရေးမှူး ကြည်းတပ်ဗိုလ်ချုပ်ကြီး နီကိုလိုင်းပါထရူရှပ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပြည်ပထောက်လှမ်းရေးဌာန ညွှန်ကြားရေးမှူး ဆာဂျီနာရစ်ရှကင်တို့၏ တင်ပြချက်များနှင့်အတူ ညီလာခံကို ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရှိရသည်။

မော်စကိုအပြည်ပြည်ဆိုင်ရာ လုံခြုံရေးညီလာခံကို ရုရှားကာကွယ်ရေး ဝန်ကြီးဌာန၏ ကမကထပြုမှုဖြင့် ၂၀၁၂ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့ခြင်းဖြစ်သည်။ အဆိုပါညီလာခံသည် အပြည်ပြည်ဆိုင်ရာလုံခြုံရေးအတွက် အမှန်တကယ်ဖြစ်ပျက်နေသော ပြဿနာများကို ဆွေးနွေးရေးအတွက် ယုံကြည်လောက်သောပလက်ဖောင်းအဖြစ် ၎င်း၏အခန်းကဏ္ဍကို အမြဲတစေခိုင်မာစေပြီး ရုရှားနိုင်ငံအတွက်သာမက ပြည်ပနိုင်ငံများအတွက်ပါ အစဉ်အလာကောင်းတစ်ခု ဖြစ်ပါသည်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ရောက်ရှိနေကြသည့် ကိုယ်စားလှယ်အဖွဲ့များ မော်စကိုမြို့ရှိ အထင်ကရနေရာများသို့ သွားရောက်ကြည့်ရှုလေ့လာ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇွန် ၂၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံခရီးစဉ်တွင် လိုက်ပါလာကြသည့် ကိုယ်စားလှယ်အဖွဲ့များသည် ယနေ့တွင် မော်စကိုမြို့ရှိ အထင်ကရနေရာများ၊ ဘာသာရေးဆိုင်ရာအဆောက်အဦများ၊ လျှပ်စစ်နှင့် စွမ်းအင်ပြတိုက်နှင့် MGIMO ကျောင်းတို့သို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**အမြင်ချင်းဖလှယ်**

ထိုသို့လေ့လာရာတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာ မောင်မောင်နိုင် ဦးဆောင်သောအဖွဲ့သည် မော်စကို လျှပ်စစ်နှင့် စွမ်းအင်ပြတိုက်သို့ သွားရောက်လေ့လာပြီး မော်စကိုမြို့တော်ဝန်နှင့် တွေ့ဆုံကာ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အလားတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရုရှား- မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့်လည်းကောင်း၊ စိန့်ပီတာစဘတ် မြို့တော်ဝန်ရုံးခွဲ (မော်စကို)မှ ပြည်ပဆက်ဆံရေး ကော်မတီနှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့အတူ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကိုယ်စားလှယ်အဖွဲ့သည် မော်စကိုမြို့တော်ဝန်နှင့် တွေ့ဆုံပြီး ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ဆေးပညာပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**သွားရောက်လေ့လာ**

ထို့ပြင် ထူးချွန်ဆုရအရာရှိများအဖွဲ့သည် (ယာပုံ) မော်စကိုမြို့ရှိ Patriotic Park နှင့် ရုရှားတပ်မတော်၏ ပင်မဘုရားရှိခိုးကျောင်းသို့လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ကိုယ်စားလှယ်အဖွဲ့သည် မော်စကို သာသနာပိုင်မဟာယနဗုဒ္ဓဘုန်းတော်ကြီးကျောင်းသို့ လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနကိုယ်စားလှယ်အဖွဲ့သည် MGIMO တက္ကသိုလ်သို့ လည်းကောင်း သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ်လေ့လာခြင်း (တောင်ကိုရီးယားနိုင်ငံ)

**မေမြန်မာ**


*(ယမန်နေ့မှအဆက်)*

### သမ္မတရွေးကောက်ပွဲများ

သမ္မတရွေးကောက်ပွဲတွင် Plurality System ကို အသုံးပြုပြီး တစ်နိုင်ငံလုံးတွင် ဆန္ဒမဲ အများဆုံးရရှိသည့် ကိုယ်စားလှယ်လောင်းက အနိုင်ရပါသည်။ ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်း တစ်ယောက်တည်းရှိနေလျှင်သော်လည်း ရွေးကောက်ပွဲကျင်းပရပြီး ကိုယ်စားလှယ်လောင်းသည် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံနိုင်ရန်အတွက် စုစုပေါင်းဆန္ဒမဲ၏ သုံးပုံတစ်ပုံထက် ကျော်လွန်ရရှိရမည်ဖြစ်သည်။ သမ္မတရွေးကောက်ပွဲများကို ၁၉၄၈ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး ၁၉၄၈၊ ၁၉၅၂၊ ၁၉၅၆၊ ၁၉၅၆၊ ၁၉၆၀၊ ၁၉၆၃၊ ၁၉၆၇၊ ၁၉၇၁၊ ၁၉၇၂၊ ၁၉၇၈၊ ၁၉၇၉၊ ၁၉၈၀၊ ၁၉၈၇၊ ၁၉၉၂၊ ၁၉၉၇၊ ၂၀၀၂၊ ၂၀၀၇၊ ၂၀၁၂၊ ၂၀၁၇ ခုနှစ်တို့တွင် ကျင်းပခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ထပ်မံကျင်းပမည် ဖြစ်ပါသည်။ သမ္မတသည် သက်တမ်းတစ်ကြိမ်သာ ရွေးချယ်ခံခွင့် ရှိပါသည်။

### လွှတ်တော်ရွေးကောက်ပွဲများ

လွှတ်တော်ရွေးကောက်ပွဲများတွင် နိုင်သူအကုန်ယူစနစ် (First Past The Post )နှင့် အချိုးကျစနစ် (Proportional Representation) ကို ရောနှောအသုံးပြုသည်။ မဲဆန္ဒနယ်ကို အခြေခံသည့် ၂၅၃ နေရာ




၂၀၂၀ ပြည့်နှစ် လွှတ်တော်ရွေးကောက်ပွဲတွင် အမတ်နေရာ ၃၀၀ အနိုင်ရရှိခဲ့မှု အခြေအနေ။

> **သမ္မတရွေးကောက်ပွဲတွင် Plurality System ကို အသုံးပြုပြီး တစ်နိုင်ငံလုံးတွင် ဆန္ဒမဲအများဆုံးရရှိသည့် ကိုယ်စားလှယ်လောင်းက အနိုင်ရပါသည်။ ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းတစ်ယောက်တည်း ရှိနေလျှင်သော်လည်း ရွေးကောက်ပွဲကျင်းပရပြီး ကိုယ်စားလှယ်လောင်းသည် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံနိုင်ရန်အတွက် စုစုပေါင်း ဆန္ဒမဲ၏ သုံးပုံတစ်ပုံထက် ကျော်လွန်ရရှိရမည်ဖြစ်**

အတွက် FPTP စနစ်ကို အသုံးပြုပြီး မဲဆန္ဒရှင်များသည် ၎င်းတို့၏ မဲဆန္ဒနယ်အတွက် ကိုယ်စားလှယ်လောင်းတစ်ဦးကို ရွေးချယ်ပေးရသည်။ Closed List PR စနစ်နှင့် Additional Member စနစ်တို့ဖြင့် ၄၇ နေရာကို ရွေးချယ်ပြီး ပါတီများ၏ တစ်နိုင်ငံလုံးတွင် မဲရရှိမှု အချိုးအစားအလိုက် နေရာများခွဲဝေရရှိသည်။ နေရာခွဲဝေချထားမှု ရရှိနိုင်ရန်အတွက် နိုင်ငံရေးပါတီများသည် FPTP စနစ်ဖြင့် ကျင်းပသော နေရာများတွင် အနည်းဆုံး ငါးနေရာ အနိုင်ရရှိရန် လိုအပ်ပြီး PR စနစ်ဖြင့်ကျင်းပသည့် ကိုယ်စားလှယ်နေရာများတွင် စုစုပေါင်းဆန္ဒမဲ၏ ၃ ရာခိုင်နှုန်းထက် ကျော်လွန်ရရှိရပါသည်။

### ဒေသန္တရရွေးကောက်ပွဲများ

Si/ Do ကောင်စီရွေးကောက်ပွဲများနှင့် Gu/ Si/ Gun ကောင်စီ ရွေးကောက်ပွဲများတွင်လည်း FPTP စနစ်နှင့် PR စနစ်ကို ရောနှောအသုံးပြုသည်။ Closed List PR System ကို အသုံးပြုပြီး ကောင်စီနေရာ စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းကို ပါတီများအနိုင်ရရှိမှုအလိုက် ခွဲဝေသတ်မှတ်ပေးခြင်းဖြစ်သည်။

### ဒေသန္တရအစိုးရအဖွဲ့အကြီးအကဲများ ရွေးကောက်ပွဲ

နိုင်သူအကုန်ယူစနစ်ကို အသုံးပြုသည့် ဤရွေးကောက်ပွဲများတွင် ဆန္ဒမဲရရှိမှုအများဆုံး အရေအတွက် တူညီနေသည့် ကိုယ်စားလှယ်လောင်းနှစ်ဦးရှိနေပါက အသက်ပိုကြီးသူကို ရွေးချယ်ပါသည်။ ကိုယ်စားလှယ်လောင်းတစ်ဦးသာ ဝင်ရောက်ယှဉ်ပြိုင်ပါက ရွေးကောက်ပွဲကျင်းပခြင်းမပြုဘဲ အဆိုပါကိုယ်စားလှယ်လောင်းကို ရွေးကောက်ပွဲနေ့တွင် ရွေးကောက်တင်မြှောက်ပါသည်။

### တောင်ကိုရီးယားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ

တောင်ကိုရီးယားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၄၈ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့တွင် စတင် ကျင့်သုံးခဲ့ခြင်းဖြစ်သည်။ ယနေ့အချိန်အထိ စုစုပေါင်း ၉ ကြိမ်ပြင်ဆင်ခဲ့ပြီး ၁၉၈၇ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့တွင် နောက်ဆုံးပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

အခန်း ၁၀ ခန်းနှင့် ပုဒ်မ ၁၃၀ ပါရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရွေးကောက်ပွဲစီမံခန့်ခွဲမှုအား အခန်း ၁ ခန်းအနေဖြင့် ဖော်ပြပါရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်လိုပါက သမ္မတ သို့မဟုတ် လွှတ်တော်အမတ်အများစုက အဆိုပြုနိုင်သည်။ ပြင်ဆင်ချက်များအတွက် လွှတ်တော်၏သဘောတူညီချက်သာမက လူထုဆန္ဒခံယူပွဲ ကျင်းပရန်လည်း လိုအပ်သည်။ လွှတ်တော်အတွင်းရှိ အမတ်နေရာ သုံးပုံနှစ်ပုံနှင့်အထက် ရရှိရန်လိုအပ်ပြီး လူထုဆန္ဒခံယူပွဲတွင် မဲပေးခွင့်ရှိသူဦးရေ ထက်ဝက်ကျော်က မဲပေးရန်နှင့် ယင်းထက်ဝက်ကျော်၏ ၅၀ ရာခိုင်နှုန်းကျော်က ထောက်ခံမဲပေးရန် လိုအပ်သည်။

### ရွေးကောက်ပွဲကော်မရှင်

တောင်ကိုရီးယားရွေးကောက်ပွဲကော်မရှင်ကို ၁၉၆၃ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး လွှတ်တော်၊ တရားလွှတ်တော်ချုပ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတို့ကဲ့သို့ပင် လွတ်လပ်ပြီး အမှီအခိုကင်းသည့်အဖွဲ့အစည်းဖြစ်သည်။ ရွေးကောက်ပွဲကော်မရှင်တွင်အဖွဲ့ဝင် ကိုးဦး ရှိပြီး သုံးဦးကို သမ္မတကလည်းကောင်း၊ သုံးဦးကို လွှတ်တော်ကလည်းကောင်း၊ သုံးဦးကို တရားလွှတ်တော်ချုပ်ကလည်းကောင်း ရွေးချယ်ခန့်အပ်သည်။ တရားလွှတ်တော်ချုပ်က ခန့်အပ်သည့် သုံးဦးတွင်ပါဝင်သော တရားလွှတ်တော်ချုပ်တရားသူကြီးတစ်ဦးအား ကော်မရှင်ဥက္ကဋ္ဌအဖြစ် ခန့်အပ်သည်။

အထွေထွေအတွင်းရေးမှူးချုပ်ဦးဆောင်သည့် အတွင်းရေးမှူးရုံးက ကော်မရှင်၏လုပ်ငန်းများကို ဆောင်ရွက်သည်။ နိုင်ငံအဆင့် ရွေးကောက်ပွဲကော်မရှင်၏ လက်အောက်တွင် Si/Do ရွေးကောက်ပွဲကော်မရှင် (မြို့ကြီး/ ပြည်နယ်)၊ Gu/Si/Gon ရွေးကောက်ပွဲကော်မရှင် (ရပ်ကွက်/မြို့/ခရိုင်)၊ Eup/ Myeon/ Dong ရွေးကောက်ပွဲကော်မရှင်ဟူ၍ ကော်မရှင်အဖွဲ့ခွဲအဆင့် သုံးဆင့်ဖြင့် လုပ်ငန်းများ ဆောင်ရွက်သည်။ ကော်မရှင်သည် ရွေးကောက်ပွဲကျင်းပစီမံခန့်ခွဲရေးလုပ်ငန်းများကို သာမက Korean Civic Education Institute for Democracy ကို တည်ထောင်ဖွင့်လှစ်ပြီး ပြည်သူလူထုအား ရွေးကောက်ပွဲ အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်သကဲ့သို့ Boundary Delimitation Commission ကို ရွေးကောက်ပွဲမတိုင်မီကာလများတွင် ဖွဲ့စည်းပြီး မဲဆန္ဒနယ်သတ်မှတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်သည်။ နိုင်ငံရေးပါတီအက်ဥပဒေဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း၊ ပါတီရန်ပုံငွေနှင့် ပါတီလုပ်ငန်းများ ဆောင်ရွက်ခြင်းကိုလည်း ကြီးကြပ်သည်။ ရွေးကောက်ပွဲကော်မရှင်သည် လူထုဆန္ဒခံယူပွဲများ ကျင်းပရန် တာဝန်ရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောသမဝါယမများနှင့် တက္ကသိုလ်များ၏ဥက္ကဋ္ဌများအား ရွေးချယ်သည့် ရွေးကောက်ပွဲများကိုလည်း စီမံခန့်ခွဲသည်။ ရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၄ အရ ဖွဲ့စည်းပြီး သက်တမ်းမှာ ခြောက်နှစ်ဖြစ်သည်။

### ၂၀၂၀ ပြည့်နှစ် တောင်ကိုရီးယားလွှတ်တော်ရွေးကောက်ပွဲ

တောင်ကိုရီးယားနိုင်ငံ၏ (၂၁) ကြိမ်မြောက် လွှတ်တော်ရွေးကောက်ပွဲများကို ၂၀၂၀ ပြည့်နှစ် ဧပြီလ ၁၅ ရက်နေ့တွင် ကျင်းပခဲ့သည်။ ကိုဗစ်ကာလအတွင်း ရွေးကောက်ပွဲများကျင်းပသည့် ကနဦးနိုင်ငံများထဲမှ နိုင်ငံတစ်ခုဖြစ်သည့်အပြင် ရွေးကောက်ပွဲစီမံခန့်ခွဲမှုမှာလည်း ရောဂါကူးစက်ပြန့်ပွားခြင်းမရှိရန် နည်းလမ်းများ၊ ပြင်ဆင်မှုများအားကောင်းကောင်းနှင့် စီမံနိုင်ခဲ့သည့်အတွက် နိုင်ငံတကာက လေ့လာရသော ရွေးကောက်ပွဲတစ်ခုဖြစ်ခဲ့သည်။

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအထိ စာရင်းများအရ လူဦးရေ ၅၁၃၃၉၂၃၈ ဦးရှိပြီး ၂၀၂၀ ပြည့်နှစ် ဇွန်လ ၂၄ ရက်နေ့စာရင်းများအရ မှတ်ပုံတင်ထားသည့် မဲဆန္ဒရှင်ဦးရေ ၄၃၉၉၄၂၄၇ ရှိသည်။ COVID-19 ကပ်ရောဂါဖြစ်ပွားနေချိန်ဖြစ်သော်လည်း မဲလာပေးသူ ၂၉၁၂၇၆၃၇ ဦးရှိသည့်အတွက် မဲပေးမှုမှာ ၆၆ ဒသမ ၂၁ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၁၇ ခုနှစ်တွင် ကျင်းပခဲ့သည့် လွှတ်တော်ရွေးကောက်ပွဲတွင် မဲဆန္ဒရှင် ၄၂၁၀၀၃၉၈ ဦးနှင့် မဲလာပေးသူ ၂၄၄၃၀၇၄၆ ဦးရှိခဲ့သဖြင့် မဲပေးမှုမှာ ၅၈ ဒသမ ၀၃ ရာခိုင်နှုန်းသာရှိခဲ့ပါသည်။***စာမျက်နှာ ၉ သို့***

*စာမျက်နှာ ၈ မှ*

လွှတ်တော်နေရာ ၃၀၀ အတွက် မဲရုံပေါင်း ၁၄၃၃၀ အား ဖွင့်လှစ်ခဲ့ပြီး မဲရုံတစ်ရုံလျှင် ပျမ်းမျှမဲပေးသူ ၂၀၀၀ ဦးခန့် ရှိခဲ့ပါသည်။ တောင်ကိုရီးယားနိုင်ငံ၏ ရွေးကောက်ပွဲ များတွင် မဲရေတွက်ရာစင်တာများသို့ မဲလက်မှတ်များ ပို့ဆောင်ပြီး စုပေါင်းကာမဲရေတွက်ခြင်း ဖြစ်ပါသည်။ မဲရေတွက်ရုံ တစ်ရုံလျှင် ဝန်ထမ်း ၂၅၀ ခန့် ပျမ်းမျှရှိကာ ပျမ်းမျှ မဲစာရွက် ၂၃၀၀၀၀ ခန့်အား ရေတွက်ခဲ့ပါသည်။

ရွေးကောက်ပွဲနေ့တွင် မဲမပေးနိုင်သည့် မဲဆန္ဒရှင်များအတွက် ရွေးကောက်ပွဲမတိုင်မီ ငါးရက်အလိုတွင် နှစ်ရက်ကြာ ကြိုတင်မဲပေးခွင့်ပြုခဲ့ပါသည်။ မဲဆန္ဒရှင်စာရင်းကို ဒစ်ဂျစ်တယ်စနစ်ဖြင့် တစ်နိုင်ငံလုံးအတွက် ဆောင်ရွက်ထားသောကြောင့် ရွေးကောက်ပွဲနေ့ကဲ့သို့ မိမိနေထိုင်ရာအရပ်တွင်သာ မဲပေးရခြင်း မဟုတ်ဘဲ နိုင်ငံ၏ မည်သည့်နေရာတွင်မဆို ကြိုတင်မဲပေးနိုင်ပါသည်။ တစ်နိုင်ငံလုံးတွင် ကြိုတင်မဲပေးရုံ ၃၅၀၈ ရုံကို ဖွင့်လှစ်ပေးခဲ့ပြီး ကြိုတင်မဲရုံတစ်ရုံလျှင် မဲပေးသည့် ဦးရေ ပျမ်းမျှ ရုံ ၃၃၀၀ ဖြစ်ပါသည်။

ကြိုတင်မဲပေးခြင်းအပြင် အဝေးမှမဲပေးခြင်း၊ သင်္ဘောပေါ်တွင် မဲပေးခြင်း၊ နိုင်ငံရပ်ခြား မဲပေးခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့သည်။ အဝေးမှမဲပေးခြင်းစနစ်မှာ ဆေးရုံ၊ ဘိုးဘွားရိပ်သာ အစရှိသည့်နေရာများမှ ထွက်ခွာ၍မရနိုင်သူ၊ ကိုယ်ခန္ဓာမသန်စွမ်းသူ စသည့်အကြောင်းရင်းများကြောင့် မဲရုံများသို့ သွားရောက်ရန် အခက်အခဲရှိနေသူ မဲဆန္ဒရှင်များအတွက် မိမိနေထိုင်ရာနေရာတွင် စာတိုက်မှတစ်ဆင့် မဲပေးစေသည့်နည်းလမ်းဖြစ်ပါသည်။ ကြိုတင်စာရင်းပေးသွင်းထားရပြီး အမည်စာရင်းပေးသွင်းရသည့် ကာလမှာ ရွေးကောက်ပွဲမတိုင်မီ ၂၂ ရက်အလိုမှစတင်ကာ ငါးရက်အတွင်း ဖြစ်ပါသည်။

နိုင်ငံခြားတွင်နေထိုင်သည့် တောင်ကိုရီးယားနိုင်ငံသားများ၊ နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများသည် သက်ဆိုင်ရာနိုင်ငံများရှိ တောင်ကိုရီးယားသံရုံးများရှိ မဲရုံများတွင် မဲပေးနိုင်ပါသည်။ နိုင်ငံခြား ကြိုတင်မဲပေးခြင်းကို ၂၀၀၉ ခုနှစ်မှစတင်ခွင့်ပြုခဲ့ခြင်းဖြစ်ပါသည်။ သို့သော်လည်း COVID-19 ကပ်ရောဂါ ဖြစ်ပွားနေချိန်ဖြစ်သဖြင့် နိုင်ငံပေါင်း ၅၀ ကျော်ရှိ သံရုံးများ၌ ကြိုတင်မဲပေးခြင်းကို ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါ။ ပင်လယ်ပြင်ရှိသင်္ဘောများပေါ် ရောက်ရှိနေသည့် တောင်ကိုရီးယား နိုင်ငံသားများအား သင်္ဘောများပေါ်တွင် မဲပေးနိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ်လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပရာတွင် COVID-19 ကပ်ရောဂါဖြစ်ပွားနေချိန်ဖြစ်သဖြင့် ရောဂါကူးစက်ခံထားရသူများအတွက် အဝေးရောက်မဲပေးခြင်းနှင့် ကြိုတင်မဲပေးခြင်းတို့အား ဆောင်ရွက်ခဲ့ပါသည်။ ဤရွေးကောက်ပွဲတွင် အဝေးရောက်မဲပေးရန် စာရင်းပေးသွင်းရမည့် နောက်ဆုံးရက်မှာ မတ်လ ၂၈ရက်နေ့ဖြစ်သဖြင့် ယင်းနေ့မတိုင်မီကူးစက်ခံရသူများမှာ အဝေးရောက်မဲပေးနိုင်ပြီး ယင်းနောက်ပိုင်းတွင် ရောဂါကူးစက်ဖြစ်ပွားသူများမှာ အထူးရွေးကောက်ပွဲမဲရုံတွင် မဲပေးရပါသည်။ မဲပေးထားသည့် မဲလက်မှတ်ပါရှိသည့်စာအိတ်များအား ကော်မရှင်သို့ ပို့ဆောင်ရာတွင် ရောဂါပိုးပျံ့နှံ့ခြင်း မရှိစေရန် အခြေခံသန့်ရှင်းရေးစည်းကမ်းများ ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ အဝေးရောက်မဲပေးရန် စာရင်းပေးသွင်းထားသူ ၁၀၀၅၉၂ ဦး ရှိခဲ့သည့်အနက် ရောဂါကူးစက်ခံရသဖြင့် အဝေးရောက်မဲပေးရန် စာရင်းသွင်းသူ ၃၆၄ ဦးရှိခဲ့ပါသည်။

အဝေးရောက်မဲပေးခြင်းအတွက် စာရင်းပေးသွင်းရမည့်ရက်နောက်ပိုင်းတွင် ရောဂါကူးစက်ခံရသူများအတွက် အထူးရွေးကောက်ပွဲ မဲရုံ ရှစ်ရုံကို ဖွင့်လှစ်ပေးခဲ့ပြီး အဆိုပါမဲရုံများတွင် ရောဂါကူးစက်ခံရသူများအပြင် မဲရုံရှိ ကျန်းမာရေးဝန်ထမ်းများပါ မဲပေးနိုင်စေရန် ဆောင်ရွက်ခဲ့ပါသည်။ ကိုဗစ်လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက်ထားရှိသည့် အထူးမဲရုံဝန်ထမ်းများသည် နှာခေါင်းစည်း၊ မျက်နှာအကာအကွယ်နှင့် လက်အိတ် အစရှိသည့် ကာကွယ်ရေးဝတ်စုံအပြည့်ကို ဝတ်ဆင်ရသည်။ ပုံမှန်ကြိုတင်မဲပေးခြင်းအား နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ နှစ်ရက်ကြာ ခွင့်ပြုသော်လည်း အထူးရွေးကောက်ပွဲမဲရုံအား တစ်ရက်သာ ခွင့်ပြုပါသည်။ အထူးမဲရုံရှစ်ရုံတွင် မဲဆန္ဒရှင်စုစုပေါင်း ၄၄၆ ဦးမဲပေးခဲ့ပြီး ရောဂါကူးစက်ခံရသူ ၁၄၇ ဦးနှင့် ကျန်းမာရေးဝန်ထမ်း ၂၉၉ ဦး ဖြစ်ပါသည်။

ရောဂါပိုးကူးစက်သူနှင့် ထိတွေ့မှုရှိသူများ၊ နိုင်ငံခြားမှ ပြန်လာသည့်သူများအား ၁၄ ရက်ကြာ အိမ်တွင်စောင့်ကြည့်ခံရသည့်အတွက် ရွေးကောက်ပွဲနေ့တွင် မဲပေးနိုင်ရန် စီစဉ်ပေးခဲ့ပါသည်။ ယင်းစောင့်ကြည့်ခံရသူများသည် စောင့်ကြည့်ကာလ စည်းကမ်းများအား ချိုးဖောက်ပါက ကူးစက်ရောဂါတိုက်ဖျက်ရေးဥပဒေအရ တစ်နှစ်အောက် ထောင်ဒဏ် သို့မဟုတ် ဝမ်သိန်း ၁၀၀ အောက် ဒဏ်ကြေးပေးဆောင်ရပါသည်။ မဲပေးရန်အတွက် ညနေ ၅ နာရီ မိနစ် ၂၀ မှ ၇ နာရီအထိ အပြင်ထွက်ခွင့်ပြုပြီး ညနေ ၆ နာရီ မတိုင်မီ မဲရုံသို့ အရောက်သွားကာ နံပါတ်စဉ်ရယူပြီး သာမန်မဲပေးချိန်ပြီးနောက်တွင် မဲပေးရခြင်းဖြစ်ပါသည်။ တည်ဆဲရွေးကောက်ပွဲဥပဒေ၌ မဲပေးချိန်ပြီးသည့်အခါ မဲရုံတွင် မဲပေးရန်စောင့်နေသော မဲဆန္ဒရှင်များအတွက် နံပါတ်စဉ်ပေးကာ မဲပေးစေရမည်ဟုပါရှိသည့်အတွက် ယင်းအချက်ကို အသုံးပြုခြင်းဖြစ်ပါသည်။

သာမန်မဲပေးသူများ မဲရုံမှ ထွက်ခွာသွားပြီးချိန်၌ သီးခြားဆောက်လုပ်ထားသော ယာယီမဲပေးခန်းတွင် မဲပေးရခြင်းဖြစ်ပြီး လေ့လာသူများအား နေအိမ်စောင့်ကြည့်ခံရသူ၏လမ်းကြောင်းမှ ၂ မီတာအထက်အကွာတွင် စောင့်ကြည့်လေ့လာခွင့်ပြုပါသည်။ နေအိမ်စောင့်ကြည့်ခံရသူများအတွက် ယာယီ မဲပေးခန်း ၅၅၀၀ ခုအား ဖွင့်လှစ်ခဲ့ကာ နေအိမ်စောင့်ကြည့်ခံရသူ ၁၃၇၈၉ ဦးမှ စာရင်းပေးသွင်းခဲ့ပြီး ၁၁၁၅၁ ဦးမဲပေးခဲ့သဖြင့် မဲပေးမှု ၈၁ ရာခိုင်နှုန်း ဖြစ်ပါသည်။ ရွေးကောက်ပွဲကာလတွင် နေအိမ်စောင့်ကြည့်ခံရသူ ၅၉၉၁၈ ဦး ဖြစ်ပါသည်။

ရွေးကောက်ပွဲကြောင့် COVID-19 ကပ်ရောဂါ ပိုမိုပျံ့နှံ့ခြင်းမရှိစေရေးအတွက် ရွေးကောက်ပွဲနေ့၌ ပိုးသတ်ခြင်း၊ မဲရုံပုံစံများပြင်ဆင်ဖွဲ့စည်းခြင်း၊ COVID-19 ကပ်ရောဂါဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ ကြိုတင်ပြင်ဆင်ထားခြင်း၊ လမ်းညွှန်ချက်များအား အသိပေးခြင်း၊ မဲပေးမှုအဆင့်ဆင့်တွင် ရောဂါကူးစက် ပျံ့နှံ့မှုမဖြစ်ပွားဘဲ နည်းလမ်းတကျမဲပေးနိုင်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊ မဲရေတွက်ရာစင်တာများတွင်လည်း အလားတူ စည်းကမ်းချက်များ ချမှတ်ဆောင်ရွက်ခြင်းတို့အား ဆောင်ရွက်ခဲ့ပါသည်။ မဲပေးမည့်နေ့ မတိုင်ခင် ညနေမှစတင်ကာ မဲရုံများကို ပိုးသတ်ထားပြီး မည်သူမျှ ဝင်ထွက်ခွင့်မရှိပါ။

ရွေးကောက်ပွဲနေ့တွင်မဲရုံ၌ မဲပေးရာတွင်မဲရုံပရိဝုဏ်တစ်ခုလုံးတွင် အမှတ်အသားများကိုထားရှိပြီး မဲဆန္ဒရှင်တစ်ဦးနှင့်တစ်ဦးအကြား တစ်မီတာစီခွာပြီးနေရသည်။ မဲဆန္ဒရှင် သက်သေခံကတ်ပြားကို အဆင်သင့်ထုတ်ထားရန်လိုအပ်ပြီး လက်များကို ပိုးသတ်ဆေးဖြင့် စင်ကြယ်စွာ ဆေးကြောထားရန်နှင့် ၎င်းတို့ကိုပေးထားသော လက်အိတ်များကို အချိန်ပြည့်ဝတ်ဆင်ရသည်။ မဲရုံအတွင်းသို့ ဝင်ရောက်ပြီးသည်နှင့် မဲဆန္ဒရှင်စစ်မှန်ကြောင်းသိရှိရန် Mask ဖယ်ပြရသော်လည်း မဲပေးသည့်အဆင့်အားလုံးတွင် လက်အိတ်ဝတ်ခြင်း၊ မျက်နှာဖုံးအုပ်ခြင်းများဆောင်ရွက်ရသည်။ မဲရုံထွက်ခွာရာတွင် အသုံးပြုပြီးသော လက်အိတ်များကို မဲရုံအပေါက်ဝရှိ တစ်ခါသုံးပစ္စည်းများ လွှင့်ပစ်သည့် အမှိုက်ပုံးထဲသို့ စွန့်ပစ်ရသည်။

မဲပေးစဉ်အတွင်း မဲပေးသည့်အခန်းများ၊ တံဆိပ်တုံးများနှင့် ရွေးကောက်ပွဲသုံးပစ္စည်းများကို သတ်မှတ်ချိန်တိုင်းတွင် ပိုးသတ်ပြီး မဲရုံပရိဝုဏ်များကို လေဝင်လေထွက်ကောင်းသည့်နေရာများတွင် ထားရှိသည်။ Mask တပ်ရန်၊ တစ်မီတာအထက် ခပ်ခွာခွာနေရန်၊ တစ်ခါသုံးပလတ်စတစ် လက်အိတ်ဝတ်ဆင်ရန် အစရှိသည့် အချက်အလက်များပါဝင်သည့် "ဧပြီလ ၁၅ ရက်နေ့တွင် မဲပေးရာ၌ တစ်နိုင်ငံလုံး လိုက်နာရမည့်စည်းကမ်း"ကို ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့ပြီး မဲပေးခြင်းလမ်းညွှန်ချက်၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်စာရင်းများနှင့်အတူ သတင်းဌာနများသို့ ပေးပို့ခဲ့ပါသည်။ ကိုဗစ်ကာလ ရွေးကောက်ပွဲအတွက် အရေးကြီးသည့်အချက်တစ်ခုမှာ ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်မှုဖြစ်ပြီး လုပ်ဆောင်ရမည့်တာဝန်များကို ဌာနဆိုင်ရာတာဝန်ရှိသူများအကြား ရှင်းလင်းနေရန် လိုအပ်ပါသည်။

ရွေးကောက်ပွဲကြောင့် ကူးစက်ခံရသူတစ်ဦးမျှ မရှိခဲ့ခြင်းမှာ ပြည်သူလူထု၏ ၎င်းတို့ဆန္ဒအလျောက် ပူးပေါင်းဆောင်ရွက်ခြင်းက အဓိကကျသော်လည်း ဆောင်ရွက်ထားသည့် အစီအမံများကိုသာမက မည်သည့်အတွက်ကြောင့် အဆိုပါနည်းလမ်းများသုံးရသည်၊ စီစဉ်ထားရသည်ကို ရွေးကောက်ပွဲကော်မရှင်က ပြည်သူများထံ ကောင်းမွန်စွာ အသိပေးနိုင်ခဲ့ခြင်းကြောင့်လည်း ဖြစ်သည်။ ရွေးကောက်ပွဲကော်မရှင်သည် မဲဆန္ဒရှင်များထံ သတင်းအချက်အလက်ရောက်ရှိစေရန် တယ်လီဖုန်းမက်ဆေ့ချ်များ ပို့ခြင်း၊ သတင်းဌာနများမှ ထုတ်လွှင့်ခြင်း၊ တစ်နိုင်ငံလုံးတွင် ပိုစတာများကပ်ခြင်း၊ မဲဆန္ဒရှင်ကျင့်ဝတ်အား မဲရုံအတွင်းတွင် ကပ်ထားခြင်း စသည်တို့ကိုဆောင်ရွက်ခဲ့ပြီး မဲပေးခြင်း၊ မဲရေတွက်ခြင်းများကို နိုင်ငံတော်ပိုင်ရုပ်သံဌာနများမှ အချိန်အပိုင်းအခြားအလိုက် ထုတ်လွှင့်ပြသခဲ့သဖြင့် ပွင့်လင်းမြင်သာမှုကို မြှင့်တင်နိုင်ခဲ့သည်။

> **ရွေးကောက်ပွဲကော်မရှင်သည် မဲဆန္ဒရှင်များထံ သတင်းအချက်အလက်ရောက်ရှိစေရန် တယ်လီဖုန်းမက်ဆေ့ချ်များ ပို့ခြင်း၊ သတင်းဌာနများမှ ထုတ်လွှင့်ခြင်း၊ တစ်နိုင်ငံလုံးတွင် ပိုစတာများကပ်ခြင်း၊ မဲဆန္ဒရှင်ကျင့်ဝတ်အား မဲရုံအတွင်းတွင် ကပ်ထားခြင်း စသည်တို့ကိုဆောင်ရွက်ခဲ့ပြီး မဲပေးခြင်း၊ မဲရေတွက်ခြင်းများကို နိုင်ငံတော်ပိုင်ရုပ်သံဌာနများမှ အချိန်အပိုင်းအခြားအလိုက် ထုတ်လွှင့်ပြသခဲ့သဖြင့် ပွင့်လင်းမြင်သာမှုကို မြှင့်တင်နိုင်ခဲ့**

## နိဂုံး

တောင်ကိုရီးယားရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပရသည့် အခြားအကြောင်းရင်းတစ်ခုမှာ ကိုဗစ်ကာလအတွင်း မဲဆွယ်စည်းရုံးမှုဆိုင်ရာ အကန့်အသတ်များရှိခဲ့သော်လည်း နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများက တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ခဲ့သည့်အတွက် ရွေးကောက်ပွဲ ကော်မရှင်၏ စီမံခန့်ခွဲမှုများ အောင်မြင်ထိရောက်ခဲ့ခြင်းဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံသည် စီးပွားရေး အားကောင်းခိုင်မာပြီး နည်းပညာ၊ အခြေခံအဆောက်အအုံ၊ လူသားအရင်းအမြစ်နှင့် ဆက်သွယ်ရေး နည်းလမ်းများ ကောင်းမွန်စွာ တည်ဆောက်ပြီးသည့် နိုင်ငံလည်းဖြစ်ပါသည်။

ရွေးကောက်ပွဲများကျင်းပရာတွင် လွတ်လပ်၍ တရားမျှတမှုရှိရန် ရွေးကောက်ပွဲကော်မရှင်၏ အခန်းကဏ္ဍမှာ အရေးကြီးသကဲ့သို့ သက်ဆိုင်ရာနိုင်ငံ၏ သမိုင်းကြောင်း၊ လူမှုရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ စီးပွားရေးအခြေအနေများ၊ အခြေခံအဆောက်အအုံနှင့် ပြည်သူလူထု၏ ရွေးကောက်ပွဲနှင့်ဒီမိုကရေစီအား သိရှိနားလည်မှုရေချိန် စသည့်အချက်များပေါ်တွင် များစွာမူတည်နေသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တစ်ရပ်ကို တည်ဆောက်ရာတွင် နိုင်ငံ၏ ရေမြေ၊ အခြေအနေနှင့် သင့်လျော်သည့် ရွေးကောက်ပွဲစနစ်များဖြင့် ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ခြင်းသည် အရေးကြီးသည့် အားလျော်စွာ အဆိုပါ ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်ပြည်သူလူထု၊ နိုင်ငံရေးပါတီများ အစရှိသည့် ရွေးကောက်ပွဲဆိုင်ရာ ပါဝင်သက်ဆိုင်သူများ (Electoral Stakeholders) များ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည်လည်းအရေးကြီးကြောင်းကို တောင်ကိုရီးယားနိုင်ငံ၏ ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများနှင့် နှိုင်းယှဉ်လေ့လာ သုံးသပ်နိုင်စေရန် တင်ပြလိုက်ရပါသည်။ ။

ကျမ်းကိုး-

Eletion Data and Election Information Library, National Election Commission of South Korea, www.nec.go.kr

Elections in South Korea, Association of World Election Bodies (A-WEB), www.aweb.org

Country: South Korea, 2020 Parliamentary Elections and Electoral Systems in South Korea, Wikipedia

Electoral Politics in Southeast and East Asia: A Comparative Perspective by Aurel Croissant

၂၀၂၀ ပြည့်နှစ်တောင်ကိုရီးယားလွှတ်တော်ရွေးကောက်ပွဲများ၊ တောင်ကိုရီးယား ရွေးကောက်ပွဲ ကော်မရှင်အတွင်းရေးမှူး ဂျီဂွန်းကီ

Republic of Korea ( Kuk-Hoe National Assembly), www.ipu.org

National Parliaments: South Korea, Law Library of Congress, www.loc.gov

## တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် သဘောတူညီချက်များရယူဆောင်ရွက်ခဲ့

၂၀၁၁ ခုနှစ် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် စတင်လျှောက်လှမ်းစဉ်ကာလကတည်းကပင် ရာနှုန်းပြည့် ငြိမ်းချမ်းရေးရရှိသည့် ဒီမိုကရေစီဖြင့် ဆောင်ရွက်ခဲ့ခြင်းမဟုတ်ဘဲ လက်နက်ကိုင်ပဋိပက္ခများအကြားမှပင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၁၁ ခုနှစ်တွင် ငြိမ်းချမ်းရေးအတွက်ဖိတ်ခေါ်၍ ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ NCA လက်မှတ်မရေးထိုးမီကာလအတွင်း Gentleman Agreement များဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် သဘောတူညီချက်များ ရယူဆောင်ရွက်ခဲ့သည်များလည်း ရှိကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၄-၅-၂၀၂၂ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့အစည်းအဝေး (၁/၂၀၂၂) ကျင်းပ

နေပြည်တော် ဇွန် ၂၃



**မြန်မာနိုင်ငံအကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့အစည်းအဝေး (၁/၂၀၂၂) ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။** (ယာပုံ)

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဗဟိုအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးချစ်နိုင်၊ ဦးမြင့်ကြိုင်၊ ဒေါက်တာ ညွန့်ဖေနှင့် ဒေါက်တာ သက်သက်ခိုင်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး သန်းလှိုင်၊ ဗိုလ်ချုပ် စိုးတင့်နိုင်၊ ဦးကျော်မျိုးထွဋ်နှင့် ဦးအောင်ကျော်ထွန်း၊ ဒုတိယရှေ့နေချုပ် ဦးစန်းလွင်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆက်လက်တိုးမြှင့်**

အစည်းအဝေးတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌက ဗဟိုအဖွဲ့အစည်းအဝေး ကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ ဥပဒေနှင့်အညီ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဆောင်ရွက်မှု၊ ကုလသမဂ္ဂ၏ ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေး မဟာဗျူဟာတွင် ဖော်ပြထားသည့် ကဏ္ဍ ၄ ရပ်နှင့်အညီ ဆောင်ရွက်ထားမှု၊ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော အကြမ်းဖက်မှုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ခိုင်မာအားကောင်းသည့် အကြမ်းဖက်မှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်ရေး၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များ၊ ဆက်လက်တိုးမြှင့်ဆောင်ရွက်ရန်များကို ဆွေးနွေးပြောကြားသည်။

**ချပြအသိပညာပေး**

ထို့ပြင် အကြမ်းဖက်အုပ်စုနှင့် ယင်းတို့က ဖွဲ့စည်းထားသည့် လက်အောက်ခံအဖွဲ့များက စာသင်ကျောင်းများ၊ နိုင်ငံပိုင်အဆောက်အဦများ၊ ဈေးများ၊ စက်ရုံ/အလုပ်ရုံများနှင့် ရဲစခန်းများကို မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ ရပ်/ကျေးနှင့် မြို့နယ်အုပ်ချုပ်ရေး တာဝန်ရှိသူများကို ရက်စက်စွာသတ်ဖြတ်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို အုပ်စုဖွဲ့ဖမ်းဆီးသတ်ဖြတ်ခြင်း၊ အပြစ်မဲ့ပြည်သူများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်း စသည့်အကြမ်းဖက်မှုများကို ဦးစီးလှုံ့ဆော်ဆောင်ရွက်နေသူများနှင့် အကြမ်းဖက်သမားများကို စုံစမ်းဖော်ထုတ်၍တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး၊ အကြမ်းဖက်လုပ်ဆောင်နေမှုများကို အစိုးရနှင့် တပ်မတော်၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆောင်ရွက်နေသည်ဟု Facebook နှင့် Internet Web-sites များတွင် သတင်းမှားများ ထုတ်လွှင့်နေခြင်း၊ ပြည်ပမီဒီယာများနှင့်ချိတ်ဆက်၍ ပြည်သူများ အထင်အမြင်လွဲမှားစေရန် သတင်းမှားများထုတ်ပြန်၍ လှုံ့ဆော်နေမှုများအားတိုက်ဖျက်၍ ဖြစ်ရပ်မှန်သတင်းအမှန်များကို အထောက်အထားခိုင်လုံစွာဖြင့် ပြည်သူများသို့ ချပြအသိပညာပေးခြင်းတို့ကို တိုးမြှင့်ဆောင်ရွက် သွားနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဗဟိုအဖွဲ့အတွင်းရေးမှူး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီး သန်းလှိုင်က ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် အုပ်စုဖွဲ့ဆန္ဒပြမှုများမှစတင်၍ ဆူပူအကြမ်းဖက်မှုများ၊ အဓိကရုဏ်းများ ဖန်တီးလုပ်ဆောင်လာပြီး မီးရှို့/လုယက်မှုများနှင့် မိုင်းထောင်မှုများ၊ သတ်ဖြတ်မှုများအထိ အရှိန်မြှင့် အကြမ်းဖက်လာမှု၊ ရပ်/ကျေးနှင့် မြို့နယ်အဆင့် အုပ်ချုပ်ရေးစနစ် ပျက်ပြား၍ ပြည်သူများ စိုးရိမ်ထိတ်လန့်မှုမြင့်မားလာပြီး ၎င်းတို့ကို ထောက်ခံပူးပေါင်းပါဝင်လာစေရန် လုပ်ဆောင်နေသည့် အခြေအနေ၊ မီးလောင်ပျက်စီးမှု၊ သေဆုံးမှု၊ သတ်ဖြတ်ခံရသည့် အကြမ်းဖက်မှုဖြစ်စဉ်များနှင့် ပတ်သက်၍ အမှုဖွင့်အရေးယူဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုအဖွဲ့တွဲဖက်အတွင်းရေးမှူး နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး၊ ဌာနကြီးမှူး ရဲမှူးချုပ် အောင်ဌေးမြင့်က အကြမ်းဖက်မှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်နှင့် တာဝန်ရှိသူများက အကြမ်းဖက်မှု တိုက်ဖျက်ရေးတွင် ကြိုတင်ကာကွယ်ရေးနှင့် တားဆီးနှိမ်နင်းရေး လုပ်ငန်းစဉ်များ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေး၊ ပြည်သူများ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ အပြစ်မဲ့ပြည်သူများကို အစွန်းရောက်မှုများ၊ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ အယူဝါဒစွဲများ ဖြစ်ပေါ်အောင် စည်းရုံးလှုံ့ဆော်မှုများ၊ အဓမ္မဝါဒကို လက်ခံယုံကြည်လုပ်ဆောင်လာအောင် ဝါဒဖြန့်နေမှုများနှင့်စပ်လျဉ်း၍ ပညာပေးရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်ရန်တို့ကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

**အဓမ္မရယူရန် ဆောင်ရွက်**

အစည်းအဝေးတွင် မြန်မာနိုင်ငံ၌ လက်ရှိအကြမ်းဖက်အုပ်စုဟု ထုတ်ပြန်ကြေညာထားသည့် နယ်မြေအပိုင်စီးရယူလိုမှုကြောင့် နိုင်ငံတကာ အကြမ်းဖက်အုပ်စုများနှင့် ချိတ်ဆက်၍ ပြည်ပနိုင်ငံအခြေပြုပြီး ရခိုင်ပြည်နယ်တွင် လက်နက်ကိုင်တိုက်ခိုက်နေသည့် ARSA အစွန်းရောက်အကြမ်းဖက်အုပ်စုနှင့် နိုင်ငံတော်အာဏာကို အဓမ္မရယူရန် ဆောင်ရွက်နေပြီး အစိုးရဟု အမည်ခံထားသည့် CRPH, NUG ယင်းတို့၏ လက်အောက်ခံ PDF နှင့် အဖွဲ့အစည်းများက အကြမ်းဖက်လုပ်ဆောင်နေမှုများကို တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရှိန်အဟုန်မြှင့် တိုက်ဖျက်သွားရန်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ မူဝါဒဖြစ်သော လူ့အဖွဲ့အစည်း အတွင်းတွင် ကွဲပြားစေမည့် အခြေခံအကြောင်းအရာများကို စနစ်တကျစိစစ်ဖော်ထုတ်ပြီး ကာကွယ်တားဆီးနိုင်ရေးအတွက် အစွန်းရောက်မှုများနှင့် အကြမ်းဖက်မှုများကို ထိရောက်စွာ တိုက်ဖျက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးခဲ့ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ် ပေးအပ်ပွဲကျင်းပ

နေပြည်တော် ဇွန် ၂၃

**မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standard Authority–NSSA) ၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ယနေ့ကျင်းပသည့် ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ် ပေးအပ်ပွဲတွင် ကိုယ်စားလှယ်များဖြင့် ပေးအပ်လိုက်သည့် ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ NSSA နည်းပညာအထောက်အကူပြု ရုံးများ၊ သက်ဆိုင်ရာ Assessment Center များမှတစ်ဆင့် ကျွမ်းကျင်လုပ်သားများထံသို့ ဆက်လက်ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ NSSA အနေဖြင့် ၂၀၁၄ ခုနှစ်မှစ၍ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်များ ပေးအပ်ခဲ့ရာ ယခုအထိ အလုပ်အကိုင် အမျိုးပေါင်း ၃၀ အတွက် အရည်အချင်းပြည့်မီသူ ကျွမ်းကျင်လုပ်သား ၁၆၆၃၆ ဦးရှိခဲ့ပြီး ကျွမ်းကျင်လုပ်သား ၁၄၃၆၃ ဦးကို အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ ပေးအပ်နိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း NSSA အနေဖြင့် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးကို ခေတ္တရပ်နားထားခဲ့ရပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် လုပ်သား ၃၀၀၀ စစ်ဆေးအကဲဖြတ်ရန် လျာထားမှုအပေါ် ၁၃၆ ဦးကိုသာ စစ်ဆေးပေးနိုင်ခဲ့ပါကြောင်း၊ ထို့ကြောင့် ဘဏ္ဍာရေးနှစ် ကျန်ရှိသည့် သုံးလတာအတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ စစ်ဆေးအကဲဖြတ်မှုလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းလျက်ရှိပါကြောင်း။

NSSA ၏ ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်ရရှိထားသည့် ကျွမ်းကျင် လုပ်သားများအနေဖြင့် မိမိတို့ရရှိထားသည့် ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်ကို တန်ဖိုးထားပြီး ခေတ်နှင့်အညီ ပြောင်းလဲ တိုးတက်လာသည့် ကျွမ်းကျင်မှုများကို စဉ်ဆက်မပြတ် လေ့လာသင်ယူကြရန် လိုအပ်ပါကြောင်း၊ လုပ်သားများ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများရရှိရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အားလုံးက တက်ညီလက်ညီ လက်တွဲပူးပေါင်း




ကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များကို Inspector ၊ Assessor ၊ Assessment Center နှင့် ကျွမ်းကျင်လုပ်သားများကိုယ်စား ကိုယ်စားလှယ်အသီးသီးထံ ပေးအပ်ကြသည်။

ထို့နောက် အလုပ်ရှင်များ ကိုယ်စား မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအေးလင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ကျွမ်းကျင်မှုအဆင့် (၁) အလုပ်အကိုင် ၁၇ မျိုးတွင် ဖြေဆိုအောင်မြင်ခဲ့သည့် ကျွမ်းကျင်လုပ်သား ၁၀၁၄ ဦးနှင့် ကျွမ်းကျင်မှု အဆင့်(၂) အလုပ်အကိုင်သုံးမျိုးတွင် ဖြေဆိုအောင်မြင်ခဲ့သည့် ကျွမ်းကျင်လုပ်သား ၅၉ ဦး၊ စစ်ဆေးအကဲဖြတ်ရေးဌာန သုံးခု၊ Inspector ငါးဦးနှင့် Assessor ၃၅ ဦးတို့ကို ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ Online မှတစ်ဆင့် အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

● *ကျောဖုံးမှ*

အိုလံပစ်ဝင်ခွင့်၌ အဆင့် ၂၉ နေရာ ရပ်တည်နေသောကြောင့် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရန် သေချာသလောက် ရှိနေခြင်းဖြစ်သည်။ အိုလံပစ်ပြိုင်ပွဲတွင် ပါဝင်မည့် အားကစားနည်းအများစုမှာ လက်ရည်စစ်ပွဲနှင့် ခြေစစ်ပွဲအောင်မြင်သည့် အသင်း သို့မဟုတ် တစ်ဦးချင်းသာ ယှဉ်ပြိုင်ခွင့်ရခဲ့သော်လည်း နိုင်ငံတကာအိုလံပစ်ကော်မတီအနေဖြင့် အဖွဲ့ဝင်နိုင်ငံအားလုံး ပါဝင်ယှဉ်ပြိုင်စေရန် သတ်မှတ်ထားသောကြောင့် အချို့အားကစားနည်းများတွင် တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။

အဖွဲ့ဝင်နိုင်ငံများအနေဖြင့် သက်ဆိုင်ရာ အိုလံပစ်ကော်မတီမှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်လိုသည့် အားကစားနည်းများကို တင်ပြရပြီး ယင်းအားကစားနည်းများမှ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသည့် အားကစားနည်းများကို ပြန်လည်အတည်ပြု ပေးပို့မည်ဖြစ်သည်။

မြန်မာအားကစားအဖွဲ့အနေဖြင့် ၂၀၁၆ ရီယိုအိုလံပစ်ပြိုင်ပွဲတွင် အားကစားနည်း ငါးမျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

**ရဲရင့်လွင်**

❄ *ကျောဖုံးမှ*

ပြိုင်ပွဲများအနက် ကပ်ရောဂါ အခြေအနေကြောင့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကိုသာ ကျင်းပနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး ကျန်ပြိုင်ပွဲအများစုမှာ ဖျက်သိမ်းရမည့် အနေအထားတွင် ရှိနေခြင်းဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်တွင်ကျင်းပရန် စီစဉ်ထားသည့် ပြိုင်ပွဲကိုးခုအနက် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကိုသာ စပွန်ဆာကိစ္စကြောင့် မဖြစ်မနေကျင်းပနိုင်ရန် ကြိုးပမ်းလျက်ရှိပြီး ကျန်ပြိုင်ပွဲများဖြစ်သည့် အမျိုးသားပြိုင်ပွဲများဖြစ်သည့် အာဆီယံ ယူ-၁၉ ဘောလုံးပြိုင်ပွဲ၊ အာဆီယံ ယူ-၁၆ ဘောလုံးပြိုင်ပွဲ၊ အာဆီယံဖူဆယ်ပြိုင်ပွဲ၊ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲ၊ အာဆီယံ သဲသောင်ပြင်ဘောလုံးပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲများဖြစ်သည့် အာဆီယံချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ၊ အာဆီယံ ယူ-၁၉ ဘောလုံးပြိုင်ပွဲနှင့် အာဆီယံ ယူ-၁၆ ဘောလုံးပြိုင်ပွဲတို့မှာ ကျင်းပနိုင်ရန် မသေချာသေးခြင်းဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲရှစ်ခုကို အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့၌ ကျင်းပရန် စီစဉ်ထားခြင်းဖြစ်ပြီး ဩဂုတ်နောက်ပိုင်းပြုလုပ်ရန် လျာထားခြင်းဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ် ပြိုင်ပွဲကျင်းပရေးကော်မတီအစည်းအဝေးတွင် ယခုနှစ်အတွင်းကျင်းပရန် စီစဉ်ထားသည့် ပြိုင်ပွဲများနှင့်ပတ်သက်၍ ထုတ်ပြန်မည်ဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံအများစုတွင် ကပ်ရောဂါကူးစက်မှုနှုန်းမှာ သိသိသာသာ မြင့်တက်လာသဖြင့် ပြိုင်ပွဲများကျင်းပနိုင်ရန် ခက်ခဲနိုင်ဖွယ်ရှိနေသည်။

အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကိုသာ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ကျင်းပရန် ရက်သတ်မှတ်ထားပြီး အုပ်စုမဲခွဲပွဲကို ဩဂုတ် ၁၀ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။

မြန်မာအသင်းများအနေဖြင့် အာဆီယံဘောလုံးအဖွဲ့ချုပ်က ကျင်းပသည့်ပြိုင်ပွဲအများစုတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ယခုနှစ်တွင်ကျင်းပမည့် ပြိုင်ပွဲများအနက် သဲသောင်ပြင်ဘောလုံးပြိုင်ပွဲမှလွဲ၍ ကျန်ပြိုင်ပွဲအားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားခြင်းဖြစ်သည်။

**ရဲရင့်လွင်**

# သာတူညီမျှခြင်းနှင့် သူနိုင် ကိုယ်နိုင်

## မျိုးငြိမ်းငယ်

### တစ်ဖက်သတ်ဆုံးဖြတ်ခြင်း

လူမှုဝန်းကျင်တွင် ဓမ္မနှင့် အဓမ္မ ပြောဆိုကြ၊ ရှာဖွေကြရာတွင် ယင်း ဓမ္မနှင့် အဓမ္မကို မည်သို့ ဆုံးဖြတ်ကြသည်ဆိုသည်က ပို၍စဉ်းစားဖွယ် ဖြစ်ပါသည်။ ထိုသို့မဟုတ်ပါက လူတိုင်းသည် မိမိလိုလားချက်နှင့် မိမိအကျိုးစီးပွားဦးတည်နေခြင်းကို ဓမ္မဟု ဆိုကြပေလိမ့်မည်။ အထူးသဖြင့် လူများဖြင့်စုပေါင်းနေထိုင်ကြသော အသိုက်အဝန်းတွင် လူအမျိုးမျိုးရှိကြသကဲ့လို့ လိုလားချက်များ၊ အမြင်သဘောထားများ၊ အယူအဆများနှင့် ရှုထောင့်များ အမျိုးမျိုးရှိတတ်ကြသည်။

ထိုမတူညီမှု အမျိုးမျိုးတွင် သူတစ်လူ ငါ တစ်မင်းဖြင့် ကိုယ်သာလျှင်အမှန်၊ ကိုယ့်ဘက်သာလျှင် ဓမ္မဟု ဆိုနေကြမည်ဆိုပါက ယင်းသည်ပင် ပဋိပက္ခအသွင်ဓမ္မ ဖြစ်သွားပေလိမ့်မည်။ ဓမ္မ ဆိုသည်က အင်အားဖြင့် ဆုံးဖြတ်ခြင်းလား၊ အနိုင်အရှုံးဖြင့် ဆုံးဖြတ်ခြင်းလား၊ စံနှုန်းများဖြင့် တိုင်းတာခြင်းလား ချင့်ချိန်ကြရန် လိုအပ်လာပါသည်။

**လူ့လောကတွင် အင်အားဆိုသည့်အရာများစွာ ရှိနေပါသည်။ ထိုအင်အားတို့တွင် လူ၊ လက်နက်၊ ဥစ္စာဓန၊ အာဏာ၊ နည်းပညာ စသည်တို့ ပါဝင်သည်။ သတ္တဝါလောကတွင် တရားခြင်း၊ မတရားခြင်း မရှိ။ ကျိုးကြောင်းဆင်ခြင်မှု မရှိ။ ကိုယ်ချင်းစာတရားမရှိ။ ကျင့်ဝတ်မရှိ။ ဥပဒေမရှိ။ အင်အားဖြင့် ဆုံးဖြတ်ကြသည်။ လူ့ဝန်းကျင်ဆိုသည်က သတ္တဝါလောကလို မဟုတ်။ တရားမှု/ မတရားမှုရှိသည်။ ကျိုးကြောင်း ဆင်ခြင်မှု ရှိသည်။ အကြင်နာတရားရှိသည်။ ဖြဟ္မစိုရ်တရားရှိသည်။ ကျင့်ဝတ်ရှိသည်။ ဥပဒေများရှိသည်။ သို့ဖြစ်ရာ ပိုင်ဆိုင်သော အင်အားများဖြင့် ဓမ္မနှင့် အဓမ္မကို ပိုင်းခြား ဆုံးဖြတ်မည်ဆိုပါက မှန်ကန်သောအဆုံးအဖြတ်ဟု ဆိုနိုင်မည် မဟုတ်ဘဲ တစ်ဖက်သတ် ကောက်ယူသော ဆုံးဖြတ်ချက်သာ ဖြစ်ပေလိမ့်မည်။**

သို့ဖြစ်လျှင် တရားမှုနှင့် မတရားမှု၊ ဓမ္မနှင့် အဓမ္မ ဆိုသည်က တစ်ဖက်သတ် ဆုံးဖြတ်ရမည့် အကြောင်းအရာတစ်ရပ်မဟုတ်။ တိုင်းတာရမည့် စံနှုန်းများနှင့် အခြေအနေများ ရှိနေပါသည်။

### လူမှုတရားမျှတမှု

လူမှုတရားမျှတမှုသည် လူ့အဖွဲ့အစည်းတစ်ခု အတွင်း ကြွယ်ဝချမ်းသာမှု၊ အခွင့်အလမ်းများနှင့် ရပိုင်ခွင့်များ ဖြန့်ဝေခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ လူမှုတရားမျှတမှုတွင် လူ့အခွင့်အရေးများ၊ ရပိုင်ခွင့်များ၊ ပါဝင်ဆောင်ရွက်ခွင့်များနှင့် တန်းတူညီမျှမှုတို့လည်း ပါဝင်ပါသည်။ လူမှု တရားမျှတမှုသည် နိုင်ငံများ အချင်းချင်းအကြားနှင့် နိုင်ငံများအတွင်း ငြိမ်းချမ်းစွာနှင့် ကြွယ်ဝချမ်းသာစွာ အတူယှဉ်တွဲနေထိုင်ရေးအတွက် အခြေခံ သဘောတရားတစ်ရပ်ဟု ကုလသမဂ္ဂက ဖွင့်ဆိုပါသည်။ လူမှုတရားမျှတမှုသည် လူ့အဖွဲ့အစည်းအတွင်း ပါဝင်နေသူအားလုံး၏ တန်းတူညီမျှ ဘုံအကျိုးစီးပွားများအပေါ် အခြေခံသည်။ တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခု အတွက် ရည်ရွယ်လိုခြင်း မဟုတ်ချေ။

**တရားမျှတမှုဆိုပါက အားလုံးပါဝင်ခြင်းနှင့် မျှတမှုဖြစ်ရန် လိုအပ်သည်။ သို့မှသာ အားလုံး အကျုံးဝင်သော အမှန်တရား ဖြစ်ပေလိမ့်မည်။ တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တည်း၏ တရားမျှတမှု ဆိုသည်က အားလုံးအကျုံးဝင်သည့် အမှန်တရားဟု ဆိုရန် ခက်ခဲပါသည်။ ယင်းသည် တစ်ဖက်သတ် လိုလားချက်ဟု ဆိုရပါမည်။ ထိုလိုလားချက်သည် လူမှု တရားမျှတမှုနှင့် သဟဇာတဖြစ်ရန် ခက်ခဲ ပေလိမ့်မည်။**

> ❖ **တရားမျှတမှုဆိုပါက အားလုံးပါဝင်ခြင်းနှင့် မျှတမှုဖြစ်ရန် လိုအပ်သည်။ သို့မှသာ အားလုံး အကျုံးဝင်သော အမှန်တရား ဖြစ်ပေလိမ့်မည်။ တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တည်း၏ တရား မျှတမှု ဆိုသည်က အားလုံးအကျုံးဝင်သည့် အမှန်တရားဟုဆိုရန် ခက်ခဲပါသည်။ ယင်းသည် တစ်ဖက်သတ် လိုလားချက်ဟု ဆိုရပါမည်။ ထိုလိုလားချက်သည် လူမှုတရားမျှတမှုနှင့် သဟ ဇာတဖြစ်ရန် ခက်ခဲပေလိမ့်မည်**

### မတူကွဲပြားမှုများဖြင့်

နိုင်ငံတစ်နိုင်ငံ သို့မဟုတ် လူ့အဖွဲ့အစည်းများ ဆိုသည်က မတူကွဲပြားမှုများဖြင့် ပေါင်းစည်းထားတတ်ကြပါသည်။ မြန်မာနိုင်ငံတွင် မတူညီသော တိုင်းရင်းသားများ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ ကိုးကွယ်ရာဘာသာ ကဲ့သို့သော မတူကွဲပြားမှု များစွာဖြင့် စုစည်းနေထိုင်ကြပါသည်။ မြန်မာနိုင်ငံ အတွင်း မတူကွဲပြားမှုနှင့် စုစည်းနေထိုင်သော အခြေအနေသည် ယခုမှဖြစ်တည်လာသည့် အခြေအနေမဟုတ်။ မိမိတို့ ဘိုးဘွား ဘီဘင်များလက်ထက်ကပင် ထိုမတူကွဲပြားမှုများနှင့် ယှဉ်တွဲနေထိုင်လာကြသည်မှာ ယနေ့ထက်ထိပင် ဖြစ်သည်။ ထို မတူကွဲပြားမှုများနှင့် နိုင်ငံတစ်နိုင်ငံ တည်ဆောက်ရာတွင် ရှိရင်းစွဲ မတူကွဲပြားမှုများ အပေါ်ထားရှိသည့် အခြေခံသဘောထားသည် များစွာ အရေးကြီးပါသည်။

မတူညီသော လူမျိုးများ၊ အဖွဲ့အစည်းများ၊ ယဉ်ကျေးမှုများ၊ ဘာသာတရားများအပြင် နိုင်ငံရေး အယူအဆ ကွဲပြားမှုများဖြင့် လူမှုအသိုက်အဝန်းတစ်ခုအတွင်း အတူတကွ ပူးတွဲတည်ရှိနေခြင်းသည် နိုင်ငံရေးနှင့် စီးပွားရေး တိုးတက်မှုများအတွက် ပြဿနာတစ်ရပ်အဖြစ် မကြာခဏ ရှုမြင်လေ့ရှိတတ်ကြသည်။ လူမှုအဖွဲ့အစည်း တစ်ခုအတွင်းရှိ အမျိုးမျိုးသော မတူညီမှုများသည် နိုင်ငံ၏ အစိုးရတစ်ရပ်အပေါ် မတူညီသော အကျိုးတရားများ သက်ရောက်လျက်ရှိတတ်ကြသည်။ ယင်း မတူကွဲပြားမှုများအပေါ် ရှုမြင်ပုံ၊ ခံယူပုံနှင့် လက်တွေ့ ကိုင်တွယ် ဆောင်ရွက်ပုံများအလိုက် အကျိုးသက်ရောက်မှုများလည်း ကွဲပြား ခြားနားနေမည်ဖြစ်သည်။ ဒီမိုကရေစီစနစ်တွင် အနှစ်သာရတစ်ခုမှာ မတူညီမှုများဖြင့် ပေါင်းစည်းခြင်းဖြစ်သည်။ ယင်းသို့ ပေါင်းစည်းခြင်းဖြင့် လူမှုအဖွဲ့အစည်းအတွင်း တည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ရေရှည် တည်ဆောက်ရန် ရည်ရွယ်လိုရင်းပင် ဖြစ်သည်။

### သာတူညီမျှမှုနှင့် သူနိုင် ကိုယ်နိုင်

ထိုမတူကွဲပြားမှုများကို ပေါင်းစည်းရာတွင် တရားမျှတမှုသည် အခြေခံ လိုအပ်ချက်တစ်ရပ်ဖြစ်ပေသည်။ လူမှုတရားမျှတမှုနှင့်ပတ်သက်၍ အယူအဆအမျိုးမျိုး၊ သဘောတရားအမျိုးမျိုး၊ အမြင်အမျိုးမျိုး ကွဲပြားမှုများ ရှိနေသော်လည်း equality and equity သဘော၊ win – win သဘောသည် ပါဝင်ပတ်သက်နေသည့် ပုဂ္ဂိုလ်တစ်ဦးချင်းအတွက်ဖြစ်စေ၊ အဖွဲ့အစည်းအတွက်ဖြစ်စေ နှစ်ဦးနှစ်ဖက်အကျိုးရှိစေသဖြင့် မူလ ရည်ရွယ်ချက်ဖြစ်သည့် လူမှုအဖွဲ့အစည်းတစ်ရပ်လုံး တည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

သူနိုင် ကိုယ်နိုင် သဘောသည် တစ်ဖက်တည်း၏လိုလားချက်အပေါ် မရပ်တည်ဘဲ နှစ်ဦး နှစ်ဖက်၏သဘောတူညီမှုအပေါ် ရပ်တည်သဖြင့် တရားမျှတသော အခြေအနေကို ဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။ သူနိုင် ကိုယ်နိုင်၏ ဆန့်ကျင်ဘက်သဘောသည် သူနိုင် ကိုယ်ရှုံး သို့မဟုတ် ကိုယ်နိုင် သူရှုံး သဘောဖြစ်သည်။ တည်ငြိမ် အေးချမ်းသော လူ့အသိုက်အဝန်း တည်ဆောက်ရာတွင် ကစားပွဲတစ်ခု၊ ပြိုင်ပွဲတစ်ခုကဲ့သို့ အနိုင်အရှုံးဖြင့် ဆုံးဖြတ်၍ ရနိုင်မည် မဟုတ်ချေ။

**သူနိုင်ကိုယ်နိုင် သဘောဖြင့်သာ အတူယှဉ်တွဲနေထိုင်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်နားလည်မှုတို့ တည်ဆောက်နိုင်မည်ဖြစ်သည်။ ထိုသို့မဟုတ်ပါဘဲ သူ့ဘက် ကိုယ့်ဘက် လိုလားချက်များ သို့မဟုတ် ကိုယ်နိုင်သူရှုံးသဘောကို ကျားကန်ဆုပ်ကိုင်ထားခြင်းသည် ရေရှည်တည်ငြိမ် အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်ခု၊ နိုင်ငံရေးစနစ်တစ်ရပ် ထူထောင်ရာတွင် ပဋိပက္ခအသွင်ဖြင့် ကောင်းကျိုးထက် ဆိုးကျိုးများကိုသာ ပေါ်ထွက်လာစေနိုင်သည်ကို သတိပြုကြရပါမည်။**

အထူးသဖြင့် နိုင်ငံတည်ဆောက်ရာတွင် နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ အကျိုးစီးပွားများထက် ပြည်သူလူထု အကျိုးကိုလည်း ထည့်သွင်းစဉ်းစားကြရန် လိုအပ်ပါသည်။ နိုင်ငံတည်ဆောက်ရေးတွင် မိမိတို့သည်သာ အမှန်ဆိုသည့် အယူအဆဆိုသည်ထက် သာတူညီမျှ ဘုံအကျိုးစီးပွားအပေါ်ရပ်တည်၍ အားလုံး ပါဝင်သော သူနိုင် ကိုယ်နိုင်အခြေအနေကို ဖော်ဆောင်ခြင်းဖြင့်သာ နိုင်ငံတည်ဆောက်ရေးအတွက်ဖြစ်စေ၊ လူထုအကျိုးအတွက်ဖြစ်စေ အထောက်အကူ ဖြစ်စေနိုင်ပါသည်။

### ဒီမိုကရေစီခြေလှမ်းအစ

၂၀၁၁ ခုနှစ်က မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အရှိန်အဟုန်ဖြင့် ပြောင်းလဲနိုင်ခဲ့ပါသည်။ လွှတ်တော်ပထမသက်တမ်း ၅ နှစ်အတွင်း အားလုံးပါဝင်သော နိုင်ငံရေးအခင်းအကျင်းဖြင့် နိုင်ငံရေးပါတီများအားလုံးကို ပါဝင်စေခဲ့ပါသည်။ ငြိမ်းချမ်းရေးတွင်လည်း တိုင်းရင်းသားလက်နက်ကိုင်များ၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်အဖွဲ့အစည်းများပါဝင်၍ လက်ရည်တစ်ပြင်တည်း ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ကြသဖြင့် မြန်မာ့နိုင်ငံရေးသမိုင်းတွင် အသွင်သစ်ငြိမ်းချမ်းရေးအုတ်မြစ် NCA ကို စတင် အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

> ❖ **အသွင်ကူးပြောင်းရေး ပထမ ၅ နှစ်အတွင်း ဗဟိုဦးစီးစနစ်တစ်ရပ်မှ ဒီမိုကရေစီ အသွင်ကူးပြောင်း ရေးသို့ ကူးပြောင်းရာတွင် အချိန်တိုအတွင်း ပြုပြင်ပြောင်းလဲနိုင်သည်များ ရှိသကဲ့သို့ အချိန်ပေး ဆောင်ရွက်ရသည်များလည်း ရှိနေသဖြင့် ပထမအကြိမ် အစိုးရ သက်တမ်းကာလအတွင်း လိုအပ်ချက်များရှိခဲ့ပါသည်။ သို့သော်လည်း ဒီမိုကရေစီအရွေ့နှင့် တိုင်းတာမည်ဆိုပါက အသွင် ကူးပြောင်းရေးကို အောင်အောင်မြင်မြင် ခြေလှမ်းနိုင်ခဲ့သည်မှာ အရှိတရားတစ်ခုအဖြစ် တွေ့ကြရမည်ဖြစ်သည်**

*စာမျက်နှာ ၁၃ သို့*

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိဌာနများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၃

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ဇွန် ၂၂ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ မြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်းနေရာ၊ ဗိုလ်မြတ်ထွန်းတံတား ရေလမ်းကောင်းမွန်ရေးလုပ်ငန်းနေရာ၊ ဟင်္သာတမြို့နယ် ဖောင်ဆိပ်ရေလမ်းကောင်းမွန်ရေးလုပ်ငန်းနေရာနှင့် ဟင်္သာတဘူတာတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။** (ယာပုံ)



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၇ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ မြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်းနေရာသို့ရောက်ရှိပြီး ရှင်းလင်းဆောင်၌ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်က နှစ်အလိုက် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ကမ်းထိန်းလုပ်ငန်း ဆောင်ရွက်မှုများကိုရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သိလိုသည်များကို မေးမြန်း၍ လိုအပ်သည်များ မှာကြားကာ မြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နံနက် ၈ နာရီတွင် ဗိုလ်မြတ်ထွန်းတံတား ရေလမ်းကောင်းမွန်ရေးလုပ်ငန်းနေရာသို့ ရောက်ရှိရာ တာဝန်ရှိသူများက ၂၀၀၂ ခုနှစ်မှစတင်၍ ဗိုလ်မြတ်ထွန်းတံတားရေလမ်းကြောင်း ကောင်းမွန်ရေးနှင့် တံတားကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရမှုများနှင့် ဆက်လက်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားကာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ညောင်တုန်းတံတားအောက်ရေလမ်းကောင်းမွန်ရေးလုပ်ငန်း ဆောင်ရွက်ထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

### လိုအပ်သည်များ မှာကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဟင်္သာတမြို့နယ် ဖောင်ဆိပ်ကျေးရွာ ဧရာဝတီမြစ်ကမ်းထိန်းလုပ်ငန်းနေရာသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ တာဝန်ရှိသူက မြစ်အတွင်းသောင်တူးခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ရေလမ်းကြောင်းကောင်းမွန်ရေး ဖြတ်မြောင်းတူးဖော်မည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သိလိုသည်များကို မေးမြန်း၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဟင်္သာတဘူတာတွင် ဝန်ကြီးဌာနလက်အောက်ရှိ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ မြန်မာ့မီးရထား၊ ကုန်းလမ်းပို့ဆောင်ရေး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် မြန်မာ့စာတိုက်လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနသည် ပြည်သူများ၏ သွားလာမှုအဆင်ပြေစေရေးနှင့် နိုင်ငံအခွန်ဘဏ္ဍာရရှိရေးတို့ကို ဆောင်ရွက်ပေးနေရသည့် အဖွဲ့အစည်းများဖြစ်၍ လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်မြင့်မားစွာဖြင့် မိမိလုပ်ငန်းတာဝန်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် ဌာနအကြီးအကဲများအနေဖြင့်လည်း ဝန်ထမ်းများ၏ လိုအပ်ချက်၊ အခက်အခဲများအပေါ် ဖြေရှင်းဆောင်ရွက်ပေးသွားရန် မှာကြားခဲ့ပြီး ဌာနများမှ အရာထမ်း၊ အမှုထမ်းများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ ဟင်္သာတဘူတာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံခြားသုံးငွေလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေနှင့် စည်းမျဉ်းတို့ပါ ပြဋ္ဌာန်းချက်များ တိကျစွာ လိုက်နာဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဇွန် ၂၃**

မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းသော်သည် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်းများ၊ နိုင်ငံခြားသုံးငွေများ ရောင်းဝယ် ဖောက်ကားသည့် လုပ်ငန်း (AD) လိုင်စင်ရဘဏ် ၄၃ ဘဏ်မှ တာဝန်ရှိသူများနှင့် ယနေ့မွန်းလွဲ ၂ နာရီတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် အစည်းအဝေး ပြုလုပ်သည်။ **(ယာပုံ)**



အစည်းအဝေးသို့ AD လိုင်စင်ရဘဏ်များမှ စီမံခန့်ခွဲမှုဆိုင်ရာ အကြီးတန်းအရာရှိများ၊ နိုင်ငံတကာဘဏ် လုပ်ငန်းဌာနနှင့် ဘဏ္ဍာရေးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဆွေးနွေး ညှိနှိုင်း

အစည်းအဝေးတွင် နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်း (AD) လိုင်စင်ရဘဏ်များက နိုင်ငံခြားသုံးငွေ လုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေနှင့် စည်းမျဉ်းတို့ပါ ပြဋ္ဌာန်းချက်များကို တိကျစွာလိုက်နာ ဆောင်ရွက်ရန် ကိစ္စရပ်နှင့်စပ်လျဉ်း၍ သာမန်စာရင်းနှင့် ငွေလုံးငွေရင်းစာရင်းပိုင်းဆိုင်ရာ လွှဲပြောင်းပေးချေမှုများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (FDI)အတွက် ရင်းနှီးငွေယူဆောင်လာခြင်း (Capital Brought-in)၊ ပြည်ပချေးငွေ (Offshore Loan) ဆိုင်ရာကိစ္စရပ်များ၊ ပို့ကုန်တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ခြင်း ရှိ/မရှိ စိစစ်သည့် ကိစ္စရပ်များနှင့် နိုင်ငံဖြတ်ကျော် ငွေလွှဲပြောင်းပေးချေမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

သတင်းစဉ်

*စာမျက်နှာ ၁၂ မှ*

အလားတူပင် ပထမအကြိမ် လွှတ်တော်သည် သက်တမ်းအားဖြင့် နုနယ်သေးသော်လည်း နိုင်ငံရေး အသွေးအရောင်အားဖြင့်ဖြစ်စေ၊ တိုင်းရင်းသားလူမျိုးအားဖြင့်ဖြစ်စေ မတူကွဲပြားမှုများဖြင့် ပေါင်းစပ်လုပ်ဆောင်နိုင်ခဲ့သည်ကို လွှတ်တော်မှတ်တမ်းများတွင် တွေ့မြင်နိုင်သည်။ ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲတွင်လည်း ဒီမိုကရေစီ အခြေခံသဘောများနှင့်အညီ ရွေးကောက်ပွဲကျင်းပခြင်း၊ အာဏာလွှဲပြောင်းခြင်းများ ဆောင်ရွက်နိုင်ခဲ့သဖြင့် အသွင်ကူးပြောင်းရေး ဒုတိယခြေလှမ်းကို လက်ဆင့်ကမ်းနိုင်ခဲ့ပေသည်။

**အသွင်ကူးပြောင်းရေး ပထမ ၅ နှစ်အတွင်း ဗဟိုဦးစီးစနစ်တစ်ရပ်မှ ဒီမိုကရေစီ အသွင် ကူးပြောင်းရေးသို့ကူးပြောင်းရာတွင် အချိန်တိုအတွင်း ပြုပြင်ပြောင်းလဲနိုင်သည်များ ရှိသကဲ့သို့ အချိန်ပေးဆောင်ရွက်ရသည်များလည်း ရှိနေသဖြင့် ပထမအကြိမ် အစိုးရသက်တမ်းကာလအတွင်း လိုအပ်ချက်များရှိခဲ့ပါသည်။ သို့သော်လည်း ဒီမိုကရေစီ အရွေ့နှင့် တိုင်းတာမည်ဆိုပါက အသွင်ကူးပြောင်းရေးကို အောင်အောင်မြင်မြင် ခြေလှမ်းနိုင်ခဲ့သည်မှာ အရှိတရားတစ်ခုအဖြစ် တွေ့ကြရမည် ဖြစ်သည်။**

### တစ်ပါတီအုပ်စိုးရေး

သို့သော်လည်း အသွင်ကူးပြောင်းရေး ဒုတိယသက်တမ်းတွင် အနိုင်ရပါတီတစ်ခုတည်းက အလုံးစုံ အုပ်စိုးနိုင်ရေး ခြေလှမ်းများကို တွေ့မြင်လာရသည်။ လွှတ်တော်အတွင်း တိုင်းရင်းသားများ၏အသံပျောက်သွားခြင်း၊ လူနည်းစုပါတီများ၏အသံပျောက်သွားခြင်း၊ အားလုံးပါဝင်သော ပူးပေါင်းဆောင်ရွက်မှုထက် တစ်ပါတီတည်းကြီးစိုးသောလွှတ်တော် ဖြစ်လာခြင်းများသည် အားလုံးပါဝင်မှု၊ တန်းတူညီမျှမှုနှင့် ဘုံအကျိုးစီးပွား ဦးတည်ချက်ထက် မိမိပါတီအကျိုးစီးပွားသည်သာ ထိပ်တန်းသို့ ရောက်ရှိလာသည်ကို တွေ့ခဲ့ကြရသည်။ လွှတ်တော်အတွင်း မေးခွန်းမေးမြန်းမှု၊ အဆိုတင်သွင်းမှု၊ မဲခွဲဆုံးဖြတ်မှုတို့တွင် အထင်အရှား တွေ့မြင်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုဆိုသည်မှာ မျှတမှုဆိုသည့် ဟန်ချက်အပေါ် တည်မှီပါသည်။ နိုင်ငံ၏ဟန်ချက်များကို ထိန်းကျောင်းနိုင်သည့် နိုင်ငံ၏မဏ္ဍိုင်များ မခိုင်မာသေးချိန်တွင် ယင်းမဏ္ဍိုင်များကို ပါတီမှ လွှမ်းမိုးချယ်လှယ်ခြင်းများသည် ဒီမိုကရေစီအရွေ့အတွက် အဟန့်အတားများပင်ဖြစ်သည်။ ယင်းသို့ တစ်ပါတီထဲမှချုပ်ကိုင်ရေး ကြိုးပမ်းမှု၏ နောက်ဆက်တွဲအကျိုးဆက်မှာ နိုင်ငံရေးအကျပ်အတည်းများဆီသို့ တွန်းပို့လိုက်ခြင်းပင်ဖြစ်သည်။

### တရားမျှတလွတ်လပ်ခြင်းနဲ့ ခွင့်တူညီမျှ

မြန်မာ့နိုင်ငံရေး သမိုင်းတစ်လျှောက်တွင် အားလုံးပါဝင်သော သူနိုင်ကိုယ်နိုင် အခြေအနေတည်ဆောက်ခြင်းထက် နိုင်သူအကုန်ယူစနစ်ဖြင့်သာ ဖြတ်သန်းခဲ့ကြရသည်။ ၁၉၄၇ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့ တိုင်းပြုပြည်ပြုလွှတ်တော် တတိယညီလာခံ ဆဋ္ဌမမြောက်အစည်းအဝေးတွင် နိုင်ငံတော်သီချင်းအဖြစ် အတည်ပြုခဲ့သည့် ကမ္ဘာမကျေသီချင်းတွင် တရားမျှတလွတ်လပ်ခြင်းနဲ့ မသွေ၊ တို့ပြည်၊ တို့မြေ၊ များလူခပ်သိမ်း၊ ငြိမ်းချမ်းစေဖို့၊ ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့ပြည်၊ တို့ပြည်၊ တို့မြေ၊ ပြည်ထောင်စု အမွေ၊ အမြဲတည်တံ့စေ၊ အဓိဋ္ဌာန်ပြုပေ၊ ထိန်းသိမ်းစို့လေဟု ရေးသားထားပါသည်။ ယင်းစာသားများမှာ နိုင်ငံတော်၏ မျှော်မှန်းချက်၊ ဦးတည်ချက်များဟုလည်း ခေါ်ဆိုနိုင်ပါသည်။

သို့သော်လည်း ယင်းမျှော်မှန်းချက်၊ ဦးတည်ချက်တို့ကို လက်တွေ့အားဖြင့် အကောင်အထည်ဖော်နိုင်မှု အားနည်းခဲ့သည်မှာ ယနေ့အထိပင်ဖြစ်သည်။ ယနေ့ကဲ့သို့ နိုင်ငံရေးအကျပ်အတည်းများကို ဖြေရှင်းရန် လိုအပ်နေချိန်တွင်ပင် ငါတို့သည်သာလျှင်ခမ္မ၊ ငါတို့မှတ်လျှင်အခမ္မဆိုသည့် အယူအဆများနှင့် လုပ်ဆောင်မှုများသည် နိုင်ငံ၏ ရည်ရွယ်ချက်၊ မျှော်မှန်းချက်များနှင့် ဆန့်ကျင်နေပါသည်။

နိုင်ငံအား ဒီမိုကရေစီအသွင်ကူးပြောင်းရေးခရီး အောင်မြင်ရန်နှင့် နိုင်ငံတည်ဆောက်ရန်ဆိုပါက ငါတို့သည်သာအမှန်ဆိုသည့် အယူအဆထက် သာတူညီမျှမှုသဘော၊ သူနိုင်ငါနိုင် သဘောတရားဖြင့် ဆောင်ရွက်မှုသာ တရားမျှတမှု၊ လွတ်လပ်မှု၊ ခွင့်တူညီမျှမှု၊ ငြိမ်းချမ်းမှုတို့ဖြင့် အနာဂတ် ဒီမိုကရေစီခရီး ရှေ့ဆက်လှမ်းနိုင်မည်ဖြစ်သည်။ ။

# အာရှနိုင်ငံများ၌ ကိုဗစ်-၁၉ ရောဂါ ဆက်လက်ကူးစက်ဖြစ်ပွား

ဟောင်ကောင် ဇွန် ၂၃

**ကိုဗစ်-၁၉ ကပ်ရောဂါသည် အာရှနိုင်ငံများတွင် ဆက်လက်ကူးစက်ဖြစ်ပွားလျက်ရှိရာ အိန္ဒိယနိုင်ငံတွင် ဇွန် ၂၃ ရက်အထိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၀၀၂၈၇၀၉ ဦး ရှိလာခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံတွင်လည်း တစ်မူထူးခြားပြီး တစ်နေ့အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၅၈၇ ဦးဖြင့် အမြင့်ဆုံး စံချိန်တင်ခဲ့သည်။**



ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရန် စောင့်ဆိုင်းနေသူများကို တွေ့ရစဉ်။

## အိန္ဒိယ

အိန္ဒိယနိုင်ငံ၏ ကိုဗစ်-၁၉ အတည်ပြုကူးစက်ဖြစ်ပွားသူပေါင်းသည် ယခုအခါ သန်း ၃၀ ကျော်လွန်လာခဲ့ပြီဖြစ်သည်။ ထို့အတူ သေဆုံးသူမှာလည်း ၃၉၀၀၀၀ အထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန် ဖော်ပြလိုက်သည်။ အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၀၀၂၈၇၀၉ ဦးရှိပြီး သေဆုံးသူပေါင်းမှာ ၃၉၀၆၆၀ ရှိသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ အတည်ပြုလူနာ ၅၀၈၄၈ ဦးရှိခဲ့ပြီး ၁၃၅၈ ဦး သေဆုံးခဲ့သည်။

လတ်တလောတွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၆၄၃၁၉၄ ဦးရှိပြီး ဇွန် ၂၂ ရက် နံနက်ပိုင်းအထိ ၁၉၃၂၇ ဦး ကျဆင်းခဲ့သည်။

ဒယ်လ်တာ ကိုဗစ်-၁၉ မျိုးစိတ်သစ်ကြောင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၀ ခန့် အထိ တိုးလာကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများက ပြောသည်။

## ဖိလစ်ပိုင်

ဖိလစ်ပိုင်ကျန်းမာရေးဌာနက ဇွန် ၂၃ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၄၃၅၃ ဦး ရှိလာကြောင်း ဖော်ပြခဲ့သည်။ ယခုအခါတွင် ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၁၃၇၂၂၃၂ ဦး ရှိလာခဲ့သည်။

နောက်ထပ် ၁၁၉ ဦး ထပ်မံသေဆုံးမှုနှင့်အတူ သေဆုံးသူပေါင်း ၂၃၉၂၈ ဦးအထိ တိုးလာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက သတင်းထုတ်ပြန်လိုက်သည်။

လူဦးရေ သန်း ၁၁၀ ကျော်ရှိသော ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ စတင်ဖြစ်ပွားကတည်းက ယခုအချိန်အထိ ကိုဗစ်-၁၉ စမ်းသပ်မှုပေါင်း ၁၃ သန်းကျော် ပြုလုပ်ခဲ့သည်။

မြို့တော်မနီလာသည် အန္တရာယ်ဖြစ်ပွားမှုအနည်းဆုံးဒေသဖြစ်ကြောင်း အွန်လိုင်းရှင်းလင်းပြောကြားချက်တွင် ဖိလစ်ပိုင်ကျန်းမာရေးဌာန ကူးစက်ရောဂါပြန့်ပွားခြင်းနှင့် ကာကွယ်ခြင်းဆိုင်ရာ ဗျူရိုမှ အဲလီသီယာဒီ ဂက်ဇ်မင်းန်က ပြောကြားလိုက်သည်။ မြို့တော်မနီလာ၏ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ဇွန် ၆ ရက်မှ ၂၂ ရက်အထိ ၆၈၅ ဦးခန့်ရှိပြီး ဇွန် ၉ ရက်မှ ၁၅ ရက်အထိ မှတ်တမ်းတင်ခဲ့သော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၈၂၅ ဦးထက် လျော့နည်းခဲ့သည်။

## ပါကစ္စတန်

ပါကစ္စတန်နိုင်ငံ၌ ဇွန် ၂၂ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၉၃၀ ရှိကြောင်း ဖော်ပြမှုနှင့်အတူ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၉၅၀၇၆၈ ဦးအထိ ရှိလာခဲ့သည်။





အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားတွင် ဆောက်လုပ်ရေးလုပ်သားတစ်ဦးကို ကျန်းမာရေးဝန်ထမ်းတစ်ဦးက ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

အမျိုးသားထိန်းချုပ်ကွပ်ကဲရေးနှင့် စစ်ဆင်ရေးဌာန၏ သတင်းထုတ်ပြန်ချက်အရ ဇွန် ၂၂ ရက်က ကိုဗစ်-၁၉ ကြောင့် နောက်ထပ် ၃၉ ဦးသေဆုံးခဲ့မှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၂၂၀၇၃ ဦးအထိ ရှိလာခဲ့သည်။

ပါကစ္စတန်နိုင်ငံ၌ ကိုဗစ်-၁၉ ကင်းစင်သွားသူ ၈၉၅၆၉၀ ရှိသည်။ ထို့အတူ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသူ ၃၃၀၀၅ ဦးကို ဆေးရုံများတွင် ကုသပေးလျက်ရှိပြီး ၎င်းတို့အနက် ၂၁၇၃ ဦးမှာ ရောဂါပြင်းထန်စွာခံစားနေရကြောင်း သိရသည်။

## ကမ္ဘောဒီးယား

ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၈၇ ဦးရှိလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၄၇၁၁ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

အသစ်ထပ်မံကူးစက်ဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများအနက် ၅၃၃ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ပြီး ၅၄ ဦးမှာ ပြည်ပကူးစက်မှု ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်သတင်းထုတ်ပြန်လိုက်သည်။

နောက်ထပ် ၁၆ ဦး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးခဲ့ရာ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၇၅ ဦးအထိ ရှိလာခဲ့သည်။

ထို့အတူ နောက်ထပ် ၅၄၈ ဦးမှာ ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာမှုနှင့်အတူ ကိုဗစ်-၁၉ မှ ပြန်လည်ကောင်းမွန်လာသူပေါင်း ၃၉၃၁၄ ဦးအထိ ရှိခဲ့သည်။

## တောင်ကိုရီးယား

တောင်ကိုရီးယားနိုင်ငံ၌ ဇွန် ၂၂ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၆၄၅ ဦး ရှိခဲ့သောကြောင့် စုစုပေါင်း နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၅၂၅၄၅ ဦးအထိ ရှိလာခဲ့သည်။

နောက်ထပ် တစ်ဦးထပ်မံသေဆုံးခဲ့မှုနှင့်အတူ စုစုပေါင်းသေဆုံးသူ ၂၀၀၇ ဦးအထိ ရှိလာခဲ့သည်။ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးနှုန်းသည် ၁ ဒသမ ၃၂ ရာခိုင်နှုန်းရှိသည်။

## ထိုင်း

ထိုင်းနိုင်ငံ၌ ဇွန် ၂၃ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် တစ်နေ့အတွင်း ၅၁ ဦး သေဆုံးခဲ့ပြီး သေဆုံးမှုအမြင့်ဆုံးရက်ဖြစ်ခဲ့ကြောင်း ကိုဗစ်-၁၉ စီမံခန့်ခွဲမှုဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်း ယခုအခါတွင် ၁၇၄၄ ဦး ရှိလာခဲ့သည်။

ဇွန် ၂၃ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၁၇၄ ဦးရှိလာမှုနှင့်အတူ နိုင်ငံတစ်ဝန်း စုစုပေါင်း ကိုဗစ်-၁၉ အတည်ပြုလူနာ ၂၂၈၅၃၉ ဦးရှိခဲ့ကြောင်း ကိုဗစ်-၁၉ စီမံခန့်ခွဲမှုဌာန ပြောရေးဆိုခွင့်ရှိသူ တာဝီဆင်က ပြောကြားလိုက်သည်။

ထိုင်းနိုင်ငံ၌ ယခုလကုန်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ၁၀ သန်းအထိ ထိုးပေးရန် ရည်မှန်းထားကြောင်း ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီး အနူတင်ချာဗင် ရာကူးလ်က ဇွန် ၂၃ ရက်က ပြောကြားလိုက်သည်။

ဆင်ဟွာ

# မလေးရှားနိုင်ငံ၌ တစ်နေ့အတွင်း ၅၂၄၄ ဦး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားပြီး ၈၃ ဦး ထပ်မံသေဆုံး

**ကွာလာလမ်ပူ ဇွန် ၂၃**

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ၅၂၄၄ဦး တိုးလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၇၁၁၀၀၆ ဦးရောက်ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဇွန် ၂၃ ရက်က ပြောကြားလိုက်သည်။

ကျန်းမာရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နော်ဟီရှန် အဗ္ဗဒူလာက ကိုဗစ်-၁၉ ထပ်မံကူးစက် ဖြစ်ပွားသူများအနက် ခုနစ်ဦးမှာ ပြည်ပကူးစက်မှုဖြစ်ပြီး ၅၂၃၇ ဦးမှာ ပြည်တွင်းကူးစက်မှု ဖြစ်ကြောင်း ပြောသည်။

နောက်ထပ် ၈၃ ဦး ထပ်မံသေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူ ၄၆၃၇ ဦး ရှိလာသည်။

နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှဆင်းလာသူ ၅၂၄၄ ဦး ရှိလာမှုနှင့်အတူ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ပြန်လည် ကောင်းလာသူပေါင်း ၆၄၅၅၅၃ ဦးအထိ ရှိလာပြီး ပမာဏအားဖြင့် ၉၀ ဒသမ ၈ ရာခိုင်နှုန်းရှိသည်။

လတ်တလော နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၆၀၈၁၆ ဦးရှိပြီး ၎င်းတို့အနက် ၈၇၉ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသမှုခံယူနေသူများဖြစ်ကာ ၄၃၃ ဦးမှာ အသက်ရှူ အထောက်အကူပြုကိရိယာလိုအပ်လျက်ရှိသည်။

ဆင်ဟွာ



မလေးရှားနိုင်ငံ ကွာလာလမ်ပူ၌ ကိုဗစ်-၁၉ စစ်ဆေးရန် နှာခေါင်းတို့ဖတ်နမူနာ ရယူနေသည်ကို တွေ့ရစဉ်။

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး

◆ကျောဖုံးမှ

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၂၃-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၅၇၉) ခု | (၁၁၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၅) ခု | (၄) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၇၁) ခု | (၉) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၂) ခု | (၁) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၁၃၉) ခု | - |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀) | (၈၆) ခု | (၃၃) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၇၄) ခု | (၁၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၇၆) ခု | (၁၉၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၀၃၄) ခု | (၃၁၄) ဦး |
| **စုစုပေါင်း** | (၅,၀၃၆) ခု | (၆၈၀) ဦး |

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- COVID–19 ရောဂါဆိုင်ရာ သတင်း အချက်အလက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန


## ၂၃-၆ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၄၃၄၈၀၃ | ၂၈၈၁၇၁၃၄ | ၆၁၇၈၇၅ |
| ၂။ | အိန္ဒိယ | ၃၀၀၂၈၇၀၉ | ၂၈၉၉၄၈၅၅ | ၃၉၀၆၉၁ |
| ၃။ | ဘရာဇီး | ၁၈၀၅၆၆၃၉ | ၁၆၃၈၈၈၄၇ | ၅၀၄၈၉၇ |
| ၄။ | ပြင်သစ် | ၅၇၆၀၀၀၂ | ၅၅၇၅၀၈၆ | ၁၁၀၈၂၉ |
| ၅။ | တူရကီ | ၅၃၈၁၇၃၆ | ၅၂၄၂၉၄၅ | ၄၉၂၉၃ |
| ၆။ | ရုရှား | ၅၃၆၈၅၁၃ | ၄၉၀၂၁၁၀ | ၁၃၀၈၉၅ |
| ၇။ | ဗြိတိန် | ၄၆၅၁၉၈၈ | ၄၃၀၆၄၈၂ | ၁၂၈၀၀၈ |
| ၈။ | အာဂျင်တီးနား | ၄၂၉၈၇၈၂ | ၃၉၂၈၃၈၉ | ၉၀၂၈၁ |
| ၉။ | အီတလီ | ၄၂၅၄၂၉၄ | ၄၀၅၄၀၀၈ | ၁၂၇၃၂၂ |
| ၁၀။ | ကိုလံဘီယာ | ၃၉၉၇၀၂၁ | ၃၉၁၄၉၆၂ | ၁၀၁၃၀၂ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၃ – ၆ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၂၀၁၈၁၁၃ | ၁၈၁၀၁၃၆ | ၅၅၂၉၁ |
| ဖိလစ်ပိုင် | ၁၃၆၇၈၉၄ | ၁၂၉၁၃၈၉ | ၂၃၈၀၉ |
| မလေးရှား | ၇၀၅၇၆၂ | ၆၃၉၁၈၁ | ၄၅၅၄ |
| ထိုင်း | ၂၂၈၅၃၉ | ၁၈၉၇၇၇ | ၁၇၄၄ |
| မြန်မာ | ၁၄၉၉၂၇ | ၁၃၄၀၉၃ | ၃၂၆၉ |
| စင်ကာပူ | ၆၂၄၇၀ | ၆၂၀၉၈ | ၃၅ |
| ကမ္ဘောဒီးယား | ၄၄၇၁၁ | ၃၉၃၁၄ | ၄၇၅ |
| ဗီယက်နမ် | ၁၃၈၆၂ | ၅၅၄၆ | ၆၉ |
| လာအို | ၂၀၇၆ | ၁၉၆၀ | ၃ |
| ဘရူနိုင်း | ၂၅၆ | ၂၄၅ | ၃ |



# မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာ အောင်မိုးညို၊ မကွေးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌဟောင်း ဦးတာ၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဟောင်း ဦးမြင့်ဇော်၊ လူမှုရေး ဝန်ကြီးဟောင်း ဒေါက်တာခင်မောင်အေး၊ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဟောင်း ဦးတင်နွယ်ဦး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဟောင်း ဦးနိုင်ငံလင်း တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ် အရေးယူ

**နေပြည်တော် ဇွန် ၂၃**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တွင် ဝန်ကြီးချုပ် တာဝန်ထမ်းဆောင်ခဲ့သော ဒေါက်တာအောင်မိုးညိုနှင့် တာဝန်ရှိသူများ၏ ဆောင်ရွက်မှုများတွင် အဂတိလိုက်စားမှုများ ရှိသောကြောင့် ဥပဒေနှင့်အညီ လိုအပ်သလို စုံစမ်းစစ်ဆေးအရေးယူနိုင်ရန် တိုင်ကြားခြင်းနှင့် စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာအောင်မိုးညိုသည် နိုင်ငံရေးရာထူး လက်ရှိဖြစ်ခဲ့စဉ် လုပ်ငန်းရှင်တစ်ဦးက ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် အကြောင်းပြလှူဒါန်းသည့် အလှူငွေ ငွေကျပ်သိန်း (၅၀၀) ကို လက်ခံရယူ၍ ၂၀၁၆ ခုနှစ်မှစ၍ လူနေဇုန်အတွင်း ကျရောက်နေသဖြင့် လယ်ယာမြေ အခြားနည်းသုံးစွဲခွင့် လျှောက်ထားမှုအပေါ် ခွင့်ပြုပေးခဲ့ခြင်းမရှိသည့် မြေ(၁)ကေကို စက်သုံးဆီဆိုင် ဖွင့်လှစ်နိုင်ရေးအတွက် လယ်ယာမြေ အခြားနည်းသုံးစွဲခွင့်ကို ခွင့်ပြုပေးခဲ့ခြင်းသည် ဝန်ကြီးချုပ်ဟောင်း အနေဖြင့် နိုင်ငံရေးရာထူး လက်ရှိဖြစ်ခဲ့စဉ်က ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ ဥပဒေနှင့်အညီ ရထိုက်ခွင့်မရှိသော အခွင့်အရေးကို ပေး၍ တံစိုးလက်ဆောင်ကို လက်ခံရယူခဲ့ခြင်းဖြစ်ကြောင်း။

မကွေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌဟောင်း ဦးတာသည် နိုင်ငံရေးရာထူး လက်ရှိဖြစ်ခဲ့စဉ်က မကွေးတိုင်းဒေသကြီးလွှတ်တော် တည်ဆောက်ရေးအတွက် ကုမ္ပဏီက ဒီဇိုင်းရေးဆွဲရာတွင် အခကြေးငွေရယူခြင်းမရှိဘဲ ရေးဆွဲဆောင်ရွက်ခဲ့သော်လည်း စာချုပ် ချုပ်ဆိုရာတွင် ပါဝင်ခြင်းမရှိသည့် ဒီဇိုင်းရေးဆွဲခအဖြစ် လွှတ်တော် (ပင်မ) အဆောက်အဦ စီမံကိန်းတန်ဖိုး၏ ၂ ရာခိုင်နှုန်း၊ ငွေကျပ်သိန်း ၈၄၀ ကျော်ကို ကုမ္ပဏီသို့ ထုတ်ပေးခဲ့၍ လွှတ်တော် တက်ဟန် ဗိုလ်ချုပ်ရုပ်တုအား ပြုလုပ်စေခဲ့ခြင်းဖြင့် နိုင်ငံတော်အနေဖြင့် သက်သာခွင့်ရရှိမည့် ငွေကျပ်သိန်း ၈၄၀ ကျော်ကို ဆုံးရှုံးစေခဲ့ကြောင်း။

## နိုင်ငံတော်မှရရှိမည့် ဘဏ္ဍာငွေများ နစ်နာဆုံးရှုံး

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာအောင်မိုးညိုနှင့် သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဟောင်း ဦးမြင့်ဇော် တို့သည် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၁၈)အရ တရားဝင် ရေနံလက်ယက်တွင်း တူးဖော်လုပ်ကိုင်ခွင့် လိုင်စင်ရသူများထံမှ မြေ (၁) ကေလျှင် ငှားရမ်းခ ငွေကျပ် (၃) သိန်း ကောက်ခံခဲ့ရာ ၂၀၁၈၊ ၂၀၁၉၊ ၂၀၂၀ ခုနှစ်များ အတွင်းတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သက်တမ်းတိုး လိုင်စင် ထုတ်မပေးခြင်းအား အကြောင်းပြ၍ နိုင်ငံ့ဘဏ္ဍာအတွက် ငှားရမ်းခကောက်ခံခြင်း မရှိသော်လည်း လုပ်ကွက်များအား ဆက်လက်လုပ်ကိုင်စေပြီး အဆိုပါ လုပ်ကွက်များမှ ထွက်ရှိသည့် ရေနံစိမ်းများကို သယ်ယူပို့ဆောင်ခွင့် မျှောစာများ ဆက်လက်ထုတ်ပေးကာ တိုင်းဒေသကြီးဖွံ့ဖြိုးရေး ရန်ပုံငွေအဖြစ် ရေနံစိမ်း (၁) စည်လျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ကောက်ခံ၍ ရေနံစိမ်း သယ်ဆောင်ခွင့် မျှောစာများအား ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ထုတ်ပေးခဲ့ကြောင်း၊ မင်းလှမြို့နယ်၊ သရက်မြို့နယ်၊ ဆောမြို့နယ်နှင့် ပေါက်မြို့နယ်တို့မှ ရေနံလက်ယက်တွင်း လုပ်ကွက် (၁၅)ခု၊ စုစုပေါင်းမြေ (၅၆၉) ကေ အတွက် မြေငှားရမ်းခ စုစုပေါင်း ငွေကျပ် (၃၁၀၂) သိန်းကို ကောက်ခံခဲ့မှု မရှိခြင်းကြောင့် နိုင်ငံတော်မှရရှိမည့် ဘဏ္ဍာငွေများ နစ်နာဆုံးရှုံးစေခဲ့ကြောင်း။

သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဟောင်း ဦးမြင့်ဇော် သည် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က ဂန့်ဂေါမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီရုံး ဆောက်လုပ်ရန်အတွက်အကြောင်းပြကာ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလခန့်က မကွေးတိုင်းဒေသကြီး ရေနံလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့မှ လုပ်ငန်းရေရှည်အဆင်ပြေစေရန် ပေးအပ်သည့် ငွေကျပ် (၂၅) သိန်းကို လက်ခံရယူခဲ့ခြင်းသည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ ငွေကြေးများ တောင်းခံရယူခဲ့ခြင်းဖြစ်ကြောင်း။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာအောင်မိုးညို၊ ဝန်ကြီးဟောင်း ဒေါက်တာခင်မောင်အေးနှင့် ဦးတင်နွယ်ဦးတို့သည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ပညာရေးဒီဂရီကောလိပ် (မကွေး) ၏ Lot(1) (၃)ထပ် စာသင်ဆောင် ဆောက်လုပ်သည့် လုပ်ငန်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ တင်ဒါ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်မှုမရှိခြင်း၊ တင်ဒါကော်မတီ၏ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ရွေးချယ်သော တင်ဒါအောင်မြင်သည့်ကုမ္ပဏီကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ အခြားကုမ္ပဏီအား ရွေးချယ်ခဲ့မှုကြောင့် နိုင်ငံတော်မှ ငွေကျပ် ၃၁ ဒသမ ဝ၄၅ သန်း ပိုမိုကုန်ကျ၍ ဆုံးရှုံးမှုများ ဖြစ်ပေါ်စေခဲ့ကြောင်း။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာအောင်မိုးညို၊ ဝန်ကြီးဟောင်း ဒေါက်တာခင်မောင်အေးနှင့် ဦးတင်နွယ်ဦးတို့သည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ပညာရေးဒီဂရီကောလိပ် (မကွေး) ၏ တင်ဒါလုပ်ငန်းများမှ Lot(1) သင်တန်းသား (၂၄၀)ဆံ့ အိပ်ဆောင်၊ စားသောက်ဆောင်နှင့် စားဖိုဆောင် ဆောက်လုပ်သည့် လုပ်ငန်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်မှု မရှိခြင်း၊ တင်ဒါကော်မတီ၏ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ရွေးချယ်သော တင်ဒါအောင်မြင်သည့်ကုမ္ပဏီကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ အခြားကုမ္ပဏီအား ရွေးချယ်ခဲ့မှုကြောင့် နိုင်ငံတော်မှ ငွေကျပ် ၁၃ ဒသမ ၂၉ သန်း ပိုမိုကုန်ကျ၍ ဆုံးရှုံးမှုများ ဖြစ်ပေါ်စေခဲ့ကြောင်း။

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာအောင်မိုးညို၊ ဝန်ကြီးဟောင်း ဒေါက်တာခင်မောင်အေးနှင့် ဦးတင်နွယ်ဦးတို့သည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အစိုးရနည်းပညာအထက်တန်းကျောင်း(ပခုက္ကူ)၏ တင်ဒါလုပ်ငန်းများအနက်မှ Lot(1) (၃) ထပ် ပင်မစာသင်ဆောင် ဆောက်လုပ်သည့် လုပ်ငန်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်မှုမရှိခြင်း၊ တင်ဒါကော်မတီ၏ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ရွေးချယ်သော တင်ဒါအောင်မြင်သည့်ကုမ္ပဏီကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ အခြားကုမ္ပဏီအား ရွေးချယ်ခဲ့မှုကြောင့် နိုင်ငံတော်မှ ငွေကျပ် ၉ ဒသမ ၅၂၄ သန်း ပိုမိုကုန်ကျ၍ ဆုံးရှုံးမှုများ ဖြစ်ပေါ်စေခဲ့ကြောင်း။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဟောင်း ဦးတင်နွယ်ဦးသည် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအတွင်းက မကွေးတိုင်းဒေသကြီးလွှတ်တော် ပင်မအဆောက်အဦ အရည်အသွေး စစ်ဆေးသည့် ကုမ္ပဏီတစ်ခုထံမှ ငွေကျပ် သိန်း(၆၀)ကို လက်ခံရယူခြင်းသည် အဂတိ လိုက်စားမှုကျူးလွန်ခြင်းဖြစ်ကြောင်း။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာအောင်မိုးညိုနှင့် မကွေးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌဟောင်း ဦးတာ တို့သည် နိုင်ငံရေးရာထူး လက်ရှိဖြစ်ခဲ့စဉ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့မှ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၅၈/၂၀၁၉ ဖြင့် ထုတ်ပြန်ခဲ့သည့် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဆိုင်ရာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်မှုမရှိခြင်း၊ ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြမှုမရှိဘဲ အစိုးရဌာန အဖွဲ့အစည်းများက ဆောင်ရွက်ရမည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များကို ဆောင်ရွက်စေခဲ့ခြင်းတို့ကြောင့် နိုင်ငံတော်အနေဖြင့် ငွေကျပ် (၂၄၉၇) သန်း နစ်နာဆုံးရှုံးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဝန်ကြီးချုပ်ဟောင်း ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌဟောင်း ဦးတာ၊ ဝန်ကြီးဟောင်းများဖြစ်သော ဦးမြင့်ဇော်၊ ဒေါက်တာ ခင်မောင်အေးနှင့် ဦးတင်နွယ်ဦးအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅ အရ မကွေးတိုင်းဒေသကြီး၊ သက်ဆိုင်ရာရဲစခန်းအသီးသီးတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေး တိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

## ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စား

အလားတူ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တွင် လူမှုရေးဝန်ကြီး တာဝန် ထမ်းဆောင်ခဲ့သော ဦးနိုင်ငံလင်းအပေါ် တိုင်ကြားမှုနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ စစ်ဆေးတွေ့ရှိချက်များအရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တွင် လူမှုရေးဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့သော ဦးနိုင်ငံလင်းသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဘတ်ဂျက်ဖြင့် တည်ဆောက်သည့် ပညာရေးဆိုင်ရာ အဆောက်အဦများ ဆောက်လုပ်ရေး တင်ဒါကော်မတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စဉ် သင်္ဃန်းကျွန်း ပညာရေးကောလိပ်နှင့် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်တို့တွင် အဆောက်အဦဆောက်လုပ်ခွင့်ရရှိသည့် ကုမ္ပဏီပိုင်ရှင်တစ်ဦးထံမှ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၅ ရက်၌ ငွေကျပ်သိန်း (၁၈၀) နှင့် ငွေကျပ် (၈) သိန်းခန့်တန်ဖိုးရှိသော တီဗွီနှင့်ကာရာအိုကေစက်တစ်စုံကို ၎င်း နေအိမ်တွင် လက်ခံရယူခဲ့ခြင်း၊ ၂၀၂၀-၂၀၂၁ ခုနှစ် ဘဏ္ဍာရေးနှစ်၌ အမျိုးသားစီမံခန့်ခွဲမှု ပညာဒီဂရီကောလိပ်စာသင်ဆောင် ဆောက်လုပ်ခွင့်ရရှိသည့် ကုမ္ပဏီပိုင်ရှင်တစ်ဦးထံမှ ငွေကျပ် သိန်း ၅၀ နှင့် ၅ သောင်းခန့် တန်ဖိုးရှိသော လက်ဆောင်ခြင်းတစ်ခုတို့ကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် ၎င်းနေအိမ်၌ လက်ခံရယူခဲ့ခြင်း၊ ဒဂုံတက္ကသိုလ်တွင် အဆောက်အဦ ဆောက်လုပ်ခွင့် ရရှိသည့် ကုမ္ပဏီပိုင်ရှင်တစ်ဦးထံမှ ငွေကျပ်သိန်း ၂၀ ကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ အတွင်းက ၎င်း၏ရုံးခန်း၌ လက်ခံရယူခဲ့ခြင်း၊ တောင်ဒဂုံ စက်မှုလက်မှုသိပ္ပံကျောင်း အဆောက်အဦ ဆောက်လုပ်ခွင့်ရရှိသည့် ကုမ္ပဏီပိုင်ရှင်တစ်ဦးထံမှ ငွေကျပ် ၁၀ သိန်းကို ၂၀၂၀ ပြည့်နှစ် ဇွန်လအတွင်းက ၎င်း၏ရုံးခန်း၌ လက်ခံရယူခဲ့ခြင်း၊ ရန်ကုန်တိုင်းဒေသကြီး COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စဉ် ပုဂ္ဂလိက ကုမ္ပဏီတစ်ခုက ၎င်းကုမ္ပဏီဝန်ထမ်းများအတွက် Quarantine Center သီးသန့် ဖွင့်လှစ်ခွင့်ပြုရန် တင်ပြထားသည့်နေရာသို့ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၂၄ ရက်တွင် သွားရောက် စစ်ဆေးခဲ့စဉ် ကုမ္ပဏီက ပေးအပ်သည့် ငွေကျပ် ၈ သိန်းခန့် တန်ဖိုးရှိသော iPhone 12 Mini လက်ကိုင်ဖုန်းတစ်လုံးကို လက်ခံရယူခဲ့ခြင်းတို့သည် နိုင်ငံရေးရာထူး လက်ရှိဖြစ်ခဲ့စဉ်က ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှု ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဝန်ကြီးဟောင်း ဦးနိုင်ငံလင်းအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၅ အရ ရန်ကုန်တိုင်းဒေသကြီး၊ သက်ဆိုင်ရာရဲစခန်း အသီးသီးတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေးတိုင်ကြားချက် ဖွင့်လှစ်၍ တရားစွဲဆို အရေးယူဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။ **သတင်းစဉ်**

**မုတ်သုံလေ အားအသင့်အတင့်ရှိ**

**နေပြည်တော် ဇွန် ၂၃** - ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ **မိုး/ဇလ**

# မိန်းကလေးများ တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန်စီစဉ်ခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇွန် ၂၃**

မိန်းကလေးများ တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူများကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် နံယောရွာနေ မမြင့်မြင့်ခိုင်၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ရွှေလီမြို့နေ အိုက်ဦး (ခ) XIANG YANO ၊ မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် သံပုရာကန်ရွာနေ မသဲနုအောင် (ခ)မိသဲ၊ သူရိန်ဝင်း၊ ဖြိုးကျော်ကျော်တို့က တစ်ရွာတည်းနေ မXXX၊ ၂၀ နှစ်နှင့် မXXX၊ ၂၀ နှစ်တို့ကို တရုတ်နိုင်ငံသို့ ပို့ဆောင်၍ တရုတ်ဇနီးအဖြစ် ရောင်းစားရန် စီစဉ်ခဲ့မှုအား မူဆယ်မြို့မရဲစခန်း(ပ) ၇၉၉/၂၀၁၉၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၈(က)/၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး မူဆယ် ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇွန် ၂၁ ရက်တွင် တရားခံ မသဲနုအောင် (ခ) မိသဲ ပါ (၅) ဦးကို လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀နှစ်စီ ချမှတ်ခဲ့သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် (၃) ရပ်ကွက်နေ ဒေါ်မြင့်မြင့်အေး (မိ)၊ တရုတ်နိုင်ငံသား ရှီရှောက်ရှန် (တိမ်းရှောင်)၊ ရှမ်းပြည်နယ် ကွမ်လုံမြို့ ဟိုလီကျေးရွာနေ မအားမေ (ခ) မဖြူ (တိမ်းရှောင်) နှင့် တရုတ်နိုင်ငံနေ မမဲလုံး (ခ) မဇင်မာသက် (တိမ်းရှောင်) တို့က ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ညောင်လေးပင် ကျေးရွာနေ မXXX၊ ၂၈ နှစ်ကို တရုတ်အမျိုးသားထံ ရောင်းစားရန် စီစဉ်ခဲ့မှုကို သုံးခွမြို့မရဲစခန်း (ပ)၇၈၇/၂၀၁၈၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၈(က)/၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲ တင်ပို့ခဲ့ရာ ဇွန် ၁၈ ရက်တွင် တရားခံ ဒေါ်မြင့်မြင့်အေးကို လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/ ၃၂ အရ အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင် တရားခံများကို တရားခံပြေး ကြေညာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်လေးပင်မြို့နယ်၌ အကြမ်းဖက်သူများက ကျေးရွာအုပ်ချုပ်ရေး တာဝန်ရှိသူ သုံးဦးနှင့် ပြည်သူတစ်ဦးကို ဖမ်းဆီးပြီး အုပ်ချုပ်ရေးတာဝန်ရှိသူ တစ်ဦးကို ရက်စက်စွာ သတ်ဖြတ်ခဲ့

**နေပြည်တော် ဇွန် ၂၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ အကြမ်းဖက်သူများက ကျေးရွာအုပ်ချုပ်ရေး တာဝန်ရှိသူ သုံးဦးနှင့် ပြည်သူတစ်ဦးကို ဖမ်းဆီးပြီး အုပ်ချုပ်ရေးတာဝန်ရှိသူ တစ်ဦး ရက်စက်စွာ သတ်ဖြတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ညောင်လေးပင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများဖြစ်ကြသော ဦးသန်းနွယ်အောင်၊ ဦးအောင်လွင်သန်းနှင့် ဦးကျော်မြင့်တို့သည် ဇွန် ၂၁ ရက် ညနေ ၄ နာရီခွဲခန့်တွင် အင်းကပ္ပလိပ်ကျေးရွာမှ သောင်ကြီးကျေးရွာသို့ စက်လှေဖြင့် ထွက်ခွာလာစဉ် လက်လုပ်သေနတ်များ ကိုင်ဆောင်ထားသည့် အမျိုးသား ငါးဦးတို့က စက်လှေကိုတားကာ ၎င်းတို့အား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံရှာဖွေစုံစမ်းစဉ် ဇွန် ၂၂ ရက်တွင် သောင်ကြီးကျေးရွာအုပ်စု ထိုဖိုကျေးရွာအနီးရှိ ဦးရွှေလင်း၏ နေအိမ်ကို သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေခဲ့ရာ မည်သူ့ကိုမှ မတွေ့ရှိရဘဲ နေအိမ်အတွင်းမှ လက်လုပ် သေနတ် အလက် ၂၀၊ လက်လုပ်မိုင်း ၁၃ လုံးနှင့် အကြမ်းဖက်ရာတွင် အသုံးပြုသည့် အခြားဆက်စပ်ပစ္စည်းများကို တွေ့ရှိခဲ့ပြီး အနီးပတ်ဝန်းကျင်အား ဆက်လက်ရှာဖွေရာ အဆိုပါ နေအိမ်၏တောင်ဘက် ပေ ၁၀၀ ခန့်အကွာရှိ အက်ဝိချောင်းအတွင်းမှ ပြည်တော်ကိုယ်ကျေးရွာနေ ရာအိမ်မှူးဖြစ်သူ ဦးသန်းနွယ်အောင်အား သေဆုံးနေသည်ကို တွေ့ရှိခဲ့သဖြင့် မဒေါက်တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရှိရသည်။



ထိုသို့ ကျေးရွာ ရာအိမ်မှူးဖြစ်သူ ဦးသန်းနွယ်အောင်ကို ရက်စက်စွာသတ်ဖြတ်ခဲ့ပြီး အကြမ်းဖက်မှုကျူးလွန်ခဲ့သူများကို စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျိုက်ထိုမြို့နယ်၌ ငွေကျပ် ၆၃ ဒသမ ၂ ဘီလီယံ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) အလေးချိန် ၁၅၈၀ ကီလို ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၂၃

**မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ငွေကျပ် ၆၃ ဒသမ ၂ ဘီလီယံ တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) အလေးချိန် ၁၅၈၀ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။**

ဖြစ်စဉ်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၀ ရက် နံနက် ၉ နာရီတွင် ကျိုက်ထိုမြို့နယ် ကျိုက်ထို-မော်လမြိုင် သွားကားလမ်း မရမ်းချောင်ကျေးရွာ မိုင်တိုင်အမှတ် (၉၇) အနီးတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်မှ ကရင်ပြည်နယ် မြဝတီမြို့သို့ ခင်မောင်မြင့် (၂၈) နှစ် မောင်းနှင်ပြီး အောင်ထူး (၂၇) နှစ်နှင့် မသီရိ (ခ) အေးအေးခိုင် (၂၈) နှစ် တို့လိုက်ပါလာသည့် ခြောက်ဘီး မော်တော်ယာဉ်ကို ရှာဖွေရာ ငွေကျပ် ၆၃ ဒသမ ၂ ဘီလီယံတန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) အလေးချိန် ၁၅၈၀ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



ခင်မောင်မြင့်၊ အောင်ထူးနှင့် မသီရိ တို့ကို သိမ်းဆည်းရမိသည့် အိုက်စ် (မက်သ်အဖက်တမင်း) များနှင့်အတူ တွေ့ရစဉ်။

# မြို့နယ်အချို့၌ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများနှင့် အေးချမ်းစွာ နေထိုင်သော ပြည်သူလူထုအချို့ကို လက်နက်ကိုင်အကြမ်းဖက်သူများက အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်

**နေပြည်တော် ဇွန် ၂၃**

တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်အချို့တွင် အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ တာဝန်ရှိသူများနှင့် အေးချမ်းစွာ နေထိုင်နေကြသော ပြည်သူလူထုအချို့ကို လူထုအတွင်း အကြောက်တရားများ လွှမ်းမိုးလာစေရန်နှင့် ငါနှင့်မတူ ငါ့ရန်သူဟူသည့် တစ်ဖက်သတ် အစွန်းရောက် ဂိုဏ်းဂဏစွဲအပေါ် အခြေခံကာ လက်နက်ကိုင် အကြမ်းဖက်သူများက သေနတ်များ၊ တုတ်/ဓားများ အသုံးပြုကာ အကြောင်းမဲ့ ရက်စက်စွာ လုပ်ကြံသတ်ဖြတ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်ရာတွင် ယနေ့ နံနက် ၇ နာရီ ၁၀ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ် (၁၃) ရပ်ကွက် သီရိမြိုင် (၁၀) လမ်း တိုက်အမှတ် (၆၅/အေ) ရှေ့၌ အမျိုးသား တစ်ဦး သေနတ်ဒဏ်ရာဖြင့် သေဆုံးနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ ရပ်ကွက်နေ ဦးကျော်အေး (ခ) ကျော်ကြီး (၅၀) နှစ် (ဘ) ဦးမောင်ခင်သည် နေအိမ်မှ ၎င်းဖွင့်လှစ်ထားသည့် အာရုဏ်ဦး လက်ဖက်ရည် ဆိုင်သို့ လမ်းလျှောက်သွားစဉ် နောက်မှ လမ်းလျှောက်လာသူ အကြမ်းဖက်သူ အမျိုးသား တစ်ဦးက သေနတ်ဖြင့် နှစ်ချက် ပစ်ခတ်ထွက်ပြေးသွားခဲ့သဖြင့် ဦးကျော်အေး (ခ) ကျော်ကြီးတွင် နောက်ကျောမှ ဖောက်ဝင်ဒဏ်ရာ နှစ်ချက် ရရှိကာအခင်းဖြစ်နေရာ၌ သေဆုံးခဲ့ကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်များတွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများနှင့် အေးချမ်းစွာနေထိုင်နေကြသော ပြည်သူလူထုများကို ငါနှင့်မတူ ငါ့ရန်သူဟူသည့် တစ်ဖက်သတ် အစွန်းရောက် ဂိုဏ်းဂဏစွဲအပေါ် အခြေခံကာ အကြောင်းမဲ့ ရက်စက်ယုတ်မာစွာ လုပ်ကြံသတ်ဖြတ်မှု ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာအပြစ်ပေးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကျော်အေး (ခ) ကျော်ကြီး (သေဆုံး)။

## ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုသင်တန်း အွန်လိုင်းစနစ်ဖြင့် ဖွင့်လှစ်

**နေပြည်တော် ဇွန် ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုသင်တန်းကို ဇွန် ၂၃ ရက်မှစ၍ အွန်လိုင်းစနစ်ဖြင့် ဖွင့်လှစ်ပို့ချလျက်ရှိသည်။

အဆိုပါ သင်တန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်း ၆၀ တို့ကို တစ်ဖွဲ့လျှင် သင်တန်းသား ၃၀ ဖြင့် အဖွဲ့နှစ်ဖွဲ့ခွဲ၍ ဇွန် ၂၃ ရက်မှ ၂၅ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

သင်တန်းတွင် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု၊ မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု မူဘောင်၊ သတင်းအချက်အလက် ဖရိုဖရဲဖြစ်မှု ဆိုင်ရာများ၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် အမုန်းစကားဆိုင်ရာများ၊ သတင်းအချက်အလက်များအား စစ်ဆေးခြင်းဆိုင်ရာ သင်ခန်းစာများကို သင်တန်းသား ၄၅၀ တို့ကို သင်တန်း ရှစ်ကြိမ်ခွဲ၍ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**






# ကသာမြို့နယ် ကျေးလက်ဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇွန် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ကျေးလက်ဦးစီးအရာရှိ ဦးစိုးသန်း ဦးစီးသော အဖွဲ့သည် ဇွန် ၂၂ ရက်တွင် ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ဖြင့်ဆောင်ရွက်လျက်ရှိသော မဲဟင်းကျေးရွာ ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း (ပေ ၅၀၀ x ၁၂ ပေ x ၆ လက်မ) လုပ်ငန်းဆောင်ရွက်နေမှုကို စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်နိုင်စေရန် တာဝန်ခံ အင်ဂျင်နီယာနှင့်အတူ ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

ယင်းနောက် မြို့နယ်ကျေးလက်ဦးစီးအရာရှိနှင့်အဖွဲ့သည် ဇွန် ၂၃ ရက် နံနက်ပိုင်းက ကသာမြို့နယ် လှေဘိုကျေးရွာ ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း (ပေ ၅၆၀ x ၁၂ ပေ x ၆ လက်မ) လုပ်ငန်းဆောင်ရွက်နေမှုတို့ကို စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်နိုင်စေရန် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း




❑ *ကျောဖုံးမှ*

အုပ်စုဒုတိယရရှိကာ နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ ထို့ပြင် ခရိုအေးရှားအသင်းအနေဖြင့် စကော့တလန်အသင်းကို နိုင်ပွဲရရှိမှုသည် အသင်းသမိုင်းတစ်လျှောက် ခြောက်ကြိမ် တွေ့ဆုံမှုတွင် ပထမဆုံးအကြိမ် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ယနေ့ပွဲစဉ်တွင် ခရိုအေးရှားအသင်းအတွက် တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သော ပါရီဆစ်သည် ပြီးခဲ့သည့် ယူရိုပြိုင်ပွဲ ခြောက်ပွဲတွင် ဂိုးပါဝင်ပတ်သက်မှု ခြောက်ကြိမ်ရှိခဲ့ပြီး လေးဂိုးသွင်းယူကာ နှစ်ဂိုး ဖန်တီးပေးနိုင်ခဲ့သည်။ အသင်းအတွက် တစ်ဂိုး သွင်းယူပေးနိုင်ခဲ့သော မိုဒရစ်သည် ယူရိုပြိုင်ပွဲ၌ ခရိုအေးရှားအသင်းအတွက် ၃၅ နှစ်နှင့် ၂၈၆ ရက်ဖြင့် အသက်အကြီးဆုံး ဂိုးသွင်းယူသူအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ထို့အပြင် မိုဒရစ်သည် ၂၀၀၈ ခုနှစ်တွင် ခရိုအေးရှားက ဩစတြီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော ပွဲစဉ်၌ ပယ်နယ်တီမှတစ်ဆင့် ဂိုးသွင်းယူပေးခဲ့ပြီး ယူရိုပြိုင်ပွဲ၌ ခရိုအေးရှားအသင်းအတွက် အသက်ငယ်ဆုံး ဂိုးသွင်းယူသူအဖြစ်လည်း မှတ်တမ်းဝင်ထားသူဖြစ်သည်။

ချက်နှင့် အင်္ဂလန်အသင်းတို့ ပွဲစဉ်တွင် အင်္ဂလန်အသင်းက ပွဲချိန် ၁၂ မိနစ်တွင် ရရှိခဲ့သော စတားလင်း၏ တစ်လုံးတည်းသော ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ရမှတ် ခုနစ်မှတ်နှင့်အတူ အုပ်စုပထမရရှိကာ နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ ထို့အပြင် အင်္ဂလန်အသင်းသည် အဆိုပါသုံးပွဲတွင် ပေးဂိုးခွင့်ပြုပေးထားရခြင်း မရှိသော်လည်း ရဂိုးက စတားလင်း၏ သွင်းဂိုး နှစ်ဂိုးသာ ရှိသေးသည်။ အင်္ဂလန်အသင်းသည် ယနေ့ ချက်အသင်းနှင့် ပွဲစဉ်တွင် အသင်းလိုက် စွမ်းဆောင်ရည်ပိုင်း၊ စုဖွဲ့မှုပိုင်းတွင် ယခင်ပွဲစဉ်များထက် တိုးတက်ကောင်းမွန်လာသည်ဟု ဆိုနိုင်ပေသည်။ ချက်အသင်းသည် ယနေ့တွင် အင်္ဂလန်အသင်းကို ရှုံးနိမ့်ခဲ့သော်လည်း သုံးပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် လေးမှတ်ရရှိကာ အကောင်းဆုံး အုပ်စု တတိယဖြင့် ယူရိုပြိုင်ပွဲ နောက်တစ်ဆင့်သို့ တက်ရောက်ရန် မျှော်လင့်ချက်ရှိနေသေးသည်။ ယနေ့ပွဲစဉ်တွင် အင်္ဂလန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေး နိုင်ခဲ့သည့် စတားလင်းသည် ယူရိုပြိုင်ပွဲတွင် ရရှိခဲ့သည့် အဖွင့်ဂိုး နှစ်ဂိုး ဆက် သွင်းယူနိုင်ခဲ့ခြင်းဖြစ်ပြီး ၁၉၉၆ ခုနှစ် အလန်းရှီးယား နောက်ပိုင်း တစ်ကျော့ပြန်စွမ်းဆောင်နိုင်ခဲ့ခြင်း ဖြစ်သည်။

ယူရိုပြိုင်ပွဲတွင် ၁၆ သင်းအဆင့်သို့ အင်္ဂလန်နှင့် ခရိုအေးရှားအသင်းတို့ အပါအဝင် နာမည်ကြီး အီတလီ၊ ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ ဝေးလ်၊ ဒိန်းမတ်၊ ဩစတြီးယားအသင်းတို့ တက်ရောက်ထားနိုင်သည်။ အဆိုပါ ၁၆ သင်းအဆင့် ပွဲစဉ်များကို ဇွန် ၂၆ ရက်တွင် စတင်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**အောင်ဇော်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၄-၆-၂၀၂၂ ကြာသပတေးနေ့

### MRTV

- **၀၆:၀၀** ရတနသုတ်ပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၇:၃၅** နယုန်လပြည့်ဩဝါဒကထာ မြွက်ကြားချီးမြှင့်ခြင်းအစီအစဉ်
- **၀၉:၁၀** နဝင်္ဂဥပေါသထသီလ
- **၀၉:၄၅** နယုန်လပြည့်ဩဝါဒကထာ မြွက်ကြားချီးမြှင့်ခြင်းအစီအစဉ်
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၀** သီတဂူဆရာတော် အရှင်ဉာဏိဿရ ၏ နယုန်လပြည့် မဟာသမယ ကြီးကျယ်ထူးမြတ်သည့် အခါတော်နေ့ တရားတော်
- **၁၂:၃၀** 'မဟာသမယ အခါတော်နေ့' တရားတော်
- **၁၃:၃၀** MRTV National News
- **၁၅:၀၀** Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ '**ဇီဝဗေဒဘာသာရပ်**'
- **၁၆:၃၅** မျက်မှောက်ရေးရာအဖြာဖြာ
- **၁၇:၀၅** Soccer View
- **၁၇:၂၅** လူမှုစီးပွားမြင်ကွင်းများ
- **၁၇:၄၅** နယုန်လတွင်စာသဘင်
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၀** ထူးခြားအံ့ဖွယ် သဘာဝလိုဏ်ဂူများနှင့်ယဉ်ကျေးမှုအနုလက်ရာစုံစွာ ဖားစည်မြေမှာ
- **၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**နှလုံးသားငေါ်ဆောင်ရာ**' (အပိုင်း-၉)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၅၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**နှတ်ဆိုးမလေးရဲ့ကိုယ်ရံတော်**' (အပိုင်း-၁၂)

### mitv

- **07:01** News
- **07:27** Welcome To Naga Land
- **08:01** Myanmar's Traditions and Culture "Myanmar Pottery"
- **08:24** Dances of Myanmar: Rvwang Traditional Dance
- **08:29** The Largest Nunnery In Myanmar
- **09:01** School For the Blind (Kyee Myin Dine)
- **09:27** Products of Myanmar - Shin Ma Taung Thanakhar
- **09:43** Myanmar Invites You
- **10:01** Cruising To Precious Islands (Part-2)
- **10:22** Traditional Snacks
- **10:29** Myanmar Traditional Art Bronze Casting
- **11:01** The Youth & Library
- **11:52** Yangon Markets: Nyaung Pin Lay Market

### MRTV NK

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
မူလာရှီးဒီသို့အလည်တစ်ခေါက်

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ဖက်ခါးရွက်နှင့်ဝက်သားချက်

**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ချင်းရိုးရာကြက်သားသုပ်

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ရှမ်းရိုးရာအစားအစာရှမ်းထမင်းချဉ်

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၄)

**ချင်း (လိုင်စိုး) (၁၃:၀၀ မှ ၁၄:၀၀)**
နေပြည်တော်အမျိုးသားအထိမ်းအမှတ်ဥယျာဉ်

**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင် (အပိုင်း-၁)

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
သားရေကွင်းပြုလုပ်ပုံအဆင့်ဆင့်

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
အဆိုတော်ကြီးဖြင်ချင်သူ

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
မိုရဲကောင်းကျိုး၊ ဆိုးကျိုး

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
'ဝ' ညီနောင်တို့ရဲ့သီးခြားကမ္ဘာလေးဆီသို့ (အပိုင်း-၂)

### MRTV Sports

- **၀၆:၀၀** အဖွင့်
- **၀၆:၁၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၁၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

**MRTV Farmers' Channel**
MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊
**Education Channel**
ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ညနေ(၆:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm
t.me/mrtvnews
www.twitter.com/mrtvwebportal

---

## အပြည်ပြည်ဆိုင်ရာသမဝါယမနေ့

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ (၃) ရက် (စနေနေ့)




International Co-operative Alliance

" Rebuild Better Together "

"လူမှုစီးပွားပိုမိုတိုးတက်ကောင်းမွန်ဖို့ ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်စို့"

---



## SHARE FACTS ON DRUGS

*Save lives*

"မူးယစ်ဆေးဝါးကင်းစင်ဖို့ အသိပညာဖြန့်ဝေစို့"

---

## ဝန်ထမ်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်းဆင်း

**ဟသ်ာတ ဇွန် ၂၃**

ဟသ်ာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားလာစေရေးအတွက် ဖွင့်လှစ်သည့် Sketch Up သင်တန်း သင်တန်းဆင်းပွဲကို ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်သက်ရှည်နှင့် သင်တန်းနည်းပြဆရာ ဦးစိုးမင်းမောင်တို့က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းသားများကို သင်တန်းဆင်း လက်မှတ်များ ပေးအပ်သည်။

အဆိုပါ သင်တန်းကို ဇွန် ၈ ရက်မှ ဇွန် ၂၁ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ဟသ်ာတခရိုင်ရုံးနှင့် ဟသ်ာတ၊ ကြံခင်း၊ မြန်အောင်၊ အင်္ဂပူ၊ လေးမျက်နှာ၊ ဇလွန်မြို့နယ်တို့မှ သင်တန်းသား ၂၀ တက်ရောက်ကြောင်း သိရသည်။

**အေးထွန်း(ဟသ်ာတ)**

---

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၃ - ၆ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၆၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၇၄၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၆၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၇၂၉၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၃၅ | ကျပ် | ၁၀၆၅ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၁၅ | ကျပ် | ၁၀၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၁၁၀၀ | ကျပ် | ၁၁၅၅ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၀၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၁၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၄၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉.၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၀၀.၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၄၁ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၁ | ၉၀၀၀ |
| MTSH | ၀ | ၀ | ၀ | ၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၁၀၀ | ၇၈၀၀၀၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၃ | ၂၀၆၀၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၈၀၀ | ၄၈၀၀ | ၁၂၁ | ၅၈၂၆၀၀ |

ညီညီ - စုစည်းသည်

---

## မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ဇာတ်တော်ကြီးဆယ်ဘွဲ့

# သုဝဏ္ဏသာမဇာတ်တော်

**မြတ်မင်းလှိုင်**

ရှေးအခါက ဗာရာဏသီပြည်နှင့် မနီးမဝေးအရပ်၌ မြစ်တစ်စင်းရှိ၏။ ထိုမြစ်၏ကမ်းတစ်ဖက်စီ၌ တံငါရွာတစ်ရွာစီရှိသည်။ ထိုရွာနှစ်ရွာမှ တံငါအကြီးအကဲ နှစ်ဦးတို့သည် မိမိတို့၌ သားနှင့်သမီး အသီးသီး ဖွားမြင်ပါက အချင်းချင်းထိမ်းမြားပေးရန် ကတိပြုထားကြလေသည်။ ထို့နောက် တစ်ဖက်ရွာအကြီးအကဲတံငါသည်သည် ဒုကူလအမည်ရှိသော သားတစ်ယောက်ကို ဖွားမြင်သည်။ ကျန်တံငါသည် ရွာအကြီးအကဲသည် ပါရိကအမည်ရှိသော သမီးတစ်ယောက်ကို ဖွားမြင်သည်။

ဒုကူလနှင့် ပါရိကတို့သည် ဗြဟ္မာပြည်မှ လာသူဖြစ်ကြသည့်အလျောက်တံငါမျိုးတွင် မွေးဖွားလာခဲ့သော်လည်း သူ့အသက်ကို သတ်ခြင်းစသည့် အကုသိုလ်အလုပ်များကို ပြုလုပ်လေ့မရှိကြပေ။ ထို့အပြင် အိမ်ထောင်မှုကို စက်ဆုပ်ကြလေသည်။ သို့သော်မိဘများ ကတိပြုထားကြသည့်အတိုင်း အသီးသီးအရွယ်ရောက်လာချိန်တွင် ထိမ်းမြားလက်ထပ်ပေးလိုက်သည်။ ၎င်းတို့၏ အလိုဆန္ဒမရှိဘဲ မိဘများ၏ဆန္ဒဖြင့် ထိမ်းမြားပေးခြင်းခံရကြရပေသည်။ ဒုကူလနှင့် ပါရိကတို့သည် ကိလေသာအမှုကို မလိုလားကြသဖြင့် သန့်ရှင်းစွာပင် အတူတကွ နေထိုင်ကြပေသည်။

ထိုသို့ထိမ်းမြားလက်ထပ်ပြီးသော်လည်း ဒုကူလသည် အကုသိုလ်အလုပ်များဖြစ်သည့် သားငါးသတ်ခြင်း၊ အမဲရောင်းခြင်းတို့ကို မပြုလုပ်သဖြင့် မိဘတို့က အပြစ်တင်ခြင်းကို ခံရလေသည်။ ဒုကူလနှင့် ပါရိကတို့သည် မိမိတို့မှာ သံသရာဝဋ်ဆင်းရဲမှ လွတ်ကင်းအောင် ကျင့်ကြံအားထုတ်နိုင်ရေးအတွက် ရဟန်းအဖြစ်ကိုသာ အလိုရှိကြောင်း မိဘများထံ ခွင့်ပန်ကြသည်။ မိဘများကလည်း ခွင့်ပြုခဲ့ကြရပေသည်။

ဒုကူလနှင့် ပါရိကတို့သည် မိဘများ၏ ခွင့်ပြုချက်ရသည်နှင့် ဝမ်းမြောက်စွာပင် တံငါရွာမှထွက်လာကြ၏။ ဂင်္ဂါမြစ်သို့ စီးဝင်သော မိဂသမ္မတာမြစ်အနီး ဟိမဝန္တာတောသို့ ဝင်၍ မြစ်အတိုင်း ဆန်တက်သွားကြလေသည်။

ထိုအချိန်တွင် တာဝတိံသာနတ်ပြည်ရှိ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာသည် ပူပြင်းမာကျောလာသည်။ သိကြားမင်းသည် အကြောင်းစုံကို ဆင်ခြင်ကြည့်လေလျှင် ဒုကူလနှင့် ပါရိကတို့သည် တောထွက်လာသည်ကို သိမြင်ရလေသည်။ ထိုအခါ ဝိသကြုံနတ်သားအားစေလွှတ်၍ ရဟန်းနှစ်ပါးအတွက် ကျောင်းသင်္ခမ်းနှင့် ရဟန်းပရိက္ခရာတို့ကို ဖန်ဆင်းစေသည်။ ဝိသကြုံနတ်သားသည် အဆောင်ဆောင်သော ကျောင်းသင်္ခမ်းနှင့်အတူ ကြာမျိုးငါးပါးနှင့် ပြည့်စုံသော ရေကန်၊ သစ်သီးသစ်ပင်များ ရဟန်းပရိက္ခရာနှင့် အိုးခွက်စသည်တို့ပါမကျန် ဖန်ဆင်းပေး၍ ရဟန်းပြုလိုသူတို့အလိုရှိသမျှ သုံးဆောင်နိုင်ကြောင်း ကမ္ပည်းထိုးခဲ့လေသည်။

ဒုကူလနှင့် ပါရိကတို့သည် ကျောင်းသင်္ခမ်းနှင့် ရဟန်းပရိက္ခရာတို့ကို တွေ့လျှင်ဒုကူလသည် ခါးဝတ်ပုဆိုးကိုစွန့်ပစ်ပြီး လျှော်တေသင်္ကန်းကိုဝတ်ရုံကာ ဆံကျစ်ကိုထုံးလျက် ရသေ့အဖြစ်ခံယူလေသည်။ ပါရိကအားလည်း အလားတူ ရသေ့အဖြစ်ခံယူစေသည်။ ရသေ့နှစ်ပါးတို့သည် ဗြဟ္မစိုရ်ကမ္မဋ္ဌာန်းကို ပွားများကြလေသည်။ တံမြက်လှည်းခြင်း၊ သောက်ရေ သုံးရေသယ်ဆောင်ခြင်း၊ သစ်သီးသစ်မြစ် ရှာဖွေခြင်းတို့ဖြင့် ပါရမီဖြည့် ဆောင်ရွက်လေသည်။

ဒုကူလနှင့် ပါရိကတို့ သီတင်းသုံးရာ ကျောင်းသင်္ခမ်းသို့ သိကြားမင်းသည် လာရောက်ခစားရင်း ရသေ့နှစ်ပါး၏ အနာဂတ်ကို ကြည့်လိုက်ရာ ရသေ့နှစ်ပါးတို့သည် နောင်အခါမျက်စိအလင်းကွယ်မည်ဖြစ်ကြောင်း ကြိုတင်သိမြင်မိလေသည်။ ထိုအခါ ရသေ့နှစ်ပါးအတွက် အလုပ်အကျွေးပြုမည့် သားသမီးလိုအပ်နေသည်ကို ဆင်ခြင် မိလေသည်။ သိကြားမင်းက ဒုကူလအား ပါရိက၏ ချက်ကိုလက်ဖြင့် သုံးသပ်ပါရန် တောင်းပန်သဖြင့် ဒုကူလလည်း လိုက်နာဆောင်ရွက်ခဲ့သည်။ ထိုအခါ ရသေ့မပါရိကသည် သန္ဓေရှိပြီး သုဝဏ္ဏသာမအား ဖွားမြင်လေသည်။

တစ်နေ့သောအခါ မိခင်နှင့် ဖခင်တို့ သစ်သီးရှာဖွေသွားစဉ် မိုးကြီးရွာသွန်းလေသည်။ ဒုကူလနှင့် ပါရိကတို့သည် လမ်းခရီးရှိသစ်ပင်တစ်ပင်ရင်းအောက် တောင်ပို့ပေါ်တွင် မိုးခိုကြလေသည်။ ရသေ့နှစ်ပါးတို့၏ ကိုယ်မှချွေးများနှင့် မိုးရေစက်တို့သည် တောင်ပို့ခေါင်းတွင်းသို့ စီးဝင်လေသည်။ တောင်ပို့ခေါင်းတွင်းရှိ မြွေဟောက်သည် ဒေါသမာန်ထွက်သောကြောင့် မှုတ်ထုတ်လိုက်ရာ ရသေ့နှစ်ပါးတို့သည် အငွေ့သင့်၍ မျက်စိအလင်းကွယ်ကြရရှာသည်။

သုဝဏ္ဏသာမလည်း မိခင်နှင့် ဖခင်တို့အချိန်တန်လျက် ပြန်မရောက်သဖြင့် မိမိသတိပြုမှတ်သားထားသည့် ခရီးအတိုင်းလိုက်လာခဲ့သည်။ တောင်ပို့သို့ရောက်ရှိသည့်အခါ မိဘနှစ်ပါးမျက်စိကွယ်လျက် တွေ့ရှိရလေလျှင် စိုးရိမ်စိတ်ဖြင့် အပြေးသွားလေသည်။ ရသေ့နှစ်ပါးသည် သား၏အသံကိုကြားလျှင် အနီးသို့မလာရန် မိဘနှစ်ဦး၏ စကားအတိုင်း နွယ်ကြိုးကိုသာပေးစေသည်။ ထို့ကြောင့် သုဝဏ္ဏသာမသည် မိဘနှစ်ဦး၏ စကားအတိုင်း နွယ်ကြိုးကို ကမ်းပေးလေရာ မိဘနှစ်ပါးသည် နွယ်ကြိုးကိုကိုင်၍ သားထံချဉ်းကပ်လာကြသည်။ မိဘနှစ်ပါးတို့ မျက်စိ ကွယ်ရသည့်အကြောင်းရင်းကို သိရှိရလျှင် သုဝဏ္ဏသာမသည် ငိုလည်း ငိုသည်၊ ရယ်လည်း ရယ်မောလေသည်။ သုဝဏ္ဏသာမ ငိုခြင်းသည် မိဘနှစ်ပါးတို့ မျက်စိကွယ်ရခြင်းကို ဝမ်းနည်းငိုကြွေးခြင်းဖြစ်ပြီး ရယ်မောခြင်းမှာ မိဘနှစ်ပါးတို့အား မိမိကတစ်လှည့်ပြုစုလုပ်ကျွေးခွင့်ရရှိတော့ မည်ကို ဝမ်းမြောက်ကြည်နူးစိတ်ဖြစ်ပေါ်လာ၍ ရယ်မောခြင်း ဖြစ်ပေသည်။

သုဝဏ္ဏသာမသည် မိခင်နှင့်ဖခင်တို့အား တောင်ပို့မှ ကျောင်းသင်္ခမ်းသို့ပြန်လည်ပင့်ဆောင်လာခဲ့သည်။ ထိုနေ့မှစပြီး ရသေ့နှစ်ပါး၏ ဝတ်ကြီး ဝတ်ငယ်မှန်သမျှတို့ကို မညည်းမညူလုပ်ကိုင်ပြုစုလေသည်။ စားသောက်ရန် သစ်သီးများကို နေ့စဉ်ရှာဖွေသည်။ ထိုသို့သစ်သီးကို ရှာဖွေသွားသည့် အခါတွင် သမင်များခြံရံလျက် မိဂသမ္မတာမြစ်သို့သွားကာ သောက်ရေ ကိုလည်းခပ်လေ့ရှိပေသည်။ ကိန္နရာ ကိန္နရီတို့သည် ဘုရားလောင်းသုဝဏ္ဏသာမကို ခြံရံလျက် သစ်သီးကြီးငယ်တို့ကို ခူးယူကာ ဘုရားလောင်းအား ပေးလေ့ရှိသည်။ ဘုရားလောင်းသည် ရရှိလာသော သစ်သီးကြီးငယ်တို့ကို အမိအဖတို့အား ကျွေးမွေးသည်။ မိဘနှစ်ပါး စားသောက်ပြီးသောအခါ၌သာ ကျန်ရှိသော သစ်သီးတို့ကို စားသောက်လေ့ရှိပေသည်။

ထိုအချိန်ခါ၌ ပီဠိယက္ခမင်းသည် ဗာရာဏသီပြည်၌ မင်းပြုနေချိန်ဖြစ်ပေသည်။ ထိုပီဠိယက္ခမင်းသည် သမင်သားကို လွန်စွာတပ်မက်သည့် မင်းဖြစ်သည်။ ထို့ကြောင့် ပီဠိယက္ခမင်းသည် မယ်တော်အား တိုင်းပြည် ကို အပ်နှင်းခဲ့ပြီး လက်နက်ငါးပါးကိုစွဲကိုင်လျက် ဟိမဝန္တာတောသို့ဝင်ရောက်ကာ သမင်များကို ပစ်ခတ်စားသောက်နေလေသည်။ စားသောက်ပြီးတိုင်းလည်း မိဂသမ္မတာမြစ်သို့ ဆင်း၍ရေသောက်လေ့ရှိသည်။ ထိုနေ့တွင် မင်းကြီးသည် သမင်ခြေရာနောက်ကို လိုက်ရင်း သုဝဏ္ဏသာမ ရေခပ်ဆင်းရာ မိဂသမ္မတာမြစ်သို့ ရောက်ရှိလာလေသည်။ ပီဠိယက္ခမင်းသည် လေးတင်လျက် အဆိပ်လူးသော မြားကို ကိုင်၍ သစ်ခက်အုံမှ ချောင်းမြောင်းစောင့်ဆိုင်းနေလေသည်။

ဘုရားလောင်းသုဝဏ္ဏသာမသည် မိခင်ဖခင်တို့အတွက် သစ်သီးများကို ကျောင်းသင်္ခမ်း၌ထားခဲ့ပြီး မိခင်ဖခင်တို့ ရေချိုးနိုင်ရန်အတွက် သောက်ရေအိုးကိုယူ၍ သမင်အပေါင်းခြံရံလျက် သမင်နှစ်စီးတို့၏ ကျောကုန်းပေါ်၌ သောက်ရေအိုးတင်၍ မြစ်ဆိပ်သို့ဆင်းလေသည်။

ထိုသို့ ဘုရားလောင်းသုဝဏ္ဏသာမသည် သမင်များ ခြံရံလျက် ရေခပ်ဆင်းလာသည်ကို ပီဠိယက္ခမင်းမြင်လျှင် လွန်စွာအံ့သြနေသည်။

> **ဘုရားလောင်းသုဝဏ္ဏသာမသည် မြားထိမှန်သော်လည်း ရေအိုးကို လွှတ်မချဘဲ သဲများကို အသာအယာယက်၍ ရေအိုးကိုထားလေသည်။ ထိုသို့ရေအိုးကို ချထားပြီးသောအခါ အရပ်မျက်နှာကိုမှတ်ပြီး မယ်တော် ခမည်းတော်တို့ရှိရာအရပ်ကို ဦးခေါင်းပြုလျက် လှဲချလိုက်ပြီး မြား ဒဏ်ရာကို ပြင်းထန်စွာခံစားရလေသည်။**

## ပန်းတနော်မြို့နယ်တွင် ကျေးရွာကော်မတီများထံသို့ ရေပေးရေးလုပ်ငန်းများ လွှဲပြောင်း ပေးအပ်

ပန်းတနော် ဇွန် ၂၃

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပန်းတနော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၀- ၂၀၂၁ ခု ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သည့် ရေပေးရေးလုပ်ငန်းများအား ကျေးရွာကော်မတီများထံသို့ လုပ်ငန်းလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် မအူပင်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးမြင့်က တက်ရောက်လာကြသည့် ကျေးရွာကော်မတီဝင်များအား ရေပေးရေးလုပ်ငန်း လွှဲပြောင်းပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးအောင်က ဆွေးနွေးပြောကြားခဲ့သည်။ ထို့နောက် ကျေးရွာကော်မတီဝင်များထံသို့ ၂၀၂၀- ၂၀၂၁ ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(မူလ/မွမ်းမံ)ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးလက်ရေရရှိရေး လုပ်ငန်းများအား စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျေးရွာရေပေးရေးကော်မတီဝင်များကို Oper-ation and Mainteanance Procedure ရန်ပုံငွေကောက်ခံခြင်း၊ စုဆောင်းထိန်းသိမ်းခြင်း လုပ်ငန်းစဉ်များကို သင်ကြားပို့ချပေးသည်။

ပန်းတနော်မြို့နယ်တွင် မူလခွင့်ပြုငွေဖြင့် လက်ပန်ကုန်းကျေးရွာနှင့် သပြုချောင်းကျေးရွာတို့တွင် စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်းများကို ငွေကျပ် ၂၅ ဒသမ ၈၂ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး မွမ်းမံရန်ပုံငွေကျပ် ၂ ဒသမ ၄၈ သန်းဖြင့် ပျဉ်မချောင်းကျေးရွာတွင် အင်ဂျင်နှင့် အုတ်ရေကန် ပြုပြင်ခြင်း၊ ဆင်လမ်းကြီးကျေးရွာတွင် အုတ်ရေကန်ပြုလုပ်ခြင်း၊ မသဿမံကုန်းစုကျေးရွာတွင် ရေစက်ပြုပြင်ခြင်း၊ တာပါတ်ကလေးကျေးရွာတွင် ရေစုပ်ပန့်လဲလှယ်ခြင်းနှင့် အင်ဂျင်ပြုပြင်ခြင်း၊ ကြံတောစုကျေးရွာတွင် ရေစက်ရုံ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ ဆက်)

## နုမှာငါးရာ၊ ရင့်မှာတစ်ကျိပ်

ပါဠိစကား 'ဇာတက'ကို 'ဇာတ်' ဟူ၍ မြန်မာမှုပြုကြသည်။ 'ဇာတ်'၏ အနက်အဓိပ္ပာယ်မှာ 'အဖြစ်' 'ဘဝ'ဟူ၍ ဖြစ်သည်။ ဗုဒ္ဓဘုရားရှင်သည် ပါရမီဖြည့်စဉ်ကာလ မိမိ၏ အတိတ်ဘဝဇာတ်ကြောင်းများကို ပါဠိဂါထာများဖြင့် ဟောကြားခဲ့ရာ ဂါထာတစ်ရာကျော်မှ တစ်ထောင်ကျော်အထိ ဟောကြားခဲ့သော မဟာနိပါတ်ဟု ခေါ်သည့် ဇာတ်ကြီးဆယ်ဘွဲ့ရှိသည်။ ဇာတ်ကြီးဆယ်ဘွဲ့သည် ဗုဒ္ဓအလောင်းတော် ဘုရားဖြစ်ခါနီး ပါရမီရင့်ကျက်လာပြီဖြစ်သည့် နောက်ဆုံးဘဝများဖြစ်သည်။ ဗုဒ္ဓအလောင်းတော်ဖြည့်ကျင့်ခဲ့သည့် ပါရမီများကို ပြဆိုသော တေမိ၊ ဇနက၊ သုဝဏ္ဏသာမ၊ နေမိ၊ မဟောသဓ၊ ဘူရိဒတ်၊ စန္ဒကုမာရ၊ နာရဒ၊ ဝိဓူရ၊ ဝေဿန္တရာ ဇာတ်တော်ကြီးများကို 'တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စံ၊ နာ၊ ဝိ၊ ဝေ' ဟု မြန်မာတို့က အတိုမှတ်ကြသည်။

ဗုဒ္ဓကျမ်းစာများတွင် နိကာယ်ငါးရပ်ဝင် ခုဒ္ဒကနိကာယ်၌ ပါဝင်သည့် ဇာတ်ဝတ္ထုပေါင်း ၅၄၇ ဇာတ်ရှိရာ အလွယ်တကူအားဖြင့် ၅၅၀ ဇာတ်တော်များဟု ခေါ်ဝေါ်ကြခြင်း ဖြစ်သည်။ ဇာတ်တော်ကြီးဆယ်ဘွဲ့မှလွဲ၍ ကျန်ဇာတ်တော်များမှာ ပါရမီနုစဉ်က အကြောင်းအရာများဖြစ်ပြီး ပါဠိဂါထာ တစ်ဂါထာ၊ နှစ်ဂါထာတို့ဖြင့် ဟောကြားခဲ့ခြင်းဖြစ်သည်။ 'နုမှာငါးရာ၊ ရင့်မှာတစ်ကျိပ်' ဆိုသည်မှာ ဗုဒ္ဓအလောင်းတော်ပါရမီဖြည့်ကျင့်ခဲ့စဉ်က ဇာတ်ဝတ္ထုအကြောင်းများပင်ဖြစ်ပြီး မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့အတွေးအမြင်တို့တွင် တစ်သားတည်း ပျော်ဝင်နေသည့် ဩဇာကြီးမားသော စာပေများလည်းဖြစ်သည်။

ဇာတ်တော်ကြီးဆယ်ဘွဲ့နှင့် ငါးရာ့ငါးဆယ်ဇာတကဝတ္ထု အကျဉ်းချုပ်များကို ရှေးကရဟန်းပညာရှိ ဆရာတော်ကြီးများရေးသားတော်မူခဲ့သည့် မူရင်းစာအုပ်များကိုမှီငြမ်း၍ ဆရာမြတ်မင်းလှိုင်က ရေးသားခဲ့ပြီး လွန်ခဲ့သည့်နှစ် ၂၀ ကာလက နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်မှ အပတ်စဉ်ထုတ်ဝေသည့် Junior Leader စာစောင်တွင် ဖော်ပြခဲ့ဖူးရာ အဆိုပါ ဇာတ်ဝတ္ထုများအား အပတ်စဉ် လပြည့်၊ လကွယ်၊ ဥပုသ်စသည့် နေ့ရက်များတွင် ဖော်ပြသွားပါမည်ဟု စာဖတ်ပရိသတ်အား အစီရင်ခံအပ်ပါကြောင်း။ ။




လူလော၊ နတ်လော၊ နဂါးလော ဟူ၍ ဝေခွဲမရ သိရှိလိုစိတ် ပြင်းပြလျက်ရှိပေသည်။ ထို့ကြောင့် ဘုရားလောင်းအား မြားဖြင့်ပစ်၍အားနည်းအောင်ပြုလုပ်ပြီး မေးရန်ကြံစည်လေသည်။ ဘုရားလောင်းသည် ရေချိုးပြီး၍ လျှော်တေသကင်္န်း တစ်ထည်ကိုဝတ်ပြီး၊ တစ်ထည်ကို လက်ကတော့ စံပယ်တင်ဝတ်ရုံ၍ သောက်ရေအိုးကို လက်ဝဲပခုံးထက်၌ တင်ကာ ရေဆိပ်မှတက်လာသည်။ ပီဠိယက္ခမင်းသည် အဆိပ်လူးသော မြားဖြင့် ဘုရားလောင်း သုဝဏ္ဏသာမ၏ လက်ယာနံပါးကို ပစ်လေ၏။ မြားသည် လက်ယာနံပါးမှ ဝင်ပြီးလျှင် လက်ဝဲနံပါးမှ ထွက်သွားလေသည်။ သမင်အပေါင်းတို့သည် ကြောက်လန့်၍ ထွက်ပြေးကြလေသည်။

ဘုရားလောင်းသုဝဏ္ဏသာမသည် မြားထိမှန်သော်လည်း ရေအိုးကို လွှတ်မချဘဲ သဲများကို အသာအယာယက်၍ ရေအိုးကိုထားလေသည်။ ထိုသို့ရေအိုးကို ချထားပြီးသောအခါ အရပ်မျက်နှာကိုမှတ်ပြီး မယ်တော်ခမည်းတော်တို့ရှိရာအရပ်ကို ဦးခေါင်းပြုလျက် လှဲချလိုက်ပြီး မြားဒဏ်ရာကို ပြင်းထန်စွာခံစားရလေသည်။

ဘုရားလောင်းသုဝဏ္ဏသာမသည် ခံတွင်းမှ သွေးများကို ထွေးထုတ်ပြီးလျှင် "ဤဟိမဝန္တာအရပ်၌ ငါ၏ရန်သူလည်း မရှိ၊ မိခင်ဖခင်တို့၏ ရန်သူလည်းမရှိ၊ ငါ၏အသားသည် စားကောင်းခြင်းမရှိ၊ အရေတို့သည်လည်း အကျိုးမရှိပါဘဲလျက် အဘယ်ကြောင့် မြားဖြင့် ပစ်ခတ်သည်"ဟု မြည်တမ်းလေသည်။

ပီဠိယက္ခမင်းကြီးသည် သုဝဏ္ဏသာမ၏ မြည်တမ်းသံကိုကြားလျှင် "ဤယောကျ်ားသည်ကား အဆိပ်လူးမြားဖြင့် ပစ်သော်လည်း ငါ့ကို ဆဲရေးတိုင်းထွာခြင်းမပြု၊ ငါ၏နှလုံးကိုဆုပ်နယ်ဘိသကဲ့သို့ ချစ်ဖွယ်သောစကားကိုသာဆို၏။ ထိုယောကျ်ားထံသွားအံ့"ဟု ကြံလျက် ဘုရားလောင်းအနီးသို့ ချဉ်းကပ်၍ စကားဆိုလေသည်။

မိမိသည် ကာသိရာဇ်ပြည်သူတို့၏ နှလုံးပွားစေတတ်သော ပီဠိယက္ခမင်းဖြစ်ကြောင်း၊ သမင်သားကို စားလိုစိတ်ပြင်း၍ တိုင်းပြည်ကိုစွန့်ကာ သမင်ရှာထွက်လာခြင်းဖြစ်ကြောင်း၊ လေးအတတ်တွင် ကျွမ်းကျင်သောမင်းအဖြစ်လည်း ကျော်စောထင်ရှားလျက်ရှိကြောင်း၊ မိမိ၏မြားကျရာအရပ်သို့ လာသည့်ဆင်ပြောင်သည်ပင် မလွတ်နိုင်ကြောင်းစသည်ဖြင့် မိမိ၏အစွမ်းကို ပြောပြပြီးနောက် သုဝဏ္ဏသာမအား မည်သူမည်ဝါဖြစ်သည်ကို မေးမြန်းလေသည်။

သုဝဏ္ဏသာမလည်း မိမိသည်တံငါသည်သားဖြစ်ပြီး သုဝဏ္ဏသာမဟု အမိအဖတို့က ခေါ်ကြကြောင်း၊ မိမိ၏အသားအရေတို့မှာ အသုံးမဝင်ဘဲလျက် ဝေဒနာကြီးစွာရရှိအောင် အဘယ်ကြောင့်မြားဖြင့်ပစ်သနည်းဟုမေးလေသည်။ ပီဠိယက္ခမင်းကြီးသည် ဟုတ်တိုင်းမှန်ရာကို ပြောကြားခြင်းမရှိဘဲ၊ မိမိပစ်ရန်ကြံရွယ်သည့် သမင်သည် သုဝဏ္ဏသာမအား မြင်၍ထွက်ပြေးသည်ကို တွေ့ရ၍ အမျက်ထွက်ကာ ပစ်လိုက်ခြင်းဖြစ်ကြောင်း လိမ်လည်ပြောကြားလေသည်။ သုဝဏ္ဏသာမကမူ ဤဟိမဝန္တာတောအရပ်၌ မိမိကိုမြင်၍ထွက်ပြေးသော သားသမင်ဟူ၍မရှိ၊ အလွန်ကြောက်တတ်သော ကိန္နရာတို့သည်ပင် ဝမ်းမြောက်စွာအတူတကွ လိုက်ပါသွားလာနေသည်ဖြစ်၍ သမင်တို့သည် ကြောက်လန့်ရန် မရှိကြောင်း ပြန်ကြားပြောဆိုလေသည်။ မင်းကြီးလည်းလိမ်၍ ပြောရန်မသင့်တော့သည်ကိုတွေးမိ၍ အမျက်ဒေါသထွက်၍ ပစ်မိကြောင်း၊ သုဝဏ္ဏသာမသည် မည်သည့်အရပ်၌နေပြီး မည်သူကစေခိုင်း၍ ရေခပ်ရသည်ကို မေးမြန်းလေသည်။

သုဝဏ္ဏသာမသည် ပြင်းစွာသောဝေဒနာခံစားရင်း ကျယ်ဝန်းလှသော ဟိမဝန္တာတော၌ မွေးကျွေးခဲ့သော မျက်မမြင်မိဘနှစ်ပါးနှင့် အတူနေပြီး မိဘနှစ်ပါးအတွက် ရေလာခပ်ခြင်း ဖြစ်ကြောင်း၊ မိမိမရှိတော့လျှင် မျက်မမြင်မိဘနှစ်ပါးတို့သည် ဆင်းရဲဒုက္ခကြီးစွာ တွေ့ကြုံရတော့မည်ဖြစ်ကြောင်း၊ မိမိသည်မိဘနှစ်ပါးတို့အား မမြင်ရတော့မည့် ဆင်းရဲဒုက္ခသည် မြားမှန်သည့်ဆင်းရဲခြင်းထက် ပို၍ခံစားနေရကြောင်း၊ မိဘနှစ်ပါးမှာ အားကိုးရာမဲ့ပြီး တောထဲ၌လှည့်လည်၍ သွားလာနေကြရတော့မည်ဖြစ်ကြောင်း ငိုကြွေးမြည်တမ်းရှာလေသည်။

ပီဠိယက္ခမင်းကြီးသည် သုဝဏ္ဏသာမ၏ သူတော်ကောင်းစိတ်ထားမြင့်မြတ်သည်ကို သိရှိရလျှင် ကြီးစွာနောင်တရ၍ သုဝဏ္ဏသာမ၏ မိဘနှစ်ပါးအား သုဝဏ္ဏသာမ၏ ကိုယ်စားလုပ်ကျွေးလျှင် မိမိအပြစ်လွတ်တော့ပေမည်။ သုဝဏ္ဏသာမ သေသော်လည်း မသေသကဲ့သို့ ရှိတော့မည်ဟု ကြံ၍ သုဝဏ္ဏသာမ၏ မိဘနှစ်ပါးရှိရာအရပ်ကို မေးမြန်းလေသည်။ သုဝဏ္ဏသာမလည်း မင်းကြီး၏ စိတ်ထားကို အသိအမှတ်ပြုသာခုခေါ်ကာ မိဘနှစ်ပါးရှိရာအရပ်ကို ညွှန်ပြပြောဆိုပြီး မိမိလက်အုပ်ချီမိုး ရှိခိုးလိုက်ကြောင်းကိုလည်း ပြောကြားပေးပါဟု မင်းကြီးအား မှာကြားလိုက်လေသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ရွှေဘိုမြို့နယ်၌ ယခုနှစ် မိုးစပါးရာသီတွင် မိုးစပါး ဧက ၁၁၈၅၀၀ စိုက်ပျိုးသွားမည်

**ရွှေဘို ဇွန် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်၌ ယခုနှစ် မိုးစပါးရာသီတွင် မိုးစပါး ဧက ၁၁၈၅၀၀ လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယနေ့အထိ သဖန်းဆိပ်ဆည်တွင် ဆည်ရေ လက်ကျန် ဧကပေ ကိုးသိန်းရှိပြီး ရေလက်ကျန်အပေါ် မူတည်၍ မိုးစပါးစိုက်ပျိုးနိုင်ရေးအတွက် ယခုလ ပထမပတ်တွင် ကျင်းပသော စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနတို့ ပါဝင်သည့် ခရိုင်/မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ရွှေဘိုမြို့နယ်၌ ယခုနှစ် မိုးစပါးရာသီတွင် မိုးစပါးဧက ၁၁၈၅၀၀ ကို စိုက်ပျိုးသွားရန် လျာထားခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ဇာဇာမင်း၏ ပြောကြားချက်အရ သိရသည်။

မိုးစပါးစိုက်ပျိုးရန် ဆည်အလိုက် လျာထား စာရင်းမှာ သဖန်းဆိပ်ဆည်ရေသောက်ဧရိယာဖြစ်သော SMC တူးမြောင်းမှ ၇၅၆၇၆ ဧကနှင့် OMC တူးမြောင်းမှ ၇၃၃၃ ဧက၊ ကံဖြူရေဟန့်ဆည်မှ ၁၉ ဧက၊ ကြိုးကြာဆည်မှ ၆၆၄ ဧက၊ ကိုးပင်ဆည်မှ ၂၇၈ ဧက၊ အခြားဆည်များမှ ၂၇ ဧက၊ စက်ရေတင်မှ ၂၀၃၃ ဧက၊ မြေ အောက်ရေမှ ၇၂၂ ဧက၊ မိုးကောင်းသောက်မှ ၂၅၄၈ ဧက စုစုပေါင်း ဧက ၁၁၈၅၀၀ ဖြစ်ပြီး စပါးမျိုးအလိုက် စိုက်ဧကများအနေဖြင့် ရွှေဘိုပေါ်ဆန်းမွှေး ဧက ၇၅၃၀၀၊ ရေမင်း ဧက ၅၂၀၀၊ မနော်ဟရီ ၂၉၀၁၆ ဧက၊ ရွှေသွယ်ရင် ၈၉၆၄ ဧက လျာထားကြောင်းနှင့် ယခင်နှစ် က ၁၀၅၉၉၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခရိုင်
(ပြန်/ဆက်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# လူ့ဘောင်လောက သာယာလှပဖို့ မူးယစ်ဆေးဝါးကို ရှောင်ကြဉ်ကြပါစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

နှစ်စဉ် ဇွန်လ ၂၆ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ဖြစ်သည်။ ၂၀၂၁ ခုနှစ်အတွက်ဆောင်ပုဒ်သည် “Share Facts On Drugs, Save Lives”ဖြစ်ပြီး “မူးယစ်ဆေးဝါးကင်းစေဖို့ အသိပညာဖြန့်ဝေစို့”ဖြစ်ပါသည်။ အထူးသဖြင့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များကို မျှဝေခြင်းအားဖြင့် လူငယ်များ၏အသက်ကိုအချိန်မီ ကယ်တင်နိုင်မည်ဖြစ်သည်။

အမှန်တော့ ကုလသမဂ္ဂ အထွေထွေညီလာခံ၌ ၁၉၈၇ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ဆုံးဖြတ်ချက်အမှတ် ၄၂/၁၁၂ ကို ချမှတ်ခဲ့ပြီးနောက် ၁၉၈၈ ခုနှစ်မှစတင်၍ နှစ်စဉ် ဇွန် ၂၆ ရက်နေ့တွင် ကမ္ဘာတစ်ဝန်း၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားများ ကျင်းပခဲ့ကြသည်။ ထိုအခမ်းအနား ကျင်းပရခြင်းသည် ကမ္ဘာတစ်ဝန်း၌ မူးယစ်ဆေးဝါး အလွဲသုံးမှုပပျောက်ရေးအတွက် ရည်မှန်းချက်ထားဆောင်ရွက်ရာတွင် နိုင်ငံတကာအသိုက်အဝန်းက ပူးပေါင်းဆောင်ရွက်သွားမည်ဆိုသော သန္နိဋ္ဌာန်ကို ခိုင်မာစွာဆုံးဖြတ်ထားကြောင်း ဖော်ညွှန်းနေခြင်းပင် ဖြစ်သည်။

### ဘုံရန်သူ

မျက်မှောက်ခေတ်လူသားတို့သည် မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်၊ ရန်လိုသောနိုင်ငံများ၏ နျူကလီးယားလက်နက်များ၊ အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများနှင့် ကုသရန် ဆေးဝါးရှာမတွေ့သည့် ရောဂါအသစ်အဆန်းများ၊ ကိုဗစ်-၁၉ ကပ်ရောဂါစသည့် အန္တရာယ်ပေါင်းစုံနှင့် တွေ့ကြုံရင်ဆိုင်ရလျက်ရှိသည်။ ထိုအန္တရာယ်များထက် အဆိုးရွားဆုံးအရာသည် လူသားတစ်ရပ်လုံးကို လူညွှန့်တုံးစေနိုင်သည့် မူးယစ်ဆေးဝါးအန္တရာယ်ပင် ဖြစ်သည်။ ထို့ကြောင့် မူးယစ်ဆေးဝါးသည် လူ့ဘောင်လောကကို ခြိမ်းခြောက်လျက်ရှိသည့် ဘုံရန်သူပင်ဖြစ်သည်။ ထိုဘုံရန်သူကို ကာကွယ်နိုင်ရေးအတွက် တရားမဝင် ဘိန်းစိုက်ပျိုးနေမှုများ၊ စိတ်ကြွဆေးပြား ထုတ်လုပ်နေမှုများနှင့် ရောင်းဝယ်ဖောက်ကားနေမှုများကို အချိန်မီ ဖော်ထုတ်အရေးယူသွားရန် လိုအပ်သည်။

### ကိုလိုနီအမွေဆိုး

စင်စစ်အားဖြင့် မြန်မာလူမျိုးတို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်သည့်အားလျော်စွာ မြတ်စွာဘုရား ဟောကြားထားသည့် “မကောင်းမှုရှောင်၊ ကောင်းမှုဆောင်” တရားဒေသနာတော်များအတိုင်း လိုက်နာကျင့်ကြံနေထိုင်သည့် အလေ့အထကောင်းများ ရှိကြသည်။ ထို့ကြောင့် ရှေးယခင်က မြန်မာ့လူ့အဖွဲ့အစည်းတွင် မူယစ်ဆေးဝါးသုံးစွဲသူ မရှိသလောက်ပင် နည်းပါးခဲ့သည်။ သို့သော် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ဘိန်းစိုက်ပျိုးထုတ်လုပ်သုံးစွဲမှုသည် ကိုလိုနီနယ်ချဲ့တို့၏ ဆိုးမွေအဖြစ် အမြစ်တွယ်ကျန်နေခဲ့သည်။ ထိုအကျိုးဆက်အဖြစ် မြန်မာ၊ လာအိုနှင့် ထိုင်းနိုင်ငံတို့ ထိစပ်နေသော သုံးနိုင်ငံနယ်စပ် ရွှေတြိဂံဒေသသည် တစ်ချိန်က ဘိန်းစိုက်ပျိုးမှုနှင့် မူးယစ်ဆေးဝါးထုတ်လုပ်မှုတို့ကြောင့် နာမည်ဆိုးဖြင့် ကျော်ကြားခဲ့ရသည်။ သို့သော် ခေတ်အဆက်ဆက် အစိုးရအသီးသီး၏ ဘိန်းစိုက်ပျိုးမှုပပျောက်ရေးနှင့် မူးယစ်ဆေးဝါးထုတ်လုပ်မှု ကင်းစင်ပပျောက်ရေး မဟာဗျူဟာစီမံကိန်းများကြောင့် ထိုမကောင်းသတင်းကို ချေဖျက်နိုင်ခဲ့ပြီးဖြစ်သည်။

တစ်ချိန်က လူမှုရေးနှင့် ရာဇဝတ်မှုပြဿနာများအဖြစ် ရှုမြင်ခဲ့သော မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်ဖောက်ကားမှု လုပ်ငန်းသည် လူသားအားလုံး၏ ကျန်းမာရေးနှင့် လူမှုရေးတို့ကို သိသိသာသာ ခြိမ်းခြောက်စိန်ခေါ်လာလျက်ရှိသည်။ မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ရာဇဝတ်မှု ကျူးလွန်ရုံသာမက ကျန်းမာရေးပြဿနာတစ်ရပ်လည်း ဖြစ်သည်။ အဓိက ရာဇဝတ်မှုကျူးလွန်သူများသည် မူးယစ်ဆေးဝါး တရားမဝင် ရောင်းဝယ်ဖောက်ကားသူများဖြစ်ကြသည်။ မူးယစ်ဆေးဝါးသုံးစွဲသူ အရေအတွက်ကို လျှော့ချနိုင်မှသာလျှင် ဘိန်းစိုက်ပျိုးမှု၊ ထုတ်လုပ်မှုနှင့် တရားမဝင်ရောင်းဝယ်ဖောက်ကားမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်သည်။ ဝယ်လိုအားကို အဓိကထား၍ လျှော့ချသွားမည်ဆိုလျှင် ထုတ်လုပ်မှုကိုလည်း လျှော့ချနိုင်မည်ဖြစ်သည်။ ထို့အပြင် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် အစပြုဓာတုဆေးဝါးများ၏ အန္တရာယ်ကိုလည်း တိုက်ဖျက်သွားရန် အထူးလိုအပ်နေသည်။

### ပူးပေါင်းဆောင်ရွက်မှုများလိုအပ်

ထိုသို့ လျှော့ချနိုင်ရေးဆောင်ရွက်ရာတွင် လူထုအတွင်း မူးယစ်အန္တရာယ်ကို ပိုမိုသိရှိ ရှောင်ရှားနိုင်ရန်အတွက် အစိုးရများ၊ NGO အဖွဲ့အစည်းများ၊ မီဒီယာများ၏ ပူးပေါင်းဆောင်ရွက်မှုစွမ်းအားများ လိုအပ်ပါသည်။ ထို့ကြောင့် မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးအတွက် ကမ္ဘာတစ်ဝန်းတွင် မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားများကို အမျိုးသားရေးအသွင်ဖြင့် ကျင်းပနေကြသလို မြန်မာနိုင်ငံတွင်လည်း ကျင်းပလျက်ရှိသည်။ မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အစိုးရအဆက်ဆက်သည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိသောကြောင့် ကမ္ဘာ့နိုင်ငံများကပင် ထောက်ခံပံ့ပိုး ကူညီမှုများရှိနေသည်။ အောင်မြင်မှုများလည်း သိသာထင်ရှားစွာ ရရှိလျက်ရှိသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကြွဆေးများ တရားမဝင်ရောင်းဝယ်ဖောက်ကားခြင်းသည် ငွေကြေးလွယ်ကူစွာရရှိသည့်လုပ်ငန်း ဖြစ်နေသောကြောင့် ကမ္ဘာတစ်ဝန်းတွင် မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်မှုများ ဖြစ်ပွားနေဆဲပင်ဖြစ်ကာ မူးယစ်ဆေးဝါးအန္တရာယ်သည် လူသား အားလုံးကို ခြိမ်းခြောက်နေဆဲပင်ဖြစ်သည်။ ထိုမူးယစ်ဆေးဝါးအန္တရာယ်ကို တစ်နိုင်ငံတည်းစွမ်းအားဖြင့် ဖြေရှင်းမရနိုင်သဖြင့် ကမ္ဘာ့နိုင်ငံများအကြား အချင်းချင်း သတင်းဖလှယ် ချိတ်ဆက်ဆောင်ရွက်သွားရမည်ဖြစ်သည်။ သို့မှသာလျှင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားသူများကို အချိန်မီ ဖော်ထုတ်တားဆီး အရေးယူနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများအပြင် ကမ္ဘာ့နိုင်ငံများနှင့်ပါ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ၊ ဆက်စပ်ပစ္စည်းများ၊ ဓာတုပစ္စည်းများကိုလည်း နှစ်စဉ် မီးရှို့ဖျက်ဆီးလျက်ရှိသည်။ အထူးသဖြင့် လူသူအရောက်အပေါက်နည်းပါးသော ဝေးလံခေါင်းပါးသည့် နေရာများတွင် စိုက်ပျိုးထားသော ဘိန်းခင်းများကို တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဖျက်ဆီးလျက်ရှိသည်။ နယ်စပ်ဒေသများရှိ တိုင်းရင်းသားများအတွက် ဘိန်းအစားထိုး မျိုးစေ့များထုတ်ပေးခြင်းနှင့် အခြားအလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးလျက်ရှိသည်။ မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်မှုနှင့် သုံးစွဲမှုကျူးလွန်သူများအား ထိရောက်သည့် အရေးယူ ပြစ်ဒဏ်ပေးမှုများကိုပါ ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် သိသာသောအောင်မြင်မှုများ ရရှိနေပြီဖြစ်သည်။

### လူငယ်များ လမ်းမှားမရောက်စေရန်

မျက်မှောက်ခေတ်တွင် နည်းပညာတိုးတက်လာသည်နှင့်အမျှ လူငယ်ထုအတွင်း၌ မူးယစ်ဆေးဝါးသုံးစွဲနေမှုကို အသွင်အမျိုးမျိုးဖြင့် တွေ့ရှိလာရသည်။ မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် စီးပွားရေးနှင့် လူမှုရေး ထိခိုက်စေရုံသာမက ဂုဏ်သိက္ခာကိုပါ ညှိုးနွမ်းစေနိုင်ပါသည်။ ထို့ကြောင့် လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေး အထူးအလေးထား ဆောင်ရွက်သွားရန် လိုအပ်သည်။ လူငယ်သဘာဝ လက်တည့်စမ်းလိုသည့်သဘော ရှိကြသဖြင့် မိဘများသည် မိမိ၏ သားသမီးများကို လူပေါင်းမှားမိစေရန်အတွက် ဂရုစိုက် ကြပ်မတ်ထားသင့်ပေသည်။ မိဘများသည် သား၊ သမီးများ၊ အထူးသဖြင့် ဆယ်ကျော်သက်အရွယ် လူငယ်များ၏စကားကို အလေးထား နားထောင်ပြီး တတ်နိုင်သမျှ ညှိနှိုင်းဖြည့်ဆည်းပေးသင့်သည်။

အချို့သောလူငယ်များသည် မိဘများ၏ တင်းကျပ်သော စည်းကမ်းနှင့် ရေးရိုးဆန်သော ထိန်းချုပ်မှုများအပေါ် ကဏ္ဍကောစပြုလုပ်ရာမှ မမျှော်လင့်ဘဲ လမ်းမှားသို့ရောက်သွားတတ်ကြသည်။ အချို့သောလူငယ်များသည် အပေါင်းအသင်းမှားပြီး မူးယစ်ဆေးဝါးသုံးစွဲတတ်သွားကြသည်။ အညွှန့်တလူလူတက်နေသော လူငယ်များအတွက် များစွာနစ်နာရပါသည်။ မူးယစ်ဆေးဝါးသည် တစ်ခါသုံးစွဲရုံမျှဖြင့် စွဲလမ်းစေသဖြင့် မသုံးမိစေရန် အထူးရှောင်ရှားသင့်ပေသည်။ မိဘများသည် ရင်သွေးငယ်များ၏ ပြောဆိုပြုမူသည့်ပုံစံ ပုံမှန်မဟုတ်ဘဲ ခြေလှမ်းပျက်နေပါက ဆရာဝန်နှင့် ချက်ချင်း ဆွေးနွေးတိုင်ပင်သင့်သည်။ အထူးသဖြင့် မိဘများသည် စိတ်ဓာတ်နူးညံ့သော ကလေးငယ်များ၏ ရင်ဖွင့်သံစကားများကို အချိန်ပေး နားထောင်ပေးသင့်သည်။ သို့မှသာလျှင် လူငယ်များကျန်းမာကြံ့ခိုင်စွာဖြင့် ပညာသင်ယူနိုင်ရေးတွင် များစွာ အထောက်အကူဖြစ်စေမည်ဖြစ်သည်။

### အမျိုးသားရေးအသွင်ဖြင့် စည်းရုံးကျင်းပ

ဆိုရလျှင် မူးယစ်ဆေးဝါးသည် လူသားအားလုံးကိုခြိမ်းခြောက်နေသည့် ဘုံရန်သူပင်ဖြစ်သည်။ ထိုမူးယစ်ဆေးဝါးကို အမြစ်ပြတ်တိုက်ဖျက်ချေမှုန်းရန်အတွက် ကမ္ဘာ့နိုင်ငံများသည် နှစ်စဉ် ဇွန်လ ၂၆ ရက်တွင် မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးနေ့ကို ကျင်းပလျက်ရှိကြသည်။ မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အားလျော်စွာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ကို အမျိုးသားရေးအသွင်ဖြင့် စည်းရုံးကျင်းပလျက်ရှိသည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် ဥပဒေများ ပြဋ္ဌာန်းကာ မဟာဗျူဟာစီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်ပါ ချိတ်ဆက် ပေါင်းစပ် ဆောင်ရွက်လျက်ရှိသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအနေဖြင့်လည်း မူးယစ်ဆေးဝါး ဆန့်ကျင်တိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် တစ်တပ်တစ်အား ပါဝင်ထမ်းဆောင်လျက် လူ့ဘောင်လောကကြီးကို သာယာလှပအောင် တည်ဆောက်သွားနိုင်ကြပါစေ။ ။

**❖ မျက်မှောက်ခေတ်လူသားတို့သည် မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်၊ ရန်လိုသောနိုင်ငံများ၏ နျူကလီးယားလက်နက်များ၊ အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများနှင့် ကုသရန် ဆေးဝါးရှာမတွေ့သည့် ရောဂါအသစ်အဆန်းများ၊ ကိုဗစ်-၁၉ ကပ်ရောဂါစသည့် အန္တရာယ်ပေါင်းစုံနှင့် တွေ့ကြုံရင်ဆိုင်ရလျက်ရှိသည်။ ထိုအန္တရာယ်များထက် အဆိုးရွားဆုံးအရာသည် လူသားတစ်ရပ်လုံးကို လူညွှန့်တုံးစေနိုင်သည့် မူးယစ်ဆေးဝါးအန္တရာယ်ပင်ဖြစ်သည်။ ထို့ကြောင့် မူးယစ်ဆေးဝါးသည် လူ့ဘောင်လောကကို ခြိမ်းခြောက်လျက်ရှိသည့် ဘုံရန်သူပင်ဖြစ်သည်။**

# ရှမ်းပြည်နယ်တွင် ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းကို အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**တောင်ကြီး ဇွန် ၂၃**

(၃၄)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တွင် ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်း အခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇွန် ၂၁ ရက်က တောင်ကြီးမြို့ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက ဖမ်းဆီး/သိမ်းဆည်းရမိသည့် ထုထည်ပမာဏများစွာသော မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့များတွင် ဖျက်ဆီးသွားမည် ဖြစ်ကြောင်း၊ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ် တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်းတွင် ယခင်နှစ်များအတိုင်း ဇွန် ၂၆ ရက်တွင် မီးရှို့ဖျက်ဆီး မည်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်အတွင်း ရှမ်းပြည်နယ် (မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း) နှင့် ကယားပြည်နယ်တို့မှ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများကို စုစည်းပြီး တောင်ကြီးမြို့တွင် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါး ကာလတန်ဖိုးမှာ မြန်မာငွေကျပ် ၅၆၂ ဘီလီယံကျော် အမေရိကန်ဒေါ်လာ ၃၅၁ သန်းကျော်ဖြစ်ပါကြောင်း၊ ၂၀၂၁ခုနှစ် မေလ ၃၁ ရက်နေ့အထိ မူးယစ်ဆေးဝါးအမှုပေါင်း ၂၈၃၃ မှု၊ တရားခံ ၄၀၇၇၊ တန်ဖိုးငွေကျပ် ၃၈၀ ဒသမ ၇၁၂ ဘီလီယံကျော် ဖော်ထုတ် ဖမ်းဆီးနိုင်ခဲ့ပြီး တန်ဖိုးငွေကျပ် ၁၉၀ ဒသမ ၂၃၃၄ သန်းကို နိုင်ငံတော်ဘဏ္ဍာငွေဖြစ် သိမ်းဆည်းနိုင်ခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှဦးနှင့် အတွင်းရေးမှူး ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်တင်ကိုကိုတို့က ဆွေးနွေးတင်ပြသည်။ ထို့နောက် အမှတ် (၂) မူးယစ်တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး လင်းထွဋ်မြင့်က မီးရှို့ဖျက်ဆီးပွဲ အခမ်းအနား ပြင်ဆင် ဆောင်ရွက်ထားရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဆပ်ကော်မတီအလိုက် အသီးသီး ဆွေးနွေးတင်ပြကြကာ ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်စကား ပြောကြားကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဓာတ်ပုံပြပွဲကျင်းပ

**မြောင်းမြ ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အကြို ဓာတ်ပုံပြပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲ ပြသခြင်းများကို ယမန်နေ့က ပြုလုပ်သည်။

အခမ်းအနားတွင် မြောင်းမြခရိုင် ဦးစီးအရာရှိ ဒေါ်စန္ဒာကြည်က နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲ ကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ စာကြည့်တိုက်အသင်းဝင်လိုသည့် ကျောင်းသား ကျောင်းသူများအား စာကြည့်တိုက် ဆိုင်ရာ စည်းကမ်းချက်များ ရှင်းလင်းပြောကြားသည်။

ထို့ပြင် ပြည်သူများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ရုံးရှေ့မြေစိုက် နံရံကပ်ဘုတ်တွင် မူးယစ်ဆေးနှင့် စိတ်ကိုပြောင်းလဲစေနိုင်သော မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာ နံရံကပ်စာစောင်ကို ပြသထားရှိရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**






## အင်းစိန်မြို့နယ်၌ ပင်လယ်ငါးဖမ်း ရေလုပ်သားများအတွက် အခြေခံလုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း ဒုတိယအကြိမ်ဖွင့်လှစ်


**ရန်ကုန် ဇွန် ၂၃**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ရေလုပ်သားများ ပင်လယ်ပြင်တွင် ကြုံရမည့် အခက်အခဲများကို ဖြေရှင်းနိုင်စေရန်၊ သဘာဝဘေးနှင့်ပတ်သက်သည့် အကြောင်းအရာများကို ဖြေရှင်းနိုင်ရန်၊ လုပ်ငန်းခွင်အရည်အသွေး တိုးတက်လာစေရန် ရည်ရွယ်၍ ပင်လယ်ငါးဖမ်း ရေလုပ်သားများအတွက် အခြေခံလုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်း ဒုတိယအကြိမ် ဖွင့်လှစ်ခြင်းကို ဇွန် ၂၃ ရက်က ငါးလုပ်ငန်းအတတ်သင် သိပ္ပံ(ကြို့ကုန်း)တွင် ဖွင့်လှစ်သည်။ အဆိုပါ သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင်ထွဋ်နှင့် မြန်မာနိုင်ငံပင်လယ်ငါးဖမ်း လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးကျော်နိုင်တို့က အမှာစကားပြောကြားကြသည်။

သင်တန်းတွင် ရေလုပ်သား ၃၀ တက်ရောက်သင်ကြားမည်ဖြစ်ပြီး သင်တန်းကာလမှာဇွန် ၂၃ ရက်မှ ၂၅ ရက်အထိ သင်ကြားပေးမည်ဖြစ်ရာ သင်တန်းတွင် ပင်လယ်ငါးဖမ်း ရေလုပ်သားများအတွက် လုပ်ငန်းခွင်အတွင်း ထိခိုက်မှု မရှိစေရေး၊ လုပ်ငန်းခွင် ကျန်းမာရေးနှင့် အသက်အန္တရာယ် ကင်းရှင်းရေး၊ မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေဆိုင်ရာသိကောင်းစရာများ၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ ရှေးဦးပြုစုခြင်းနှင့် ရေကြောင်း ပညာပေးဆိုင်ရာ သိကောင်းစရာများ စသည်တို့ကို ကျွမ်းကျင်ပညာရှင်များက သင်ကြားပေးမည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

**မျိုးမင်းသိန်း (မရမ်းကုန်း)**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



မုစလိန္ဒအိုင်



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက် (၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၇၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည် ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** **၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည်** **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**
**အင်ဂျင်နီယာသင်တန်းသားများ**
**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၂၀-၄-၂၀၂၁** ရက်နေ့မှ စတင်၍ **၂၇-၆-၂၀၂၁** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့မှ ၃၀ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **ဇူလိုင်လ ၃ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်** ဖြစ်သည်၊

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည်အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ်(၁၂/၁)၊ ဦးပိုင်အမှတ် (၂၁၈/၄)၊ မြေဧရိယာ ၀ ဒသမ ၂၂၀ဧကရှိမြေကွက်ကို မူလက ဒေါ်အင်ခန်ခေါန်လုံအမည်ဖြင့် ၁၂-၁၀-၂၀၁၈ရက်ထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး၊ (၁၆-၈-၂၀၁၉)ရက်တွင် ဒေါ် အင်ခန်ခေါန်လုံထံမှ ဦးတူးဂျာက နှစ်ဦးသဘောတူအရောင်းအ၀ယ်ကတိစာချုပ်ဖြင့် ၀ယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဦးတူးဂျာ ၁/၀မန(နိုင်)၀၃၈၃၅၂ အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း အသစ်ရရှိရေးအတွက် ၆-၅-၂၀၂၁ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်(၅၇/၂၀၂၁)ကို (၁၁-၅-၂၀၂၁)ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၉၁/၂၀၂၁)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန် အမည်ပြောင်း အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ်(၁၁/၂)၊ ဦးပိုင်အမှတ် (၂၀၂အေ)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိမြေကွက်ကို မူလက ဒေါ်ကူးလ်ဒစ်ကော်အမည်ဖြင့် ၂၂-၄-၂၀၁၇ရက်ထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး၊ ၃၀-၁၁-၂၀၁၂ရက်တွင် ဒေါ်ကူးလ်ဒစ်ကော်ထံမှ ဦးတူးဂျာက နှစ်ဦးသဘောတူအရောင်းအ၀ယ်စာချုပ်ဖြင့် ၀ယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဦးတူးဂျာ ၁/၀မန(နိုင်)၀၃၈၃၅၂ အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း အသစ်ရရှိရေးအတွက် ၆-၅-၂၀၂၁ ရက်စွဲပါကျမ်းကျိန်လွှာအမှတ်(၅၈/၂၀၂၁)ကို (၁၁-၅-၂၀၂၁) ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၉၀/၂၀၂၁)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားခြင်း နှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့် အညီ မြေငှားဂရန်အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၆က/၁က)၊ ဦးပိုင်အမှတ်(၂၃)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အား မူလက ဦးဟာရီနာရာယန်းအမည်ဖြင့် ၂-၂-၂၀၁၅ရက် ထိ (၁၀)နှစ်ဂရန်ရရှိခဲ့ပါသည်။ဒေါ်လုအောင် (ဦးဟာရီနာယန်း၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ) မှ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၏ ၁၇-၈-၂၀၂၀ ရက်စွဲပါ စာချုပ်စာတမ်း မှတ်ပုံတင်အမှတ်(၂၆၀/၂၀၂၀)ဖြင့် ဦးယိန်းဇုန်းထံသို့ တရားဝင်ရောင်းချခဲ့ပါသည်။ ယခုအခါ လက်ဝယ်ပိုင်ဆိုင်သူ ဦးယိန်းဇုန်း ၁/မကန(နိုင်)၂၃၀၃၉၀ အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက် ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ပတ်စ်ပို့ပျောက်

ကျွန်မ မအေးသီရိလင်း ၅/ကဘန(နိုင်)၁၂၈၉၅၇ ၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၃၂၀၇၁၁**

## ပတ်စ်ပို့ပျောက်

ကျွန်မ မဇင်မာခိုင် ၈/တတက(နိုင်)၁၄၀၆၀၂ ၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၉၈၂၃၄၅၈**

## ပတ်စ်ပို့ပျောက်

ကျွန်မ မသန်းမြင့်ဌေး ၈/တတက(နိုင်)၁၇၈၉၇၆ ၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၃၃၄၅၈၇၆**

## ပတ်စ်ပို့ပျောက်

ကျွန်မ မမေဖြိုးခေတ် ၁/မကန(နိုင်)၁၉၆၂၁၃ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**မမေဖြိုးခေတ်**
**ဖုန်း-၀၉-၇၇၇၀၉၁၃၆၃**

## ဖခင်အမည်မှန်

ပေါက်တောမြို့၊ သဝင်ချောင်းကျေးရွာ၊ အထက (သဝင်ချောင်း) Grade-10(A)မှာ မစန္ဒာ၏ ဖခင်အမည်မှန်မှာ ဦးထွန်းအောင်ကျော် ၁၁/ပတန(နိုင်)၀၀၄၁၀၁ ဖြစ်ပါကြောင်း။

**ဦးထွန်းအောင်ကျော်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3J/8728 အမည်ပေါက်သူ ဒေါ်မာဦး ၇/ပခန(နိုင်)၂၂၈၆၇၆ က (ကမ-၃)ပျောက်ဆုံးမိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 3I/6264 HYUNDAI ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းဝင်း ၁၂/မဘန(နိုင်)၀၄၂၇၀၁ က (ကမ-၃) ပျောက်မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရွှေပြည်သာရပ်ကွက်၊ ကွင်းအမှတ်(၇၄/၁)၊ ဦးပိုင်အမှတ် (၁၀၂၉)၊ မြေဧရိယာ ၀ ဒသမ ၂၃၀ဧကရှိ မြေကွက်ကို မြို့မြေနေရာထားရေးကော်မတီ၏ ၁၅-၂-၂၀၁၁ရက်စွဲပါစာအမှတ် ၁/၁-၁/မြို့မြေနေရာချထားရေးဖြင့် ဦးကျော်မြင့်အမည်ဖြင့် ယာယီလိုင်စင်မြေပေးမိန့်ရရှိခဲ့ပြီး ၁၅-၇-၂၀၁၅ရက်တွင် ဦးကျော်မြင့်ထံမှ ဒေါ်လင်းလင်းခိုင်က နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဒေါ်လင်းလင်းခိုင် ၁/ကမန(နိုင်)၀၅၁၅၆၈အမည်ဖြင့် မြေငှားဂရန်အသစ်ရရှိရေးအတွက် ၁၈-၃-၂၀၂၁ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်(၆၈/၂၀၂၁)ကို ၂၂-၃-၂၀၂၁ ရက်စွဲပါ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ်(၆၁/၂၀၂၁)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၁-၂)၊ ဦးပိုင်အမှတ်(၃၀)၊ မြေဧရိယာ ၀ ဒသမ ၁၈၄ဧကရှိ မြေကွက်အား မူလကဒုရဲမှူးကြီးဝင်းမြိုင် အမည်ဖြင့် ၃၀-၆-၂၀၂၀ရက်ထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး ၅-၇-၁၉၉၅ရက်တွင် ဒုရဲမှူးကြီးဝင်းမြိုင်(ခ)ရဲမှူးကြီးဝင်းမြိုင်ထံမှ ဦးသန်းထွန်းကလည်းကောင်း၊ ၆-၈-၁၉၉၅ ရက်တွင် ဦးသန်းထွန်းထံမှ ဒေါ်မော်မော်လွင်ကလည်းကောင်း၊ နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး ဒေါ်မော်မော်လွင် ၁/မကန(နိုင်)၀၂၅၆၆၉အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း၊ အသစ်ရရှိရေး အတွက် ၁၁-၁၂-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်(၁၃၅၄/၂၀၂၀)ကို ၁၄-၁၂-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၇၆၂/၂၀၂၀)အဖြစ် ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်းအသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း

စစ်ကိုင်းမြို့၊ မြို့သစ်ရပ်၊ နယ်မြေ(၆)နေ ဦးမြင့်ထူး ၅/စကန(နိုင်)၁၄၇၀၆၂၏ ဇနီးဖြစ်သူ ဒေါ်မာလာဦး ၅/စကန(နိုင်)၂၀၁၉၁၄သည် ခင်ပွန်းဖြစ်သူ ဦးမြင့်ထူးအပေါ်တွင် ဂုဏ်သိက္ခာကျဆင်းအောင် အမျိုးမျိုးပြုမူပြောဆို နှောင့်ယှက်ခြင်း၊ ခွင့်မလွှတ်နိုင်သော ကိစ္စများကို ပြုမူသွားပါသဖြင့် ကြေညာသည့်ရက်မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း။

နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**
**ဦးမြင့်ထူး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5K/6368 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်။**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် (MGY/11010)၊ Honda-100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးသဇင် ၈/တတက(နိုင်)၀၀၀၅၅၂ က (ကမ-၃)ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

## အိတ်ဖွင့်တင်ဒါအမှတ်စဉ်-၂/၂၀၂၁ခေါ်ယူခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းမှ အောက်ပါသတ္တုပစ္စည်းများကို အမေရိကန်ဒေါ်လာဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါသည်-

(က) Smelter Slag (၃၀၀၀၀၀)မက်ထရစ်တန်

| | | |
|---|---|---|
| (1)Lotလျှင် (၅၀၀၀၀)တန်စီဖြင့် | (5)Lot | နမ္မတူသတ္တုတွင်း၊ နမ္မတူမြို့ |
| (1)Lotလျှင်(၁၀၀၀၀)တန်စီဖြင့် | (5)Lot | နမ္မတူသတ္တုတွင်း၊ နမ္မတူမြို့ |

(ခ) Mill Tailing (၁၄၀၀၀)မက်ထရစ်တန်

| | | |
|---|---|---|
| (1)Lot လျှင် (၇၀၀၀) တန်စီဖြင့် | (2)Lot | နမ္မတူသတ္တုတွင်း၊ နမ္မတူမြို့ |

(ဂ) ခဲသတ္တုရောရာသတ္တုပစ္စည်း ၆၉.၀၀တန် လှိုင်လင်မြို့

(ဃ) ခနောက်စိမ်းရောရာသတ္တုပစ္စည်း ၂၀.၀၀တန် ဟဲဟိုးရုံးခွဲ

၂။ တင်ဒါပိတ်ရက်မှာ ၂၀၂၁ခုနှစ်၊ ဇူလိုင် ၂၆ရက် ၁၄:၀၀နာရီဖြစ်ပါသည်။

၃။ တင်ဒါပုံစံများနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို နေပြည်တော်၊ ရုံးအမှတ်(၁၉)၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ ဝယ်ယူရေးနှင့် ထောက်ပံ့ရေးဌာနခွဲ ဖုန်း-၀၆၇-၃၄၀၉၁၆၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**အမှတ်(၁)သတ္တုတွင်းလုပ်ငန်း**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

### (တရားမကျင့်ထုံး ကိုဒ်ဥပဒေ အမိန့်-၅၊ နည်းဥပဒေ -၂၀)

### ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်

### ၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ်-(၁၈)

ဦးစည်သူအောင် နှင့် ဦးစိုးမြင့်
(၎င်း၏ကိုယ်စားအခွင့်ရ
ကိုယ်စားလှယ် ဦးဇော်မင်း)
တရားလို တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ ရတနာသုခ(၁)လမ်း၊ အမှတ်(၁၃၆)နေ ဦးစိုးမြင့်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု"လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၁ခုနှစ် ဇူလိုင် ၆ ရက် (၁၃၈၃ခုနှစ် နယုန် လပြည့်ကျော် ၁၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ပါတရားလို၏အဆိုလွှာကိုထုချေရှင်းလင်းရန်၊ ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလုပ်လိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် ဇွန် ၂၂ရက် တွင် ဤရုံးတံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်ဝဏ္ဏ)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာချက်

ဆောက်လုပ်ရေးဝန်ကြီး၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးသောင်းကြည် (ISN-277724) အမည်ပေါက်သည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မြေတိုင်းရပ်ကွက်မှတ်(၅၁)၊ မြေကွက်အမှတ်(၁၁၇၈/ခ) အကျယ်အဝန်း(၂၀x၆၀)ပေရှိ ပါမစ်မြေအမျိုးအစားမြေကွက်၏ ခြေရင်းဘက်အခြမ်း (၁၀x၆၀)ပေရှိ ပါမစ်မိတ္တူခြမ်း မြေကွက်နှင့်ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်နှင်းကြည်(CG-038871)က မိမိမှာအမည်ပေါက် ဦးသောင်းကြည်(ကွယ်လွန်)၏ ဇနီးဖြစ်ပြီး၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေများအရ တရားဝင်ပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်ရန် သဘောတူသဖြင့် ရောင်းချသည့်ပစ္စည်း၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ဤသတင်းစာကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ရောင်းဝယ်မှုကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရန်ပိုင်စိုး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၉၁)**
**ရုံးခန်း-အမှတ်(၁၃၇၇)၊ အခန်း(B)၊ ဘုရင့်နောင်လမ်း၊**
**(၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၂၆၂၉၄၉၉၇၅**

## ကန့်ကွက်နိုင်ပါကြောင်း

သိန္နီမြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(၈)၊ ကောင်းထိုလင်ရပ်၊ ဦးပိုင်အမှတ်(၅၆)၊ မြေချိန်ဧရိယာ ၀ ဒသမ ၁၃၂ ဧကရှိ ဦးထမ်ရင်ချန်း ၁၃/ကခန(နိုင်)၀၂၇၇၃၆ အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုပါက ရက်ပေါင်း(၂၀)အတွင်း သိန္နီမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အထောက်အထားစုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**သိန္နီမြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ အကွက်အမှတ်(RA-V/ကွက်ပြင်-၅)၊ ဦးပိုင်အမှတ်(၁၉/၆+၁၉/၃)၊ မြေဧရိယာ ၀ ဒသမ ၁၆၆ ဧကရှိ မြေကွက်အား မြေငှားဂရန် ဦးပိုင်(၂)ခုပေါင်း၊ သက်တမ်းတိုးလျှောက်ထားနိုင်ရေး ဒေါ်သီတာစိုး ၉/ပဥလ(နိုင်)၀၀၀၃၉၈ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်(ရ-၂/ပဒေသာရပ်)၊ ဦးပိုင်အမှတ်(၁၂၂)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်နှင့် ဦးပိုင်အမှတ် (၁၂၃)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်တို့အား မြေငှားဂရန်(ဂရန်သစ်) လျှောက်ထားနိုင်ရေး ဦးသိန်းဌေး ၁၂/မဘန(နိုင်)၀၀၂၀၂၄ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## သစ်တောဦးစီးဌာန

## အဆောက်အအုံများ ပြန်လည်ပြင်ဆင်မွမ်းမံရန် တင်ဒါခေါ်ယူခြင်း

## တင်ဒါအမှတ်(၁၈/၂၀၂၀-၂၀၂၁)

၁။ သစ်တောဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ သစ်တောသုတေသနဌာနတွင် ဆောင်ရွက်မည့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Renovation of Forest Protection Building-Office (140'x29'x13') (၁)လုံး
သစ်တောကာကွယ်ရေးရုံးအဆောက်အအုံပြန်လည်ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်း

(ခ) Renovation of Forest Protection Building-Laboratory (140'x24'x13') (၁)လုံး
သစ်တောကာကွယ်ရေးအဆောက်အအုံနှင့်ဓာတ်ခွဲခန်းပြန်လည်ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း ပေးသွင်းရန်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာယူရန်** - ၂၄-၆-၂၀၂၁ရက်မှ ၇-၇-၂၀၂၁ရက်အထိ

(ခ) **တင်ဒါတင်သွင်းရန်** - ၈-၇-၂၀၂၁ရက် (၁၆:၀၀)နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို တစ်စောင်လျှင် ၅၀၀၀ိ/-နှုန်းဖြင့် အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**သစ်တောဦးစီးဌာန**
**ရုံးအမှတ်(၃၉)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၀၅၀၀၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ညောင်ပင်ရိပ်၊ မြေကွက်အမှတ်(၁၄၀)၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဦးလှမောင် အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ခင်စိန်ကြည် (ဘ) ဦးသိန်းမောင် ၁၂/အစန(နိုင်)၀၄၆၂၂၉ မှ မြေပေးမိန့်၊ နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်၊ စည်ပင်သာယာတရားရုံးကျမ်းကျိန်လွှာအမှတ် (၇၃၈/၂၀၂၁) နှစ်ဦးသဘောတူကတိဝန်ခံချက် လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်သစ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ၁။ ဦးကျော်ကျော် ၆/မအရ(နိုင်)၀၀၀၈၁၈၊ ၂။ ဒေါ်မြမြအေး ၁၂/လမတ(နိုင်)၀၁၀၉၉၁ အမည်ပေါက်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မြေကွက်အမှတ်(၄၉၃)၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း အထက်အမည်ပါအမည်ပေါက်ပိုင်ရှင်များက ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်ရန် သဘောတူသဖြင့် ရောင်းချသည့်ပစ္စည်း၏ တန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ဤသတင်းစာကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင့်စန္ဒီအောင်**
**အထက်တန်းရှေ့နေ(စဉ်-၃၁၁၄၆)**
**အမှတ်(၃၇၉)၊ သစ္စာ(၉)လမ်း၊ (၃၉/A)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၇၉၅၆၈၂၉၅၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၄)ရပ်ကွက်၊ အမှတ်(၂၉၃)မြေကွက်အား ဦးဇာနည်အောင် ၉/မထလ(နိုင်)၀၂၁၃၉၈ ထံမှ ဦးဇေယျာသိန်း ၇/ပတန(နိုင်)၁၅၃၅၆၄ မှ ၂၂-၆-၂၀၂၁ ရက်တွင် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။သို့ပါ၍ ကန့်ကွက်မည့်သူရှိပါက စာရွက်စာတမ်းအပြည့်အစုံဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဦးဇေယျာသိန်း**
**၇/ပတန(နိုင်)၁၅၃၅၆၄**
**အမှတ်(၆၇၃)၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်။**
**ဖုန်း-၄၅၃၈၈၆၄၈၂**

## အမည်မှန်

ပျဉ်းမနားမြို့၊ တပ်မတော်(လခွဲ) Grade(2)တွင် ပညာသင်ကြားနေသော (ဘ)ဦးရဲမာန်အောင်၏သမီး မမိုးကေရီ၏ အမည်မှန်မှာ မမိုးကေရီထက်ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ အကွက်အမှတ်(၂/ဟော်ကုန်း)၊ ဦးပိုင်အမှတ်(၅-က)၊ မြေဧရိယာ ၀ ဒသမ ၂၈၃ ဧကရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်စုနှင်းခိုင် ၁/မကတ(နိုင်)၁၂၀၀၄၅ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ အကွက်အမှတ်(၂/ဟော်ကုန်း)၊ ဦးပိုင်အမှတ်(၅-ခ)၊ မြေဧရိယာ ၀ ဒသမ ၁၅၂ ဧကရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်မိုးနှင်းခိုင် ၉/ပဥလ(နိုင်)၀၁၇၆၀၅ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## COVID - 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၆၈၀ တွေ့ရှိ

### COVID-19 ရောဂါဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၃၂၆၉ ဦးရှိ

(၂၃-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၂-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၃-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၅,၀၃၆)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၆၈၀) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၆၈၉,၇၉၂) ခု အား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၉,၉၂၇) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၀၀) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၄,၀၉၃) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၃,၂၆၉) ဦး ရှိပါသည်။

*စာမျက်နှာ ၁၅ ကော်လံ ၁* ◆



ချက်အသင်းဘက်သို့ အင်္ဂလန်ကစားသမား စတားလင်း ဂိုးသွင်းယူနေမှုကို တွေ့ရစဉ်။

## ယူရိုပြိုင်ပွဲ ရှုံးထွက်အဆင့်သို့ နာမည်ကြီး အင်္ဂလန်နှင့် ခရိုအေးရှားအသင်းတို့ တက်ရောက်နိုင်ခဲ့

ယူရို ၂၀၂၀ ချန်ပီယံရှစ်ပြိုင်ပွဲ ပွဲစဉ် (၃) အဖြစ် အုပ်စု (D) မှ ခရိုအေးရှားနှင့် ဆွစ်ဇာလန်၊ ချက်နှင့် အင်္ဂလန်အသင်းတို့ပွဲစဉ်ကို ဇွန် ၂၃ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ခရိုအေးရှားနှင့် အင်္ဂလန်အသင်းတို့ အနိုင်ရရှိခဲ့သည်။

ခရိုအေးရှားနှင့် ဆွစ်ဇာလန်အသင်းတို့ပွဲစဉ်တွင် ခရိုအေးရှားအသင်းက ဗလာဆစ်၊ မိုဒရစ်၊ ပါရီဆစ်တို့၏ သွင်းဂိုးများနှင့်အတူ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောကြောင့် ချက်အသင်းနှင့် ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် *စာမျက်နှာ ၁၈ ကော်လံ ၅* ❑

## အာဆီယံဘောလုံးအဖွဲ့ချုပ်က ယခုနှစ်အတွင်း ကျင်းပမည့် ပြိုင်ပွဲအများစု ကျင်းပနိုင်ရန် မသေချာသေး

**ရန်ကုန် ဇွန် ၂၃**

အာဆီယံဘောလုံးအဖွဲ့ချုပ်က ယခုနှစ်အတွင်း ကျင်းပရန် စီစဉ်ထားသည့် အာဆီယံအဆင့်ပြိုင်ပွဲအများစုမှာ ကျင်းပနိုင်ရန် မသေချာသေးဘဲ ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေကြောင့် ကျင်းပနိုင်ခြင်း ရှိ မရှိ အတည်ပြုမည်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်တွင်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အာဆီယံအဆင့်ပြိုင်ပွဲအားလုံး ဖျက်သိမ်းခဲ့ရပြီး ယခုနှစ်တွင်လည်း ကျင်းပနိုင်ရန် မသေချာသေးသည့်အနေအထားနှင့် ထပ်မံရင်ဆိုင်နေရခြင်း ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်တွင် အမျိုးသားဘောလုံးပြိုင်ပွဲသုံးခု၊ အမျိုးသမီးပြိုင်ပွဲ သုံးခု၊ ဖူဆယ်ပြိုင်ပွဲနှစ်ခုနှင့် သဲသောင်ပြင်ဘောလုံးပြိုင်ပွဲတစ်ခုဖြင့် ပြိုင်ပွဲစုစုပေါင်း ကိုးခုအထိ ကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်အတွင်း ကျင်းပရန် စီစဉ်ထားသည့် *စာမျက်နှာ ၁၁ ကော်လံ ၃* ❄



## တိုကျိုအိုလံပစ်ပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်နေ

**ရန်ကုန် ဇွန် ၂၃**

၂၀၂၀ တိုကျိုအိုလံပစ်ပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်လျက်ရှိပြီး နိုင်ငံတကာအိုလံပစ်ကော်မတီ၏ အကြောင်းပြန်မှုအပေါ်မူတည်၍ ယှဉ်ပြိုင်ခွင့်ရမည့် အားကစားနည်းများ အတည်ပြုမည်ဖြစ်သည်။

တိုကျိုအိုလံပစ်ပြိုင်ပွဲကို ဇူလိုင် ၂၃ ရက်မှ ဩဂုတ် ၈ ရက်အထိ ပြန်လည်ကျင်းပမည်ဖြစ်ပြီး ကပ်ရောဂါကာလအတွင်း ကျင်းပမည်ဖြစ်သောကြောင့် ရောဂါကူးစက်မှုမရှိစေရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၀ တိုကျိုအိုလံပစ်ပြိုင်ပွဲကို ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ယခုနှစ်သို့ ရွှေ့ဆိုင်းထားခြင်းဖြစ်ပြီး အားကစားနည်း ၃၃ မျိုး ထည့်သွင်းကျင်းပမည် ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အိုလံပစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အားကစားနည်း ကိုးမျိုး၌ လျှောက်ထားပြီး ကြက်တောင်အားကစားမယ် သက်ထားသူဇာသာ လက်ရည်စစ်ပွဲအောင်မြင်ကာ ယှဉ်ပြိုင်ခွင့်ရပါက ကျန်အားကစားနည်း ရှစ်မျိုးအတွက်သာ အကြောင်းပြန်မှု စောင့်ကြည့်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံက ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရန် လျှောက်ထားသည့် အားကစားနည်းများအနက် မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာမှာ လက်ရည်စစ်ပွဲအောင်မြင်ရန် သေချာသလောက်ရှိနေပြီး ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်က သက်ဆိုင်ရာအိုလံပစ်ကော်မတီထံ အတည်ပြုပေးပို့ရန်သာ ကျန်ရှိတော့သည်။ သက်ထားသူဇာသည် ဇွန် ၁၅ ရက်က နောက်ဆုံးထုတ်ပြန်ထားသည့် အဆင့်သတ်မှတ်ချက်တွင် *စာမျက်နှာ ၁၁ ကော်လံ ၁* ●

**မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာ အောင်မိုးညို၊ မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌဟောင်း ဦးတာ၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဟောင်း ဦးမြင့်ဇော်၊ လူမှုရေးဝန်ကြီးဟောင်း ဒေါက်တာခင်မောင်အေး၊ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဟောင်း ဦးတင်နွယ်ဦး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဟောင်း ဦးနိုင်ငံလင်း တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ**

စာ ၁၆

**အာရှနိုင်ငံများ၌ ကိုဗစ်-၁၉ ရောဂါ ဆက်လက်ကူးစက်ဖြစ်ပွား**

နိုင်ငံတကာသတင်း စာ ၁၄





**ညောင်လေးပင်မြို့နယ်၌ အကြမ်းဖက်သူများက ကျေးရွာအုပ်ချုပ်ရေး တာဝန်ရှိသူ သုံးဦးနှင့် ပြည်သူတစ်ဦးကို ဖမ်းဆီးပြီး အုပ်ချုပ်ရေးတာဝန်ရှိသူ တစ်ဦးကို ရက်စက်စွာ သတ်ဖြတ်ခဲ့**

စာ ၁၇